www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၅၅၆၁၀၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၆၆၇၁၂၀၉ |
| အုပ်ဒိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့် ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးအုန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ် ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

သင်မြတ်နိုး

ချစ်တာအပြစ်လား/ သင်မြတ်နိုး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၀

၂၈၆ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ချစ်တာအပြစ်လား


# အခန်း [၁]

"ရဲရင့်"

"ဘာလဲဟ"

"ငါ မလှဘူးလားဟင်"

"အောင်မယ်... နင့်ကို ဘယ်သူက မြှောက်ပေးလိုက်လို့ ငါ့ကိုလာမေးနေတာလဲ၊ နင့်ရုပ်လား လှတဲ့ရုပ်"

"ဘာ"

ဂရုမစိုက်သလို အထင်မကြီးသလို ပြောလိုက်သော ရဲရင့်စကားကြောင့် မေ့မရ မျက်နှာလေး ရဲတွတ်သွားသည်။

"နစ်စကားပြောတာ ကြည့်ပြော ရဲရင့်၊ နင် မလှဘူးလို့ ပြောပေမယ့် ငါ့ကို လှတယ်လို့ပြောတဲ့လူတွေ ငါ့အနားမှာ တစ်ပုံကြီး၊ ငါ့ကို ကြိုက်မယ့်သူတွေလည်း အများကြီး"

"အဲဒါ ဘာဖြစ်လဲ"

www.burmeseclassic.com



"နင်သိအောင်ပြောတာ၊ နင်မသိမှာစိုးလို့"

"သိတယ်...သိတယ်၊ နင့်အနားမှာ အသားမဲမဲ ရုပ်ဆိုးဆိုး၊ ဗိုက်ရွဲရွဲနဲ့ ပုံမလာယန်းမလာတွေ ဝိုင်းဝိုင်းလည်နေတာ သိတယ်၊ အဲဒါတွေကို နင်ပဲချစ်၊ နင်ပဲကြိုက်၊ ဟင်း မိန်းကလေးတဲ့ဗျာ၊ ဣန္ဒြေသိက္ခာကို နည်းနည်းမှ မရှိဘူး"

ရဲရင့်ကိုယ်တိုင်လည်း မေ့မရဆိုတဲ့ ကောင်မလေးကို တစ်စက်ကလေးမှ ကြည့်လို့မရ။ တစ်နေ့တစ်နေ့ လှဖို့ပဖို့လောက်သာ စဉ်းစားနေတဲ့ မေ့မရ။ သည်ဘုရားဈေးတန်းတစ်ခုလုံးမှာ မေ့မရကို ရဲရင့်မျက်စိအနှောက်ဆုံး။ ခုတော့ ထိုမျက်စိနှောက်သည့် ရုပ်ပျက်မလေးနဲ့မှ ဆိုင်ခန်းချင်းကပ်၍ ဈေးရောင်းနေရသည့်ဘဝ။

"ဟဲ့...မေ့မရ ဒါကဘာယ်လိုဖြစ်နေတာလဲဟ၊ ကြည့်စမ်းပါဦး မျက်နှာမှာလည်း မိတ်ကပ်အဖွေးသားနဲ့ မျက်တောင်တုကြီး တပ်ထားသေးတယ်၊ သွား သွား မျက်နှာသွားသစ်ပစ်လိုက်၊ နင့်အစား ငါရှက်လိုက်တာ မေ့မရရယ်၊ ဒုက္ခပါပဲ...ဒုက္ခပါပဲ"

မေ့မရတစ်ယောက် သာမန်ထက်ပို၍ မျက်လုံး၊ မျက်ခုံးနှင့် နှုတ်ခမ်းတို့ကို ပြင်ဆင်ခြယ်သထား၍ အဝတ်အစားကိုလည်း စကက်တို ရင်ဟိုက် လက်ပြတ်ကို ဝတ်ထား၍ အစ်ကိုလုပ်သူ သော်မော်တစ်ယောက် ညီမဖြစ်သူ မေ့မရကိုကြည့်ပြီး ခေါင်းကို တဖျင်းဖျင်း ကုတ်နေမိသည်။ လက်ထဲကိုင်လာသော ထမင်းချိုင့်





ကိုပင် ဆိုင်ပေါ်မတင်အားသေး ရဲရင့်ကို လှမ်းကြည့်လိုက်တော့လည်း ဆိုင်ထဲမှာ မှုန်ကုပ်ကုပ်နှင့် ထိုင်နေသည်။

"ဟဲ့...ငါပြောတာ မကြားဘူးလား၊ နင့်မျက်နှာကို သွားသစ်ပြီး နင့်အဝတ်အစားတွေကို အခုသွားလဲခဲ့"

"မရ ခာတ်ပုံသွားရိုက်မလို့"

"ဘာရယ်"

သော်မော်တစ်ယောက် မျက်မှောင်ကြုတ်မိရပြီ။

"မရ ခာတ်ပုံသွားရိုက်မလို့ပါဆို"

"ဟ...ရိုက်ချင်ရင် မိန်းကလေးပီပီသသပုံစံနဲ့ သွားရိုက်ပါလားဟ၊ ဒါ ဘုရား...ရွှေတိဂုံဘုရား၊ ဟောလိဝုဒ်မဟုတ်ဘူး ဘာမှတ်နေလဲ"

"ဟင်...ကိုလေးကလည်း မရက ဒီပုံလေးနဲ့ တမင်ရိုက်ချင်လို့ ဝတ်ထားတဲ့ဟာကို ခု ဘာတွေဖြစ်နေလို့လဲ"

မေ့မရက နှုတ်ခမ်းလေးတွေကို ဖူးဖူးရှူရှူလေး ဖြစ်သွားအောင် စူလိုက်ရင်း အစ်ကိုဖြစ်သူ သော်မော့်ကို လှမ်းပြောလိုက်သည်။ သော်မော်ကတော့ စောစောက ပုံစံလေးအတိုင်း မျက်မှောင်လေးနှစ်ခုကို ကြုတ်ထားဆဲပါ။

"မလိုချင်ဘူး မရ၊ ငါပြောတဲ့အတိုင်းလုပ်၊ ကြာရင် ငါလက်ပါမယ်၊ ဟင်း...ကမ္ဘာပေါ်မှာ ပြေးကြည့်မှ ဒီညီမလေး

www.burmeseclassic.com



တစ်ယောက်တည်းရှိလို့ ဒီလောက်အလိုလိုက်ထားတာ သိလား၊ သွား သွား''

သော်မော်က မျက်နှာထားတည်တည်ဖြင့် ဖိယောက်လိုက်သော့မှ မေ့မရတစ်ယောက် မျက်နှာလေး ရှုံ့မဲ့ပြီး လှည့်ထွက်သွားတော့သည်။

ရဲရင့် ပင့်သက်ချလိုက်ပြီး သော်မော်အား စိတ်ပျက်သောလေသံဖြင့်…

''မင်းညီမကိုတော့ ဆယ်ထပ်ကွမ်း ဒိုးဆလံပဲ သော်မော်၊ ငါ့မျက်စိထဲမှာတော့ တစ်စက်ကလေးမှ ကြည့်လို့မရဘူး၊ ဟင်း''

သော်မော် ပြုံးမိသည်။ လက်ထဲက ထမင်းချိုင့်ကလေးကိုလည်း ဆိုင်ခုံပေါ် လှမ်းတင်လိုက်ပြီး…

''ငါလည်း ကြည့်မရတာကြာပါပြီ ရဲရင့်ရာ၊ ဖေဖေနဲ့ ကိုကြီးသော်ဇင်က ရှေ့ကနေ ကာဆီးကာဆီးလုပ်နေလို့ ဒီကောင်မလေး ဒီလောက်ချောင်နေတာ၊ ဟင်း မင်းကြည့်နေ ရဲရင့် တစ်နေ့ ငါ့လက်သီးစာမိမှာသေချာတယ်၊ ဆွဲကိုထိုးပစ်မယ်''

ဒါက သော်မော် အမြဲတမ်းကြိမ်းနေသည့်စကား။ ခုချိန်ထိတော့ သော်မော်က ညီမလုပ်သူ မေ့မရကို ဆော်တာနက်တာ ရဲရင့်မတွေ့ဖူးသေးချေ။ ညီမလေးကို အစ်ကိုနှစ်ယောက်ဖြစ်သည့် သော်ဇင်ရော သော်မော်ပါ ငုံထားမတတ် ချစ်ကြသည်။ ညီမလေး



အတွက်ဆို အစ်ကိုနှစ်ယောက်စလုံးက အဆင်သင့်။ သော်မော့်စကားကြားတော့ ရဲရင့် ရယ်မိသည်။

ဒီမိသားစုနှင့် ပတ်သက်လာလျှင် အားလုံးကို ရဲရင့်အသိဆုံးမဟုတ်လား။ အရင်က ကျိုက်ကျိုတက်အောင် ချမ်းသာခဲ့ဖူးသောဦးဝေတို့ဘဝ၊ အခုမှ မကြာသေးခင်ကမှ သည်ရွှေတိဂုံဘုရားမှာ ဆိုင်ခန်းကလေးဝယ်ပြီး ဘဝကိုရုန်းကန်လာရသည့်အနေအထား။ ပြန်ပြောလျှင် ယုံစရာမကောင်းမရှိ။ မေ့မရတို့ အရမ်းချမ်းသာခဲ့သည်ကိုသိသော အသိုင်းအဝိုင်းများကဆို အံ့သြလွန်း အိမ်မက်မက်နေသလားဟုပင် ထင်နေကြသည်။

ယော…ကြည့်။ သော်မော် မျက်လုံးပြူးရပြန်ပြီ။ မေ့မရက နောက်ထပ်ပုံစံတစ်မျိုးဖြင့် ထွက်လာပြန်ပြီ။ သော်မော် မျက်နှာတစ်ခုလုံး ဒေါသဖြင့် နီမြန်းနေတော့သည်။

''ဟဲ့…မေ့မရ''

''ဘာလဲ…ဘာလဲ…ဘာဆရာလုပ်ဦးမလို့လဲ''

ရဲရင့် မျက်နှာမဲ့နေပြီ။ မရအား ဘုဆတ်ဆတ်ဖြင့်…

''နင့်အစ်ကို ဆွဲထိုးရင်ထိုး မထိုးရင် ငါဆွဲထိုးမိမယ် မေ့မရ၊ ယော့ကောင် သော်မော်''

''ဟင်''

''မင်း ဘာပျော့တိပျော့ဖတ်လုပ်နေတာလဲကွ''

www.burmeseclassic.com

www.burmeseclassic.com



"မေမရရော နင်နဲ့ကတော့ ခက်လည်းခက်ပါတယ်၊ ငါပြောလည်းမပြောချင်ဘူး မရ၊ နင် အဲဒီပုံစံကိုလေ ဘုရားလူကြီးတွေမြင်ရင် ဘုရားပေါ်က မောင်းချမှာ သေချာတယ်"

သော်မော့်ပုံစံက စိတ်လျှော့နေသည့်ပုံ၊ စိတ်ပျက်နေသည့်ရုပ်နှင့် ရဲရင့်ကတော့ မျက်နှာလွှဲထားသည်။

"ကိုလေးကလည်း မရဆို ဘာလုပ်လုပ် အမြဲကြည့်လို့မရဖြစ်နေတာ၊ ကိုကိုကြီး ဘာမှမပြောရင် ပြီးရောပေါ့"

"ကဲ ဘာမှမပြောတော့ပါဘူး မယ်မင်းကြီးမရယ်၊ သွားလိုရာကိုသာ သွားပါတော့"

ပြောလည်း ရမှာမဟုတ်တဲ့အတွက် သော်မော် ထပ်မပြောတော့။ မေမရတစ်ယောက် ဘုရားလှေကားထစ်ကလေးတွေပေါ်ကို သွက်သွက်လက်လက် ပြေးတက်သွား၏။

ကြည့်မရ၍သာ ပြောမိရာ မေမရဝတ်ထားသော စကတ်တိုလေးမှာ သူမနှင့် အလွန်လိုက်ဖက်လေသည်။ သွယ်တန်းနေသော ပေါင်တံ၊ ဖြူဝင်းနေသော ခြေသလုံးသား၊ ခန္ဓာကိုယ်အချိုးအစားက မြင်ရသူ လည်ပြန်ငေးလောက်တဲ့ အလှပိုင်ရှင်။ မေမရဆိုတဲ့နာမည်နဲ့ လိုက်ဖက်စွာ မြင်သူငေးလောက်တဲ့ နှုတ်ခမ်းဖူးဖူးလေးနဲ့ နှာတံစင်းစင်းကလေး မျက်နှာကလေးကိုက အပြစ်ကင်းစွာလှပသူပါ။ မေမရကို ကြည့်၍ ရဲရင့် ကျိတ်၍ ပင့်သက်ချမိသည်။



"ငါလည်း ဒီဆတ်စလူးမလေးကို မနိုင်ဘူး ရဲရင့်ရာ၊ မင်းမြင်တဲ့အတိုင်း ငါ့စကားဆို ဘယ်မှာအရေးလုပ်လို့လဲကွ"

"မင်းတို့ညီ့တာ သော်မော်"

ရဲရင့်က စကားပြောရင် ဖြောင့်သမား။ မဟုတ်တာ မမှန်တာ မတရားတာကိုလည်း ဘယ်တော့မှ မလုပ်တတ် မပြောတတ်။ ရဲရင့်ကိုတော့ မေမရတို့ မောင်နှမ သုံးယောက်စလုံး ချစ်ကြခင်ကြသည်။

"အရင်က ချမ်းသာတာ ချမ်းသာတာပဲ၊ ချမ်းသာခဲ့တာ ခုချိန်ထိ မမေ့နိုင်ဖြစ်ပြီး အောက်ခြေလွတ်နေဦးမယ်ဆိုရင်တော့ မင်းတို့မိသားစု အခြေအနေက ဒီ့ထက်ပိုဆိုးသွားဖို့ပဲရှိတော့တာယ် သော်မော်၊ လူဆိုတာ ဘဝမှန်ကို နားလည်ရတယ်ကွ"

သော်မော် ငြိမ်နေမိသည်။ ရဲရင့်ပြောတာလည်း မှန်တာပဲ။ မိမိကိုယ်တိုင်လည်း ရဲရင့်စကားကို လက်ခံနားလည်သည်။ ရဲရင့်စိတ်ဓာတ်ကို လေးစားမိသည်။ ရဲရင့်သည် မိမိတို့ကို သည်ဆိုင်ခန်းကလေးရအောင် ကူညီခဲ့သော ကျေးဇူးရှင်။ လတ်တလောအခြေအနေမှာလည်း မိမိတို့ကို မသိတာ မတတ်တာအားလုံး သွန်သင်လမ်းပြနေသောဆရာ။

ခုပဲကြည့်လေ။

သည်ဆိုင်ပေါ်က ယွန်းထည်ဖန်ဆင်းတွေအားလုံး ရဲရင့်

www.burmeseclassic.com

www.burmeseclassic.com



အစီအမံဖြင့် ဆိုင်ပေါ် အခန့်သား တင်ထားနိုင်ခြင်းဖြစ်သည်။ ရဲရင့်က ပုဂံအဆက်အသွယ်ရှိသည်။ ရဲရင့်ကဆိုလျှင် ပုဂံက ယွန်းထည်တွေ အရင်းမမြုပ်ရဘဲ လိုသလောက်ရနိုင်သည်။ ရောင်းပြီးမှ ပြန်ဆပ်။ ခုတော့ သည်ဆိုင်ကိစ္စအဝဝကို သော်မော်နှင့် မေ့မရတို့နှစ်ယောက် လှုလဲရောင်းနေရသည်။

"မင်းတို့မောင်နှမတွေကလည်း ခက်ပဲခက်ပါတယ်ကွာ၊ တစ်ထောင်ဖိုးရောင်းရလည်း ဒီကောင်မလေးဝတ်ဖို့၊ နှစ်ထောင်ဖိုးရောင်းရလည်း ဒီကောင်မလေးစားဖို့၊ ဘဝအတွက် ရှေ့ရေးအတွက်ကိုလည်း ထည့်စဉ်းစားဦး သော်မော်၊ မေ့မရ စည်းမရှိကမ်းမရှိ ထင်တိုင်းကြဲနေတာကိုတော့ တားဆီးမယ် ဘယ်သူမှ စိတ်မကူးကြဘူး"

သော်မော် ပင့်သက်ချလိုက်သည်။

"ဒီလိုပါ ရဲရင့်ရာ၊ ငါ့ညီမလေးက ကံဆိုးတယ်၊ သူ အပျိုပေါက်ဖြစ်လာမှ ဒုက္ခရောက်ရတယ်ဆိုပြီး ကိုကြီးရော ငါပါ အလိုလိုက်ခဲ့မိတာပါကွာ၊ တို့ညီအစ်ကိုနှစ်ယောက်ကသာ ဖေဖေတို့ အရမ်းချမ်းသာတဲ့ဘဝကို မီခဲ့တာ ရဲရင့်၊ မေ့မရမွေးတော့ တို့ ဒုက္ခရောက်တော့မယ့်အချိန်"

သော်မော် ဘယ်လိုမှ စိတ်မကောင်းနိုင်တော့ပါ။ မျက်နှာလေးအိုပြီး ခေါင်းကို ငိုက်စိုက်ချထားသည်။





"ငါပြောမယ် သော်မော်၊ မင်းတို့မောင်နှမသုံးယောက်စလုံးကို ငါတကယ်ခင်ပါတယ်၊ ဒီဆိုင်ကိုလည်း မင်းတို့သုံးယောက်စလုံးအတွက် စားဝတ်နေရေး ပြေလည်အောင် ငါဖန်တီးပေးခဲ့တာ မင်းတို့အသိပဲ၊ ငါပြောချင်တာက လက်ရှိဘဝဖြစ်ပျက်နေတာကို သိနားလည်ဖို့ပဲ၊ ကိုယ့်လက်ရှိအခြေအနေကို မသိဘဲ အောက်ခြေလွတ်ခဲ့လို့ ဘဝပျက်ရတဲ့သူတွေ အများကြီး"

"အဲဒါကြောင့်မို့ လောကနီတိထဲမှာ ဘာကိုဆိုထားသလဲဆိုတော့ မိမိဘဝကို နားလည်နိုင်စွမ်းရှိသောသူသည် ခြွေရံသင်းပင်း စည်းစိမ်ဥစ္စာ များစွာမရှိစေကာမူ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းရတတ်၏။ ကြီးစွာသော ဆင်းရဲခြင်းမှ လွတ်ကင်းရတတ်၏။ သာယာဖြောင့်ဖြူးသော လမ်းမှထက်၌သာ အစဉ်ထာဝရ လျှောက်ရတတ်၏တဲ့"

"မိမိဘဝ အနေအထား၊ မိမိဘဝ အဆိုးအကောင်းကို မချင့်ချိန် မဝေဖန်တတ်သူမူကား ပင်ပန်းဆင်းရဲသော ဘဝ၌သာ ကျင်လည်ရကုန်၏တဲ့"

"ငါ အခုပြောနေတဲ့ စကားတွေက မင်းတို့ဘဝကောင်းဖို့၊ မင်းတို့မိသားစုလေး သာယာချမ်းမြေ့ဖို့ ပြောနေတဲ့စကားတွေပါ သော်မော်ရယ်"

"ငါနားလည်ပါတယ် ရဲရင့်ရာ၊ မင်းကိုလည်း ကျေးဇူး

www.burmeseclassic.com



အများကြီးတင်ပါတယ်၊ ဒါပေမဲ့''

သော်မော် စကားမဆက်ဘဲ သက်ပြင်းချကာ အဝေးကို ငေးကြည့်နေမိတော့သည်။

□ □ □

## အခန်း [၂]

''မေ့မရ''

''မေ့မရ''

''ဩော်···ဒီကောင်မလေး ဘယ်တွေများ လျှောက်သွားနေလဲမသိဘူး''

''မေ့မရရေ''

ပန်းရိပ်မွှန်ခြံဘက်ဆီမှ တစာစာပေါ်လာသော ကိုကိုကြီးသော်ဇင် အော်ခေါ်သံကြောင့် မရတစ်ယောက် ခေါင်းကလေးချာခနဲလှည့်ပြီး လှမ်းကြည့်လိုက်သည်။ တကယ်တော့···

ပန်းရိပ်မွှန်ခြံနှင့် မလှမ်းမကမ်း လမ်းဘေးအုတ်ခုံလေးပေါ်မှာ မေ့မရ ထိုင်နေခြင်းဖြစ်သည်။ မေ့မရ တစ်ယောက်တည်း ဖြတ်သန်းသွားသော ကားပေါ်က လူတော်တော်များများက မေ့မရ

www.burmeseclassic.com

www.burmeseclassic.com



ကို လှည့်လှည့်ကြည့်သွားကြသည်။ မကြည့်ဘဲ နေနိုင်ရိုးလား။ မေ့မရ ပုံစံလေးက တစ်ချက်လောက် ကြည့်လိုက်ရုံနဲ့ တစ်သက်လုံး စွဲချစ်သွားချင်စရာ။ နှုတ်ခမ်းဖူးဖူးညုညုလေးတွေက မေ့မရ တစ်ကိုယ်လုံးမှာ အလှဆုံး၊ လက်ချောင်း၊ ခြေချောင်းလေးတွေဆို သွယ်ဆင်းကာ ရွှေရောင်ပြေးလို့ ဝင်းမွတ်နေသည်။

"ဟဲ့…မရ၊ ငါ့ခေါ်နေတာ မကြားဘူးလားဟ"

"ကြားသားပဲ"

"ကြားရင် ထူးပါလား၊ ခေါ်ရတဲ့လူက လည်ချောင်းကွဲတော့မယ်"

မေ့မရ ကိုကိုကြီးကို မကြည့်ဘဲ တမင်မျက်နှာလွှဲထားသည်။ မရ မကျေနပ်ပါ။ အို…အားလုံး အားလုံးကို မေ့မရ မကျေနပ်ပါ။ မရ စနေဂြိုဟ်မဟုတ်လား။ မရက ဒုက္ခသည်မဟုတ်လား။ မေ့မရ အားလုံးကို စိတ်ကောက်ပြီး ဒီနေရာလေးမှာ လာထိုင်နေမိခြင်းဖြစ်သည်။

"ညည်း ထမင်းမစားသေးဘူးလား မရ"

"မစားဘူး၊ မစားဘူး၊ တစ်သက်လုံး ဘယ်တော့မှ မစားဘူး"

သော်ဇင်တစ်ယောက် ညီမလုပ်သူ မေ့မရကိုကြည့်ပြီး မရအားမှာ ရွှေ့ခနဲ ဝင်ထိုင်လိုက်သည်။



"မရ"

မေ့မရ မထူး။ မျက်ခွံချောင်လေးကို တအားကျုံ့ပြီး နှုတ်ခမ်းတိုပါ ခပ်တင်းတင်း စူထားသည်။

"ညီမလေး"

"ဘာလဲ…ဘာလဲ ဘာပြောမလို့လဲ"

"ညီမလေး ဝတ်ချင်တဲ့ ဂါဝန်ကို ကိုကိုကြီး ဝယ်ပေးမယ်"

"ဟွန့်…ကိုကိုကြီးက ဝယ်ပေးရအောင် ကိုကိုကြီးမှာ ပိုက်ဆံရှိလို့လား"

"ရှိတာပေါ့"

"မညာနဲ့ မညာနဲ့၊ ညီမလေး ကိုကိုကြီးကို မချစ်တော့ဘူး၊ အိမ်လည်းမပြန်တော့ဘူး၊ မေ့မရက စနေဂြိုဟ်ပါ ကိုကိုကြီးရယ်၊ ညီမလေးကြောင့် ကိုကိုကြီးတို့ ဆင်းရဲရတာမဟုတ်လား၊ ညီမလေးကြောင့် ညီမလေးကိုမွေးမှ ကိုကိုကြီးတို့ ဒုက္ခရောက်ရတာ မဟုတ်လား"

"မဆိုင်တာတွေ မပြောစမ်းနဲ့ မရ"

သော်ဇင့်မျက်နှာက မာထန်သွားသည်။ သော်ဇင့် မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။

"ကိုကိုကြီးလည်း ညီမလေးကို ညာတယ်၊ ကိုလေး

www.burmeseclassic.com

www.burmeseclassic.com



လည်း ညီမလေးကို မချစ်ဘူး၊ မရ လုပ်ချင်တာတွေအားလုံး ဘာမှမလုပ်ရဘူး''

မေ့မရ မျက်ဝန်းညိုညိုလေးထဲက မျက်ရည်ဥကြီးတွေ စီးလိမ့်ကျလာသည်။ မေ့မရ ကလေးလေးတစ်ယောက်လို တသိမ့်သိမ့် ငိုကြွေးနေမိသည်။

''ကဲပါဟာ ထစမ်းပါ၊ လမ်းမကြီးမှာ ငိုမနေစမ်းပါနဲ့''

သော်ဇင့်ရင်ထဲမှာ မကောင်းတော့ပါ။

''ထလေဟာ ပြန်မယ်၊ အိမ်ရောက်မှ ညီမလေးပြောချင်တာပြော၊ ငိုချင်သလိုငို ထ…ထ''

သော်ဇင် ဆွဲခေါ်ရသည်။ မေ့မရတစ်ယောက် ပါးပြင်ပေါ်မှာ စိုနေသော မျက်ရည်စက်များကို ပွတ်သတ်ဖယ်ရှားလိုက်ပြီး ပန်းရိပ်မွှန်ခြံထဲ ပြေးဝင်ခဲ့သည်။

''ဘယ်သွားနေတာလဲ''

မေ့မရ ကိုကိုလေးအမေးကို မဖြေ။ အခန်းထဲတန်းဝင်ပြီး အိပ်ရာပေါ်မှာ ဆက်ငိုနေမိသည်။

''ညီမလေးရယ် နင်လိုချင်တာကို ကိုကိုလေးတို့က ဝယ်မပေးဘူးပြောလို့လား၊ ကိုလေးတို့မှာ ပိုက်ဆံသိပ်မပြည့်သေးလို့ နင့်ကို ဝယ်မပေးနိုင်သေးတာပါ''

''ကိုကိုကြီး ပိုက်ဆံရတဲ့နေ့ကျရင် ချက်ချင်းကို ပြေးဝယ်ပေးမယ်၊ ကိုကိုကြီးက နောက်တစ်ရက် နှစ်ရက်ဆို ထောင်စိန်ဖြစ်တော့မှာပါဟ''

''မသိဘူး…မသိဘူး''

မေ့မရ အခုထိ မကျေနပ်နိုင်သေး။ စိတ်ကောက်မပြေနိုင်သေးပါ။ အမြဲ ဒီလိုပဲ နိုင်နေကျ၊ ဆိုးနေကျဆိုတော့ သော်ဇင်တို့ သော်မော်တို့အားလုံး သူ့ကို ခွင့်လွှတ်နားလည်ကြပြီးဖြစ်သည်။ မေ့မရကလည်း မေ့မရ။ လိုချင်တာတစ်ခုရှိရင် မရမချင်း မျက်ရည်တွေ ဘယ်လောက်ထွက်ထွက် ဘယ်လောက်ကုန်ကုန် အငိုမရပ်တော့။ ထွက်လိုက်သည့် နှပ်တွေကလည်း ခုတင်တိုင်၊ ခုတင်ဆောင်း၊ အိပ်ရာပေါ်မှာပါမကျန် အနှစ်လိုက် အပျစ်လိုက် ပေပွညစ်ပတ်နေတတ်သည်။

''တိတ်စမ်းပါ မေ့မရရယ်၊ ဟိုတုန်းကလိုသာရှိရင် ညီမလေးကို ခုလောက်ပြောမနေတော့ဘူး၊ ခု ကိုလေးတို့ဘဝကို ညီမလေးလည်း သိတာပဲဟာ၊ ဒီအိမ်တန်းကလေးကိုတောင် ခြံရှင်က ဆက်နေခွင့်ပေးထားလို့ ကိုလေးတို့ အသက်ရှူချောင်နေရတာသိလား၊ သူက မနေနဲ့တော့ဆိုရင် ကိုလေးတို့ ဘယ်မှာသွားနေမလဲ၊ ရန်ကုန်က အိမ်မြေတွေကလည်း ဈေးကြီးလိုက်တာ အရမ်း၊ ကိုယ်ပိုင်ဝယ်ဖို့ဆိုတာ ဝေးချိတ်၊ ငှားနေဖို့တောင် အိမ်စပေါ်က လွယ်တာမဟုတ်ဘူး''

www.burmeseclassic.com



"အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ မေ့မရရဲ့၊ ကိုယ်ပိုင်အိမ်နဲ့ ပြန်နေနိုင်အောင် ကိုလေးတို့မောင်နှမတွေ ကြိုးစားရမှာပေါ့"

"ဘာကြိုးစားတာလဲ၊ ဒီယွန်းဆိုင်လေး အားကိုးနဲ့ ကိုယ်ပိုင်အိမ်မပြောနဲ့ ပေါင်မုန့်ဖိုတောင် ဝယ်နိုင်မှာမဟုတ်ဘူး"

"ဟာ…မရ အဲဒီစကားတော့ နင်မပြောနဲ့၊ လူဆိုတာ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ အထင်ကြီးလေးစားမှုရှိမှ တိုးတက်တာ၊ ဘယ်အလုပ်မဆို ကြိုးစားရင် မီလျံနာကြီးလည်း ဖြစ်နိုင်တာပဲ၊ ဖိနပ်ချုပ်သမားလည်း သူ့အလုပ်ကို သူ ကြိုးကြိုးစားစားလုပ်ရွှေရွှေတာတာ စုဆောင်းရင် သူဌေးကြီး ဖြစ်နိုင်သေးတာပဲ"

"ဈေးထဲက ဖိနပ်ချုပ်တဲ့ ကုလားကြီး မူတူးကျတော့ မွဲလိုက်ပြာလိုက်တာ ချာတူးလန်လို့"

နှုတ်ခမ်းလေးမဲ့ မျက်နှာလေးရှုံ့ပြီး ပြောလိုက်သော မေ့မရ အမူအရာကြောင့် သော်မော် ရယ်မိသည်။ မေ့မရကလည်း ဒီလိုကန့်လန့်လေး လုပ်ပြောရမှ ကျေနပ်သဘောကျတတ်တာ မဟုတ်လား။

"ကဲ အခန်းထဲက မောင်နှမနှစ်ယောက် ဘာတွေငြင်းခုန်နေကြတာလဲ၊ ထွက်ခဲ့တော့လေ ထမင်းစားမယ်"

ကိုကိုကြီး အော်သံကို ကြားရပြီ။





"ကဲ…မရ၊ ထတော့ ထမင်းစားမယ်"

"မစားဘူး"

"ကိုကြီးသော်ရေ ဟောဒီမှာ ထမင်းမစားဘူးတဲ့ဗျ၊ အထတ်ကတတ်လုပ်နေတယ်"

သော်မော်က တအားစွတ်အော်သည်။

"မစားဘူး…မစားဘူး၊ တစ်သက်လုံး ဘယ်တော့မှ မစားဘူး"

"ဟား…ဟား…ဟား…ဟား"

ညီမလေး မေ့မရကိုကြည့်ပြီး သော်မော် တအားရယ်ပစ်လိုက်မိတော့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၃]

"ဘာ…ဘာပြောကယ်၊ ဦးလေးတို့ ဒီအိမ်နဲ့ဒီခြံကြီးကို ရက်ပိုင်းအတွင်း ရောင်းပစ်လိုက်တော့မယ်"

မေ့မရ ကိုယ့်နားကို ကိုယ်မယုံတော့။ ခြံနှင့်အိမ်ကို မကြာခင် ရက်ပိုင်းအတွင်းမှာ ရောင်းပစ်လိုက်တော့မယ်ဆိုပါလား။

"ဟုတ်တယ် မေ့မရ၊ ဒီခြံနဲ့ အိမ်ကြီးကို ဦးလေးတို့တို့ ရောင်းပစ်ရတော့မယ်၊ ဦးလေးတို့တို့ စီးပွားရေးအခြေအနေကို မေ့မရလည်း သိပါတယ်ကွယ်"

"ဒါဆို…ဒါဆို မေ့မရတို့က"

မေ့မရတစ်ယောက် စကားကို ရှေ့ဆက်မပြောနိုင်တော့ပါ။ ဦးလေးတို့ မျက်နှာကိုသာ မျှော်လင့်တကြီး လှမ်းကြည့်နေလိုက်မိသည်။



"ဦးလေးတို့လည်း စိတ်မကောင်းပါဘူး မေ့မရရယ်၊ အိမ်ခြံကြီးကို ဝယ်မယ့်ပိုင်ရှင်တွေ ရောက်လာရင် မေ့မရတို့ ဆက်နေခွင့်ရအောင်တော့ ဦးလေးတို့ ပြောပေးမှာပါ"

မေ့မရ ခေါင်းတွေ ပတ်ချာလည်နေရပြီ မဟုတ်ပါလား။ ခြံရှင်အသစ်က မိမိတို့ကို နေခွင့်မပေးနိုင်တော့ဘူးဆိုရင်တော့ မေ့မရ ဆက်မတွေးရဲ။ ကိုကိုကြီးကို မေ့မရ အမောတကော ပြေးပြောမိသည်။

"ပြဿနာပဲ…ပြဿနာပဲ"

ကိုကိုကြီး ထိုင်ရမလို ထရမလို ဖြစ်နေသည်။ မျက်နှာမှာလည်း သွေးမရှိတော့။

"မရတော့ ငိုသာငိုပစ်လိုက်ချင်တော့တာပဲ ကိုကိုကြီးရယ်၊ သူတို့က မနေနဲ့ဆိုရင် မရတို့ ဘယ်မှာသွားနေမလဲဟင် ကိုကိုကြီး၊ နေစရာပျောက်ပြီ၊ မရတို့ နေစရာပျောက်ပြီ ကိုကိုကြီးရဲ့၊ အီး"

"ဟာ…ဒီကောင်မလေး အရေးထဲမှာ နင်ကတစ်မျောင့်၊ ငါ ဦးလေးတို့ကို သေချာသွားမေးကြည့်ပါဦးမယ်၊ ဦးလေးတို့က နင့်ကိုချစ်တော့ စလိုက်သလားမှ မသိတာ"

သော်ဇင် ချက်ချင်းထ၍ ဦးလေးတို့ကို တစ်ခါတည်း တန်းမေးသည်။

www.burmeseclassic.com



"ဦးလေးတိုးတို့ ခြံကို ရောင်းပစ်တော့မယ်ဆို"

ခေါင်းညိတ်ပြလိုက်သော ဦးလေးတိုးကိုကြည့်ပြီး သော်ဇင်ရင်ထဲတွေ ဖြောင်းဆန်အောင် လှုပ်ရှားသွားပြီး တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။

"ဖြစ်မှဖြစ်ရလေ ဦးလေးတိုးရာ"

သော်ဇင်တစ်ယောက် သည်စကားကလွဲရင် တခြားဘာကိုမှ မပြောနိုင်တော့။ သော်ဇင် ခေါင်းငိုက်စိုက်ကျခဲ့ရပြီ။

"ဦးလေးတိုးလည်း စိတ်မကောင်းပါဘူး ဖိုးသော်ရယ်၊ ဦးလေးတိုးကို မှီနေရတဲ့ မင်းတို့မိသားစုလေး ဒုက္ခရောက်မှာကို ဦးလေးတိုး မတွေ့ချင်မမြင်ချင်ဆုံးပါကွာ၊ ဒါပေမယ့် ဦးလေးတိုး အခြေအနေ"

ဦးတိုးဝေ ကိုယ်တိုင်လည်း သည်ကိစ္စအတွက် စိတ်မကောင်းဖြစ်နေရသည်။ မိမိလည်း ဘယ်လိုမှ မတတ်နိုင်တော့ပါ။ မိမိ ကယ်တင်နိုင်သည့် အချိန်တုန်းက ကယ်တင်ထားခဲ့ပြီးပြီ မဟုတ်လား။ ခုတော့…

မိမိမှာလည်း စီးပွားကျ၍ ရေမြေသစ်ကို ရှာဖွေရတော့မည်။ မိမိ ဘယ်လိုမှ ရှေ့ဆက်၍ တာဝန်မယူနိုင်တော့။

"ဒါဆို…ဒါဆို ကျွန်တော်တို့ နေဖို့ အိမ်ရှာ၊ အိမ်ရှာရတော့မှာပေါ့နော် ဦးလေးတိုး"



"အင်းလေ…ဦးလေးတိုးလည်း ပြောင်းလာမယ့် အိမ်ရှင်အသစ်ကို ပြောကြည့်ပါဦးမယ်၊ ကံကောင်းရင်တော့ မင်းတို့မိသားစု ဆက်နေခွင့်ရမှာပေါ့ကွာ၊ အားတော့မငယ်နဲ့ ဟုတ်လား၊ ဦးလေးတိုးတို့ မြန်မာတွေဟာ လူတစ်ဖက်သားကို အရမ်းကူညီချင်စိတ်ရှိသူတွေပါကွာ"

သော်ဇင် တစ်ညလုံး အိပ်မပျော်တော့။ ဘယ်ညာလူးလိမ့်ရင်း မိုးစင်စင်လင်းခဲ့ရသည်။

ဖေဖေရယ် ဖေဖေ့ထက် မိုက်တဲ့လူဟာ ဒီကမ္ဘာလောကကြီးထဲမှာ ရှိမှရှိပါတော့မလား။ ဖေဖေသာ မမိုက်ခဲ့ရင် ဖေဖေသာ လိမ္မာခဲ့ရင် ကျွန်တော်တို့မောင်နှမတွေ ခုလိုဒုက္ခရောက်ရမှာ မဟုတ်ပါဘူး။ ခုတော့။

သော်ဇင် ဝမ်းနည်းမိသော်လည်း အံလေးကိုတော့ ခပ်တင်းတင်း ဖိကြိတ်ထားမိသည်။ ယောကျ်ားပဲ ကြိုးစားရင် တစ်နေ့မှာ အောင်မြင်မှုရမှာပေါ့။ သော်ဇင် အားမလျှော့မိ။

"သား ညကတစ်ညလုံး အိပ်မပျော်ဘူးနဲ့တူတယ်"

"ပျော်ပါတယ် မေမေ၊ ဘာဖြစ်လို့လဲ"

"ဪ…ညက သားခြင်ထောင်ထဲ လူးလူးလိမ့်လိမ့် အသံ မေမေ တစ်ညလုံးကြားနေရလို့"

ဖေဖေကတော့ ခြံကြီးကို ရောင်းတော့မယ့်အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သိသေးဟန်မတူ။ ညီမလေးကိုလည်း ဖေဖေ မသိစေနဲ့ဟု ကြိုမှာထားသဖြင့် မေမေ့ကို ညက ပြောခဲ့လိမ့်မည်မဟုတ်။

"သား"

"ဗျာ"

"သားတို့ဆိုင်ကလေးက အရောင်းအဝယ်ကောင်းရဲ့လား ဟင်"

"ကောင်းပါတယ် မေမေ"

"ဟင်း"

ဦးအောင်ဇော်တစ်ယောက် ပင့်သက်ကို ဟင်းခနဲချလိုက်ရင်း သားကြီးဖြစ်သူ သော်ဇင့်မျက်နှာကို နွမ်းနွမ်းယဲ့ယဲ့လေး လှမ်းကြည့်လိုက်သည်။

"ဖေဖေ မလိမ္မာလို့၊ ဖေဖေမိုက်လို့ ငါ့သားတွေသမီးတွေ ဒုက္ခရောက်ရတာပါကွယ်"

"ဖေဖေကလည်းဗျာ အဲဒါတွေချည်းပဲ အမြဲစဉ်းစားနေရင် စိတ်ဆင်းရဲရတာပဲ အဖတ်တင်မယ်၊ ဒါကို ခုလောလောဆယ်ဘဝမှာ မေ့ပစ်လိုက်တာ အကောင်းဆုံးပဲ၊ စဉ်းစားမနေနဲ့၊ တွေးမနေနဲ့၊ ကျွန်တော်ဝယ်လာတဲ့ တရားစာအုပ်၊ ဘုရားစာအုပ်တွေကိုသာ ဖေဖေဖတ်၊ အဲဒါ ဖေဖေ့အတွက် အကျိုးရှိတယ်၊ ခုဘဝအတွက်ရော နောင်ဘဝအတွက်ပါ ကောင်းတယ်"





ဦးအောင်ဇော် ငြိမ်ကျသွားသည်။ တကယ်တော့ မေ့မရဖြင် ဦးအောင်ဇော်သည် လေဖြတ်နေသော ဝေဒနာရှင်တစ်ဦးရယ်ပါ။ အိပ်ရာထက်မှ မထနိုင်တာပင် သုံးနှစ်ကျော်ခဲ့ပြီ။ ဖေဖေ့ဝေဒနာတွေကို ပြုစုခဲ့ရတာက သော်ဇင်တို့မောင်နှမတစ်တွေ။ သော်ဇင်ကဘဝကို အလဲမလဲသော စိတ်ဓာတ်ဖြင့် ကြိုးစားတည်ဆောက်ချင်သူ။ လက်ရှိအခြေအနေမှာလည်း တက္ကသိုလ်နောက်ဆုံးနှစ်ပြီး၍ ဘွဲ့ယူရန် စောင့်နေသူ။ သော်မော်က ဒုတိယနှစ် သူလည်း စာပေးစာယူ။ မေ့မရတစ်ယောက်သာ ဆယ်တန်းတက်နေခြင်းဖြစ်သည်။ ကြိုးစားတာတော့ မောင်နှမသုံးယောက်စလုံး ကြိုးစားသည်။ အိမေ့မရတစ်ယောက်သာ လှချင်ဝချင်စိတ်များပြီး လွတ်နေခြင်းဖြစ်သည်။

သော်ဇင်က ညဘက်ညဘက် Taxi ထွက်မောင်းသည်။ ဆိုးတော့မဆိုး။ တစ်ညတစ်ည လေးငါးထောင်တော့ အုံနာခပေးပြီး အသားတင်ကျန်သည်။ သော်ဇင်တို့ မောင်နှမသုံးယောက်စလုံး ချောချောလေးတွေဖြစ်သည်။ သော်ဇင်ဆို အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ မျက်လုံးမျက်ခုံးကအစ မိန်းကလေးတွေ ငေးယူရလောက်အောင် တည်ကြည်ခန့်ညားသူ။ သို့သော် ရုပ်ပွေသည့်ကိစ္စတော့ သော်ဇင်နှင့်အလှမ်းဝေးသည်။ ရည်းစားဆိုလို့ မူးလို့ရှူစရာတောင် သော်ဇင့်မှာမရှိ။ ဝါသနာလည်းမပါ။ သော်ဇင် ဝါသနာပါသည့်အလုပ်က

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ဆိုင်၍ သီချင်းနားထောင်သည့်အလုပ်။ ပြီးတော့ ဘောလုံး။ ဘောလုံးပွဲကောင်းတွေဆို သော်ဇင် မလွတ်တမ်းကြည့်သည်။ ဒါ သော်ဇင်ငယ်ငယ်ကတည်းက ပါလာခဲ့သော ဝါသနာဖြစ်သည်။ သော်ဇင့်လိုပင် သော်မော်လည်း ရုပ်ချောပါသည်။ သော်မော်ကတော့ ဝါသနာတစ်မျိုး။ သူက မျိုးရိုးဗီဇကို လိုက်လေသလားတော့မသိ အရောင်းအဝယ်လုပ်ငန်းမှာ ဝါသနာထုံနေသည်။

"သားရယ် မေမေ့ရင်ထဲမှာ နာလွန်းလို့ ဒီစကားကို မေမေပြောရတာပါကွယ်၊ မေမေ မိုက်ခဲ့တာပါ၊ ဆိုးခဲ့တာပါ၊ မေမေ့ကြောင့်"

"တော်ပါတော့ မေမေရာ"

သော်ဇင် မေမေ့အနားမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

"ဟော့…သူငယ်၊ ဟော့"

"ဟော့…ဒီမှာခေါ်နေတယ်လေ"

"ဗျာ"

ခေါ်သံကြောင့် လှမ်းလက်စ သော်ဇင့်ခြေလှမ်းတလေးတွေ တုံ့ခနဲ ရပ်သွားရသည်။ ကြည့်လိုက်တော့ သစ်လွင်တောက်ပပြောင်လက်နေသည့် ကားကြီးတစ်စီးပေါ်မှ စိန်နားကပ် တဝင်းဝင်းဖြင့် မိမိကို လှမ်းကြည့်နေသည့် အမျိုးသမီးတစ်ယောက်။

"မင်းက ဒီခြံထဲမှာနေတာလား"



"ဟုတ်ကဲ့၊ ကျွန်တော် ဒီခြံထဲမှာနေပါတယ်"

"မင်းနဲ့ ဦးတိုးဝေက ဘာတော်လဲ"

"ဟို…ဘာမှမတော်ပါဘူး၊ ဦးတိုးဝေက ကျွန်တော်တို့ခြံပိုင်ရှင်ပါ"

"မင်းက ခြံအလုပ်သမားဆိုပါတော့"

"ဟို…အဲဒါလည်းမဟုတ်ပါဘူး၊ ကျွန်တော်တို့မိသားစုကို စေတနာနဲ့ ဒီခြံထဲမှာ နေခွင့်ပေးထားတာပါ"

"ဘယ်ဆိုးလို့လဲ၊ မင်းတို့ခြံပိုင်ရှင် ဦးတိုးဝေက စေတနာတော့ကောင်းသားပဲ၊ မင်းနာမည်က"

"သော်ဇင်ပါ"

သော်ဇင်တစ်ယောက် အမျိုးသမီးကြီးမေးသည့် မေးခွန်းတိုင်းကို ဘုမသိဘမသိနှင့် စိတ်ရှည်လက်ရှည် ဖြေနေရသည်။

"အင်းလေ မင်းနာမည်ကို ငါက သိပြီးပြီဆိုတော့ ငါ့နာမည်ကိုလည်း မင်းတို့တစ်ခြံလုံး သိထားဖို့တော့ လိုလိမ့်မယ်ထင်တယ်၊ ငါ့နာမည်က ဒေါ်ထားခင်တဲ့"

"ဗျာ"

သော်ဇင်တစ်ယောက် ပါးစပ်လေးအဟောင်းသားဖြစ်သွားရပြီမဟုတ်ပါလား။ ဒေါ်ထားခင်တဲ့။ ဖန်းရိပ်မွန်ခြံကြီးကို အပြီးအပိုင်ဝယ်တော့မယ့် ဒေါ်ထားခင်တဲ့။

www.burmeseclassic.com



"ကဲ…မင်းတို့ရဲ့ခြံတံခါးကို ဖွင့်လိုက်ပါ၊ ဦးတိုးဝေဆီ သွားပြီး မထားခင်လာတယ်လို့ပြော"

"ဟုတ်ကဲ့ခင်ဗျ"

သော်စင် ခြံတံခါးကို ခပ်သွက်သွက် ဆွဲဖွင့်ပြီး ဦးလေးတိုးကို ပြေးပြောရသည်။

"ဪ…ဒေါ်ထားခင်တောင် ရောက်လာပြီကိုး"

ဦးလေးတိုးက အောက်ထပ်က ဧည့်ခန်းမှာပင် ဆင်းတွေ့သည်။

"ကျုပ်က မနေ့ကတည်းကမျှော်နေတာ ဒေါ်ထားခင်"

"ခုလာပြီပဲလေ"

သော်စင် ပြန်ထွက်မသွားနိုင်သေးပါ။ ဦးလေးတိုး နောက်နားကပ်၍ ယောင်ပေယောင်ပေ ရပ်နေမိသေးသည်။ သူတို့ ဘာတွေပြောကြမလဲ။ ဘာတွေဆွေးနွေးကြမလဲဆိုတာကို သော်စင် သိချင်ပါသေးသည်။ အခုကိစ္စက သော်စင်တို့ဘဝနဲ့ ပတ်သက်နေသည် မဟုတ်လား။

"ကဲ…ဦးတိုးဝေ၊ အခုလာတဲ့ကိစ္စက ဒီခြံကြီးနဲ့ပတ်သက်နေတဲ့ ပြဿနာတွေအားလုံးကို တစ်ခါတည်း အပြီးအပိုင်ဆွေးနွေးဖို့ လာခဲ့တာပဲ၊ ခုရှပ်မှနောင်ရှင်းတဲ့"

"ကျုပ်နားလည်ပါတယ် ဒေါ်ထားခင်၊ ဒေါ်ထားခင်

[redacted]



မရှင်းတာရှိရင် ကျုပ်ကိုမေးပါ"

ဒေါ်ထားခင်ဆိုသည့် အမျိုးသမီးကြီးက အဖိုးတန် လက်ပွေ့အိတ်ကြီးထဲမှ ရွှေဝါရောင် စီးကရက်ဗူးလေးကို ဖွင့်ထုတ်လိုက်ပြီး တစ်လိပ်ကို ဟန်ပါပါ မီးညှိဖွာရှိုက်လိုက်သည်။ စတိုင်လ်ကတော့ တကယ့်ကို အမိုက်စားပဲ။ နေပုံထိုင်ပုံ စကားပြောပုံလေယူလေသိမ်းကအစ အထက်တန်းစားတစ်ယောက်ဖြစ်မှန်း သိသာလှသည်။

"ဒီလိုပါ ဦးတိုးဝေ၊ ဒီခြံထဲမှာက ဦးတိုးဝေရဲ့ အရိပ်အာဝါသကို မှီခိုနေသူတွေက ခပ်များများရယ်မဟုတ်လား၊ အဲဒီအချက်ကို ကျွန်မ အလေးအနက်ထားပြီး ဆွေးနွေးချင်တာပါ"

သော်စင့်ရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ မှီခိုနေသူတွေအကြောင်းကို အလေးအနက်ထားလို့ ဆွေးနွေးချင်တာဆိုပါလား။ ဒါဆို မိမိတို့အကြောင်း မိမိတို့ကိစ္စပေါ့။ မိမိတို့က ဒီခြံကြီးကို မှီခိုနေရသူတွေ။

"ဟို…လေ ဒေါ်ထားခင်အနေနဲ့ သူတို့အားလုံးကို ဆက်နေခွင့်မပေးနိုင်တော့ဘူးဆိုရင်တော့ ရက်ပိုင်းအတွင်း ဖယ်နိုင်းရတော့မှာပေါ့၊ ဘယ်တတ်နိုင်မလဲ၊ ဒီခြံကြီးကို ငွေအပြတ်ချေပြီးဝယ်တဲ့နေ့ဟာ ဒီပန်းရိပ်မွှန်ခြံမှာ ဒေါ်ထားခင် အရှင်သခင်ဖြစ်တဲ့နေ့ပါ၊ အားလုံး ဒေါ်ထားခင်နှစ်သက်သလို စီစဉ်ပေးရမယ့်တာဝန်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်တာဝန်ပါ ဒေါ်ထားခင်"

ဒေါ်ထားခင်က သော်ဇင့်မျက်နှာကို စူးစမ်းသလို တစ်ချက်လှမ်းကြည့်သည်။ သော်ဇင်ကလည်း ဒေါ်ထားခင်ပြော လာမည့်စကားကို စူးစူးစိုက်စိုက် နားထောင်နေသူမို့ အကြည့်ချင်း ဆုံသွားကြသည်။ ဦးဆုံး မျက်လွှာချလိုက်သူက သော်ဇင်။

"ပြောရမယ်ဆိုရင်တော့ ဟောဒီက မောင်သော်တို့ဘဝ ဟာ ကယ်ဆယ်ထားမယ့်သူသာမရှိရင် ကစဥ့်ကလျားဖြစ်ကြရမယ့် ဘဝပါ ဒေါ်ထားခင်၊ သူတို့က မိသားစုလေးယောက်၊ သူ့အဖေ ဦးအောင်ဇော်က 'လေဖြတ်ထားလို့ ဒုက္ခိတဘဝနဲ့ အိပ်ရာထဲမှာ လဲနေတယ်၊ သူတို့မောင်နှမသုံးယောက်က အပြင်မှာ အလုပ်လုပ် တယ်၊ ဒီမှာကလွဲရင် နေစရာအိမ်မရှိရှာဘူး၊ ဖြစ်နိုင်မယ်ဆိုရင်တော့ ဒေါ်ထားခင်ကပဲ သူတို့ဘဝလေးကို ဆက်ပြီး"

"ကျွန်မက တာဝန်ယူရမယ်ဆိုပါတော့"

"ဟုတ်…ဟုတ်ပါတယ် ဒေါ်ထားခင်"

သော်ဇင်တစ်ယောက် အသက်ကိုပင် ဖြောင့်အောင်မရှူ နိုင်တော့ပါ။

"ခက်တယ် ဦးတိုးဝေရယ်၊ ခက်တယ်၊ ကျွန်မကလည်း လှုပ်လှုပ်လှုပ်လှုပ်ညီ သက်သက်ကြီးအနေနဲ့တော့ မထားနိုင်ဘူး၊ တော်ကြာ ကျွန်မက စေတနာနဲ့ထားမိပါတယ် ကျွန်မ မနေစေချင်တော့လို့





ယ်နိုင်းရယ် မဖယ်ပေးဘဲ"

"ဟို…ဟိုလေ ကြီးကြီး မနေစေချင်တဲ့နေ့ကျရင် ကျွန်တော့်ကိုပြောပါ၊ ကျွန်တော်တို့ ဖယ်ပေးပြောင်းပေးမှာပါ ကြီးကြီး ရယ်၊ ခုလောလောဆယ်တော့ အိမ်လေးတစ်လုံးဝယ်နိုင်အောင် ကျွန်တော်တို့မောင်နှမတွေ ကြိုးစားနေရတုန်းမို့"

ဒေါ်ထားခင်က စီးကရက်မီးခိုးငွေ့များကို မှုတ်ထုတ်ရင်း အသေအချာ စဥ်းစားနေသည်။ ကျောက်ရုပ်လို တောင့်တင်းအေး စက်နေရသူက သော်ဇင်။

"ဒီမှာသူငယ် ကြီးကြီးခြံထဲမှာ ဆက်နေချင်သေးတယ်ဆို ရင်တော့ ကြီးကြီးခြံက အလုပ်ကို လုပ်ပေးမှ နေလို့ရမှာကွ၊ ဒီအတိုင်း ကြီးတော့ မဖြစ်ဘူး၊ မိသားတစ်စုလုံး မပြောနဲ့ လူတစ်ယောက်ကို တာဝန်ယူရတာတောင် ဒီခေတ်မှာ လွယ်တာမဟုတ်ဘူး၊ ကြီးကြီး ပြောတာ မင်းနားလည်ရဲ့လားကွယ်"

"နားလည်ပါတယ် ကြီးကြီး"

"အေး…နားလည်တယ်ဆိုရင်တော့ ဒီပြဿနာက အေးသွားပြီပေါ့၊ အလုပ်လုပ်တယ်ဆိုရင်လည်း အလကားတော့ ခိုင်းပါဘူး၊ လခပေးမယ်၊ ထမင်းကျွေးမယ် မကောင်းဘူးလား"

"ဟာ…သိပ်ကောင်းတာပေါ့ ကြီးကြီးရာ၊ ကျွန်တော်တို့ သာ ဒီမှာဆက်နေခွင့်ရရင် ကြီးကြီးဘာခိုင်းခိုင်း ကျွန်တော်တို့လုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာပါ’’

ခုမှ ဦးတိုးဝေတစ်ယောက် ပင့်သက်ကို ဖြောင့်ဖြောင့်ချ နိုင်တော့သည်။ သော်ဇင်လည်း ဆက်နေခွင့်ရတော့မှာမို့ အရမ်းကို ပျော်ရွှင်သွားသည်။ နောက် ငွေချေဖို့ကိစ္စကို သူတို့ဆက်ပြောကြ သည်။ သော်ဇင် ပျော်လိုက်သည့်ဖြစ်ခြင်း။

□ □ □

အခန်း [၄]

‘‘ဟာ…ဒါဆို မေမရတို့ကော်တာပဲ ကိုကိုကြီး၊ ကိုကိုကြီး ပြောနေတာ တကယ်နော်၊ မေမရကို ညာတာမဟုတ်ပါဘူး နော်’’

မေမရတစ်ယောက် ဝမ်းသာလွန်းသဖြင့် တန်းလျားလေး ပေါ်မှာ ပိတောက်ပင်အောက်မှာ ခုန်ဆွခုန်ဆွ ဖြစ်နေသည်။ ညီမ လေး အူမြူးနေပုံကလေးကြည့်ပြီး ဝမ်းသာနေရသူက သော်ဇင်။

‘‘ညည်းကို ငါက ညာပါ့မလား မေမရရယ်၊ နေ့လယ် က အဲဒီဒေါ်ထားခင်ဆိုတဲ့ အဘွားကြီး လာသွားတယ်၊ သူကပြော သွားတာ ခြံထဲကအလုပ်ကို လုပ်ပေးနိုင်မယ်ဆိုရင်တော့ ခြံထဲမှာပဲ နေခွင့်ပေးမယ်၊ လခလည်းပေးမယ်၊ ထမင်းလည်းကျွေးမယ်တဲ့’’

‘‘ဟေး’’



www.burmeseclassic.com

www.burmeseclassic.com



သော်ဇင့်ကိုပတ်၍ မေ့မရ လျှောက်ပြေးနေသည်။ မေ့မရ ဆံပင်ကလေးတွေ လေထဲမှာ လွင့်နေသည်။ မေ့မရတစ်ကိုယ်လုံး သွက်သွက်ခါ လှုပ်ယမ်းနေသည်။

“ဟဲ့...ဟဲ့ ဟာ ဒီကောင်မလေး ဒီမှာ ငါ လုံချည်ကျွတ်ကျတော့မယ်ဟ”

သော်ဇင့်ခါးကိုဖက်၍ ပတ်ပြေးနေခြင်းမို့ သော်ဇင့်ခါးက လုံချည်က ကျွတ်ချင်လာသည်။ မေ့မရကတော့ သော်ဇင် ဘယ်လောက်အော်အော် မရပ်သေးပါ။ သော်ဇင့်မှာသာ လုံချည်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ရင်း မေ့မရကို မောင်းထုတ်နေသည်။

“သွားတော့...သွားတော့ လုပ်စရာရှိတာ သွားလုပ်တော့”

မေ့မရ မောလာတော့မှ ရပ်သည်။

“မေ့မရဝမ်းသာလို့ပါ ကိုကိုကြီးရယ်၊ မရကလေ ချောင်ကလောင်ထဲမှာ အိမ်ငှားနေရတော့မယ်ထင်ထားတာ”

“ခု မငှားရတော့ဘူးလေ”

မေ့မရ မျက်နှာလေးမှာ ချွေးစက်ကလေးတွေ စို့နေသည်။ နဖူးပြင် နုနုလေးပေါ်မှာလည်း ဆံပင်ကလေးတွေ ဖရိုဖရဲ ပြိုကျနေသည်။ ရင်ထဲမှာ ခံစားနေရတာတွေအားလုံး မေ့မရ ပြောမိသည်

နိုး:မိုး:၀၁၆ပေ



“အိမ်သာငှားနေရမယ်ဆိုရင် လွယ်မှာမဟုတ်ဘူးနော် ကိုကိုကြီး၊ အိမ်ရှင်က အပေါက်ဆိုးရင် စိတ်ညစ်ရမှာသေချာတယ်”

“ဒါပေါ့ ညီမလေးရယ်၊ ရန်ကုန်မှာ အိမ်ရှင်အိမ်ငှား ပြဿနာတွေက ဒုနဲ့ဒေး၊ ပြဿနာဖြစ်လို့ ရန်ပွဲတွေဖြစ်ပြီး ခုတ်ကြသတ်ကြတာတွေတောင်ရှိတယ်၊ လူဖြစ်လာရင် နေဖို့က ပထမ၊ စားဖို့က ဒုတိယ၊ ဝတ်ဖို့က တတိယတဲ့၊ နေဖို့မပူရရင် စားဖို့ကို စိတ်ချလက်ချ ရှာနိုင်မယ်၊ နေဖို့က အရမ်းအရေးကြီးတယ်၊ ကိုကြီးတို့တွေ ဒေါ်ထားခင်ဆိုတဲ့အဘွားကြီးကို ကျေးဇူးတင်ရမယ်သိလား ညီမလေး၊ သူကသာ မနေနဲ့ဆိုရင် တို့အားလုံးသွားရော၊ ခုလောက်ဆို ဒေါ်ထားခင်နှင်ချလိုက်လို့ တို့အားလုံး သောင်ပြင်လွှတ်တဲ့ ရွှေဟင်္သာလေးတွေ ဖြစ်ကုန်ကြပြီ”

“သောင်ပြင်လွှတ်တဲ့ ခွေးပါ ကိုကိုကြီးရယ်”

“အောင်မယ် တို့မောင်နှမတွေထဲမှာ ခွေးနဲ့တူတာ ဘယ်မှာပါလို့လဲ၊ အားလုံး အချောလေးတွေချည်းပဲဥစ္စာ၊ ဟား...ဟား”

ခုမှ မောင်နှမတွေ ရယ်နိုင်မောနိုင်ကြပြီမဟုတ်ပါလား။

“ကဲ ညီမလေး ရေသွားချိုး၊ ပြီးရင် ထမင်းစားကြရအောင်”

ထမင်းစားရင်း ဖေဖေ့ကိုပါ သည်အကြောင်း အပြည့်အစုံ

နိုး:မိုး:၀၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်၏။ ဖေဖေသိတော့ မျက်ရည်ဝိုင်းနေသည်။

"ရန်ကုန်မှာ ကျောချစရာ နေရာလေးတစ်နေရာရဖို့က တကယ့်ကို မလွယ်ပါလားနော်၊ အင်း…ငွေ ငွေ ချစ်ဖို့လည်းကောင်း၊ ကြောက်ဖို့လည်းကောင်း၊ ဖေဖေမိုက်တာ ဖေဖေမိုက်တာ"

"ပြောပြန်ပြီ ဖေဖေရာ၊ အတိတ်ကို အတိတ်မှာပဲထားခဲ့စမ်းပါ ဖေဖေရယ်၊ ဒါတွေပြန်ပြောနေရင် စိတ်မကောင်းဖြစ်ရတာပဲ အဖတ်တင်မယ်၊ ကဲ စား၊ မရ ဖေဖေ့ပန်းကန်ထဲကို အသားဖတ်နွှာပြီး ထည့်ပေးလိုက်ဦး"

"ဟုတ်သားပဲဖေဖေရယ်၊ ဖေဖေက အဲဒါကြီးကို အမြဲသတိရပြီး ပြောပြောနေတော့ သားတို့လည်း ဘယ်စိတ်ကောင်းပါ့မလဲ၊ သားတို့က ဖေဖေ့ထက်တောင် ခံစားရသေးတယ်၊ ဒီအိမ်နဲ့ ဒီခြံကြီးဟာ သားတို့အိမ်၊ သားတို့ခြံအိမ်ကြီးကို မော်ကြည့်မိတိုင်းသားတော့ ငိုတောင်ငိုချင်တယ်၊ အဟုတ်၊ ငိုလို့မရလို့ ဒီအတိုင်းအောင့်ထားရတာ"

သော်မော် ပြောလည်း ပြောချင်စရာပါ။ တကယ်တော့ သည်ပန်းရိပ်မွန်ခြံသည် တစ်ချိန်က သော်မော်တို့ ပိုင်ဆိုင်ခဲ့သည့်ခြံ။ သော်မော်တို့ ပြေးလွှားဆော့ကစားခဲ့သည့်ခြံ။ သော်မော် အပါအဝင် ဘယ်သူတွေက မေ့နိုင်တော့မှာလဲ။ မေ့မရ ရှစ်နှစ်သမီးအရွယ်မှာ ကုန်သည်သူဌေး လက်ထဲကို ထိုးအပ်ရောင်းချခဲ့သည်။





မေ့မရ ဆယ့်သုံးနှစ်မှာ ဦးလေးတိုးက ကုန်သည်သူဌေးလက်မှ ပြန်ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ခုတော့ ပန်းရိပ်မွန်၏ အရှင်သခင်သည် ဒေါ်ထားခင်တဲ့။

"သားသာ ဖေဖေတို့ ဟိုတုန်းကလောက် ချမ်းသာလာရင် ဒီအိမ်နဲ့ ဒီခြံကြီးကို ပြန်ဝယ်ပစ်တယ်သိလား၊ ဘာပဲပြောပြောသားနေမှာ ပြန်ဝယ်နိုင်အောင်ကို ကြိုးစားဦးမယ်၊ ဟင်း လူကြံရင်ဖြစ်နိုင်တာ ဘာမှမရှိပါဘူး ဖေဖေရာ၊ အရေးကြီးတာ အလုပ်လုပ်ဖို့ အလုပ်လုပ်ဖို့"

သော်မော် တတွတ်တွတ်ပြောနေသည်။ မေ့မရကတော့ အစားမကျသူမို့ စကားတစ်လုံးတောင် ဝင်မပြောနိုင်အားရှာတော့ပါ။ ပါးစပ်ထဲမှာ ထမင်းတွေ ပလုပ်ပလောင်း ဖြစ်နေရပြီမဟုတ်လား။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့မို့ ဘုရားမှာ လူစည်နေသည်။ ဖူးဝေတို့ဆိုင်ကတော့ မိုးမလင်းခင်ကတည်းက ကွမ်းအစ်တစ်လုံး ဈေးဦးပေါက်ပြီးနေပြီ။ ရဲရင့်လည်း ရောင်းကောင်းနေသည်။ ရဲရင့်ဆိုင်က ကြေးကုန်သံကုန်ဆိုင်။ ကြေးထည် သံထည်နှင့်ပတ်သက်သော ကြေးကွမ်းအစ်၊ ကြေးလင်ပန်း၊ ကြေးစည်၊ ကြေးမောင်း၊ ကြေးခွက် အစရှိသည့် ကြေးထည်ပစ္စည်းများ၊ ဓား၊ လှံ၊ လက်နက်၊ ကွမ်းညှပ် စသော သံထည်ပစ္စည်းများကို ရဲရင့်ဆိုင်မှာ အားလုံးရနိုင်သည်။ တကယ်တော့ သည်ဆိုင်ကလေးက ရဲရင့်မေမေ ထားခဲ့သော အမွေ လက်ငုတ်လက်ရင်းဆိုင်ကလေးပါ။ ရဲရင့်တို့ ဘိုးဘွားဘီဘင် လက်ထက်ကတည်းက အားကိုးခဲ့ရသည့် ဆိုင်ကလေး။ ရဲရင့် အစီအမံကောင်းမှုကြောင့် အမေတို့ အဘိုးတို့ လက်ထက်ကထက် ရဲရင့်လက်ထက်မှာ ပိုပြီးတိုးတက်လာသည်ကတော့ အမှန်ပင်။ ရဲရင့်က ကြိုးစားသည်။ အသုံးအဖြုန်း အပျော်အပါးနည်းသည်။ အပေါင်းအသင်းဆို၍လည်း ရဲရင့်မှာ များများစားစားမရှိ။ ရဲရင့်



စွဲစွဲမြဲမြဲ ပေါင်းသူတွေက သော်ဇင်တို့ သော်မော်တို့ ညီအစ်ကိုတွေ ရယ်ပါ။

သူတို့နှစ်ယောက်ကိုတော့ ရဲရင့်ခင်သည်။ အကြီးဖြစ်သော သော်ဇင့်ကိုတော့ ရဲရင့် လေးလည်းလေးစားသည်။ အစ်ကို တစ်ယောက်လိုလည်း ချစ်သည်။ ရဲရင့် ကြည့်မရဆုံးက မေ့မရပင်။ ပုံစံက ယောကျ်ားလိုလို မိန်းမလိုလို ဘယ်တော့မှလည်း တည်တည် တံ့တံ့ ငြိမ်ငြိမ်သက်သက်မရှိ။ ခေါင်းလှုပ်ရင်လှုပ်၊ ခေါင်းမလှုပ်ရင် ခြေကလှုပ်နေသည်။ ခေါင်းမလှုပ် ခြေမလှုပ်ရလျှင် ပါးစပ်လှုပ်၍ ဘိုလိုလို၊ တရုတ်လိုလို သီချင်းကို အော်ဆိုပြီး ပတ်ဝန်းကျင် နားငြီးအောင် မရ အစွမ်းကုန် ဟစ်နေတော့၏။ ရဲရင့် မကြိုက်ဆုံး အချက်က ဆန်မရှိအစားကြီး၊ သွေးနားထင်ရောက်နေသောကိစ္စပင်။ လူတိုင်း မာနမကြီးရဟု ရဲရင့် မဆိုချင်ပါ။ လူဆိုတာ မာနနဲ့ပါဟူ သော သီချင်းတစ်ပုဒ်ကိုလည်း ရဲရင့် ကြားဖူးသည်။ ကြီးပေါ့ ရှိသင့်ရှိထိုက်တဲ့ မာနမျိုးကို ထားလိုက်ပါ။ အဲဒါဆို တော်သေး တယ်။ ခုတော့ ကြည့်လေ မေ့မရမာနက။

"ဟဲ့… မေ့မရ ဆိုင်ကြီးပစ်ပြီး ဘယ်တွေလျှောက်သွား နေတာလဲ၊ စောစောက ဝယ်သူတစ်ယောက်လာလို့ ကွမ်းအစ် တစ်လုံး ငါရောင်းလိုက်တယ်၊ ရော့ ပိုက်ဆံ"

ရဲရင့်က ရောင်းရသော ပိုက်ဆံကို ဆိုင်ပေါ်တင်ပေးလိုက်

www.burmeseclassic.com



သည်။

"ဟဲ့ မျက်နှာလည်းမကောင်းပါလား၊ ဟင် မျက်ရည်တွေကလည်းထွက်လို့"

ရဲရင့် မေမရကို မျက်ခုံးပင့်ကြည့်လိုက်သည်။ မေမရ ပြဿနာရှာလာပြန်ပြီးကိုး။ ရဲရင့် မိတ်ကသိလိုက်၏။ မေမရ နှာခေါင်းချွန်ချွန်ကလေးမှာ ငိုထားသဖြင့် ထိပ်ဖျားကလေးတွေ နီရဲနေသည်။

"ပြောစမ်း မေမရ၊ နင် ဘာဖြစ်လာတာလဲ ငါကိုပြောစမ်း"

"အဟင့် အဟင့်"

"ဟောဗျာ"

ရဲရင့်က မေးတော့မှပင် မေမရတစ်ယောက် အသံကလေး ထွက်အောင် ငိုပါတော့သည်။

"နင်နဲ့ကတော့ တကယ်ကို ခက်တာပဲ မေမရရယ်၊ ဆိုးလိုက်တာလည်း၊ တာတေကိုလန့်လို့၊ ခုလည်း ဘာဖြစ်လာမှန်းမသိဘူး၊ မေးတာလည်း မေးလို့မရဘူး"

"ဒီကွမ်းအစ်လေးတွေက ဘယ်လောက်လဲ မောင်လေး"

ဈေးဝယ်သူတစ်ယောက် ဆိုင်ရှေ့မှာ ရပ်မေးလာသဖြင့် မေမရကို ဂရုမစိုက်အားတော့ဘဲ ရဲရင့် မျက်နှာကို လှည့်လိုက်သည်။



"အဲဒါလေးက လေးထောင်ငါးရာပါ အစ်မ၊ ဒါ ဂျပန်ဒီဇိုင်းဆိုလေ"

"ဘာလဲ ဂျပန်ဒီဇိုင်း"

"ဪ ဒီလိုပါ အစ်မ၊ ဂျပန်ဒီဇိုင်းဆိုတာ ဂျပန်တွေ ကြိုက်တတ်တဲ့ အရောင်အသွေး၊ ဂျပန်တွေ ဆွဲတတ်တဲ့ ပုံစံမျိုးရေးထားလို့ ဂျပန်ဒီဇိုင်းလို့ ခေါ်တာပါ၊ သူတို့က သိပ်ပြောင်ပြောင်လင်းလင်းကြီးကို မကြိုက်ဘူးလေ"

"ဟောဒီဘက်က ကွမ်းအစ်နဲ့တော့ မတူဘူးနော်"

"မတူဘူးလေ၊ အဲဒါက ဇာတ်ကြီးဆယ်ဘွဲ့ကို သရုပ်ဖော်ရေးထားတဲ့ပုံတွေ၊ ရှေးလက်ရာတွေပေါ့ အစ်မရာ"

ကွမ်းအစ်ပေါ်မှာ ရေးထားသည့်ပုံတွေအကြောင်းကို ဝယ်သူစိတ်ပါအောင် ရဲရင့် ရှင်းပြနေရသည်။ ဒါမှလည်း ဝယ်သူက ပစ္စည်းအပေါ် စိတ်ဝင်စားလာမယ်မဟုတ်လား။ ရဲရင့် အခိုက ပြောချင်တာက မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာအကြောင်းတွေကိုပါ။

"ဟိုတုန်းကဆိုရင် ကွမ်းအစ်ကောင်းတစ်လုံး ဖြစ်ဖို့ လွယ်တာမှမဟုတ်ပဲ အစ်မ၊ သရိုးကိုင် စစ်ဆေးသုတ်ပြီး 'ဟား' ပေးရသေးတာ၊ မြေဋ္ဌေတစ်ခါပေးရင် လနဲ့တောင် ချီကြာပြီး မေမရ ရှေးလူကြီးတွေကပြောတယ်၊ အဲ လက်ရာကျတော့ ...င် ရန်ကောင်

www.burmeseclassic.com



လန်းလန်း ဆတ်တောက်ဆတ်တောက်ကြီးတွေ မဟုတ်ဘူး၊ နူတယ် စိပ်တယ်၊ ပျော့ပျောင်းသေသပ်တယ်၊ ပုဂံက ဘုရားတွေကို ကြည့်ပါလား၊ ခုတော့ မြန်မာ့အနုပညာ ရှေးရိုးလက်ရာတွေကို ဘုရားနံရံတွေနဲ့ ဒီကွမ်းအစ်တွေပေါ်မှာပဲ 'ရှိတော့မယ်ထင်တယ်'"

"ငါ့မောင်ပြောတာနဲ့ အစ်မတောင် ဈေးမဆစ်ဘဲ ဝယ်ချင်စိတ်ပေါက်လာပြီ"

"ဟုတ်ကဲ့ အစ်မ ယူမယ်ဆိုရင်တော့ ကျွန်တော် ငါးရာလျှော့ပေးမယ်"

"ယူမယ်လေ"

သတင်းစာစက္ကူဖြင့် သေသေသပ်သပ်ဖြစ်အောင် ထုပ်ပိုးပေးရသည်။ ရောင်းလိုက်ရပြန်ပြီ။

"ကဲ…ဒေါ်မေမရ၊ နှပ်တွေလည်း တစ်ဆိုင်လုံး ပွကုန်ပြီ၊ ရှော့ လေးထောင်"

"ထားလိုက်ပါလားလို့"

"ပြောလေ စောစောက ဘာဖြစ်လာတာလဲဆိုတာ"

ဘူး "လိုက်မေးကြည့်…လိုက်မေးကြည့်"

"အောင်မယ် စပ်စပ်စုစု ငါက ဘယ်သူ့ကို လိုက်မေးရ

ဦးပြောတာပဲ ငါနားထောင်ချင်တယ် ပြော"

မေမရကို ဂုရ အလကားလူတွေ၊ အစုတ်ပလုတ်တွေ၊ ဟင်း သူ့ပုံများ



မရက ချစ်ရမတဲ့"

"ဩော်…လက်စသတ်တော့ ခာတ်ပုံဆရာတွေနဲ့ ပြဿနာဖြစ်လာပြီနဲ့တူတယ်၊ ဟုတ်လား မေမရ"

"ဟုတ်တယ်၊ ဟို မျက်မှန်နဲ့အကောင်"

"ဟား…ဟား မေမရရယ် နင်ကလည်း သူတို့စိတ်တွေ အမျိုးမျိုးဖြစ်လာအောင် ပုံစံအမျိုးမျိုးနဲ့ အိုက်တင်တွေထုတ် အပို ကြီးသွားသွားလုပ်ပြနေတာကိုးဟ၊ ဖက်နမ်းမလွှတ်လိုက်တာ ကံကောင်း"

"ဘာ"

ရဲရင့် ခပ်ရမ်းရမ်းစကားကြောင့် မေမရမျက်နှာလေး ရဲတွတ်သွားသည်။ မေမရ ဒေါသထွက်သွားပြီ။

"ရဲရင့်နော် စကားပြောတာ ကြည့်ပြော၊ လူကို ဘယ် အစားထဲက မှတ်လို့လဲ၊ တစ်သက်လုံးက တိုက်နဲ့ကားနဲ့ နေလာ တာ၊ အဲဒီကောင်တွေလို လမ်းဘေးအိပ် လမ်းဘေးစား မဟုတ်ဘူး သိလား၊ မွေးကတည်းက ဘယ်လင်ပန်းနဲ့ အချင်းဆေးသလဲဆိုတာ ပြောပြလိုက်မယ်"

"ဘယ်လင်ပန်းလဲ ဒန်လင်ပန်းလား၊ ဟား…ဟား"

ခွက်ထိုးခွက်လန် ရယ်နေသော ရဲရင့်ကိုကြည့်ပြီး မေမရ တစ်ယောက် ဒေါသလေးထွက်ကာ ဆတ်ဆတ်ခါအောင် ရန်တော်င်

www.burmeseclassic.com

www.burmeseclassic.com

ပစ်လိုက်သည်။

"ဒီမှာ ရဲရင့် မရတို့ကလေ တစ်သက်လုံး လက်မကို ဒီလိုဒီလို ထောင်လာတာသိလား၊ ကိုယ်နဲ့ အဆင့်အတန်းတူတာပဲ စဉ်းစားမယ်၊ အဆင့်အတန်း မတူရင် စဉ်းစားဖို့ဆိုတာ ဘေးချိတ်အိပ်မက်ထဲတောင် ထည့်မမက်ဘူး၊ နားလည်လား"

"နားလည်ပါတယ် ခေါ်မီလျှံနှာကြီးရယ်၊ ဟင်း ဟင်း"

"ဟွန့်"

မရ မျက်စောင်းကြီးကို ဒိုင်းခနဲ ထိုးပစ်လိုက်သည်။ ပြီးတော့ ပါးပြင်ပေါ်က မျက်ရည်စကလေးတွေကိုလည်း ပွတ်သပ်ဖယ်ရှားပစ်လိုက်၏။

"ခက်တယ် မေ့မရ၊ နင်သိပ်ခက်တယ်၊ လောကကြီးက နင်သိထားတာထက် အဆပေါင်းတစ်ထောင်လောက် ပိုကျယ်ဝန်းတယ်၊ ခုမှ နင့်အသက်က ငယ်ငယ်လေးရှိသေးတယ်၊ ရင်ဆိုင်ရမယ့်အရာတွေ ဖြတ်သန်းရမယ့် ခရီးလမ်းတွေက အများကြီး"

ရဲရင့်မျက်နှာက စောစောကလို မဟုတ်တော့။ ခုမှ တည်ငြိမ်လေးနက်လာသည်။ မေ့မရကတော့ ဆိုင်ပေါ်တင်ထားသည့် ကာတွန်းစာအုပ်ကို ဆွဲဖတ်ရင်း သူ့ကိုမပြောသလို လုပ်နေသည်။

"မဆိုင်ဘဲနဲ့ အခြောက်တိုက် ဘဝင်မြင့်နေမယ်ဆိုရင်တော့ နင့်ဘဝဟာ ဘယ်တော့မှ တိုးတက်လာမှာမဟုတ်ဘူးလို့ ငါတော့ယုံကြည်တယ် မေ့မရ၊ ချမ်းသာတဲ့ဘဝကို ပြန်ရောက်ချင်ရင် အခြောက်တိုက် ဘဝင်မမြင့်နဲ့၊ မာနမကြီးနဲ့၊ ကိုယ်လုပ်စရာရှိတဲ့အလုပ်ကို ခွဲခွဲမြဲမြဲလုပ်၊ အဲဒါပဲ"

ရဲရင့် ပြောပြီး မိမိဆိုင်ဘက်သို့ ပြန်ထွက်လာခဲ့တော့သည်။ ခက်တယ် မေ့မရရယ်၊ နင့်အတွက် ငါတကယ်ပဲ ရင်လေးမိသေးတယ်။

"ဟဲ့ . . . ရဲရင့်"

"ဟာ . . . မမသန်း"

"ဝေါင်တိ ဝေါင်တောင်နဲ့ ဘာတွေများ ဒီလောက်တောင် စဉ်းစားနေတာလဲဟ၊ ငါခေါ်နေတာ အခွန်းတစ်ရာလောက် ရှိနေပြီ"

မမသန်းက တံခွန်ကုက္ကား ဘုရားပန်းရောင်းသောဆိုင်မှ ဖြစ်သည်။

"ထိုင်လေ မမသန်း"

"ပြောရဦးမယ် ရဲရင့်၊ နင်ကြားပြီးပြီလား"

"ဘာကိုလဲ မမသန်း"

မမသန်းထံမှ ထူးထူးဆန်းဆန်း စကားကြောင့် ရဲရင့် စိတ်ဝင်စားသွားသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ဆိုင်က ကောင်မလေးလေ၊ ဘုရားပေါ်မှာ ပြဿနာဖြစ်လာတာ"

"ဪ…ဒါလား"

ရဲရင့်က သူသိပြီးသားအကြောင်းအရာမို့ သိပ်တုန်လှုပ်မနေတော့ဘဲ မမသန်း ဆက်ပြောလာမည့် စကားကိုသာ အေးအေးဆေးဆေး နားစွင့်ထားလိုက်သည်။

"ကောင်မလေးကတော့ တော်တော်ရုပ်တဲ့ ကောင်မလေးပဲ၊ ဓာတ်ပုံဆရာကို သူပဲ သွားသွားပြီး ချဲလိုက်နဲ့လိုက်နဲ့ ဓာတ်ပုံရိုက်ခိုင်းနေတာ ဘယ်လောက်ကြာပြီလဲ၊ ဟော ဟိုကလည်း ရပာန္တာမဟုတ်တော့ ကြာတော့ ရှုပ်ကုန်ရော၊ အဲဒါ မနက်က ဓာတ်ပုံဆရာလေးက ရည်းစားစကား ပြောတာကို မတူဘူး မတန်ဘူးဆိုပြီး ပါးရိုက်သွားတာလေ၊ ဟင်း…ပုံကိုက ပုံ့တန်တန်နန့်တန့်တန့်နဲ့ နင်လည်း သိပ်အရောမဝင်နဲ့ ရဲရင့်၊ စေတနာပရမ္မထားပြီး ဘာမှလည်း သိပ်အကူအညီ ပေးမနေနဲ့၊ အဲဒါမျိုးက စိတ်ချရတာမဟုတ်ဘူး၊ သူတို့ကိုယ်သူတို့ တစ်ခါတုန်းက အရမ်းချမ်းသာခဲ့တယ်ဆိုပြီး ဘဝင်လေဟပ်နေတာ၊ ဥစ္စာရှူးတွေ"

မမသန်းအပြောကြောင့် ရဲရင့်ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။

"အဲဒီလောက်ကြီးလည်း မဟုတ်သေးပါဘူး မမသန်း

[redacted]



ရာ သူ့အစ်ကိုတွေလည်း သဘောကောင်းတာပဲဟာ၊ မေ့မရက ငယ်သေးလို့ပါ"

"ဒါလား ငယ်ရာ၊ ဟင်း လင်သာယူလိုက်ရင် ကလေး တစ်ဒါဇင်လောက်တော့ အသာလေးရနေပြီ"

ဘေးက ပြောတာကိုတောင် မေ့မရတို့ဘက်က ရဲရင့် ခင်နာရသေး၏။ မခံချင်ပါ။ မခံနိုင်ပါ။ မေ့မရ ဓာတ်ပုံအရိုက်ခံ ချင်ယ်ဆိုတာလည်း အလကားမဟုတ်။ ရိုက်ပြီးသမျှ ပုံတိုင်း ပိုက်ဆံ ဆေးတတ်မှန်း ရဲရင့်သိသည်။ အဲ ပြောစရာဆိုလို့ တစ်ခုပဲရှိတယ်။ မေ့မရက ကလေးဆန်သည်။ အစ်ကိုနှစ်ယောက်ကြားမှာ ကြီးလာသူဆိုတော့ သူ့အစ်ကိုတွေနှင့် ရွယ်တူမြင်လျှင် အစ်ကိုလိုပဲ မေ့မရက သဘောထားတတ်သည်။ ဒါပေမယ့် အဲဒီလူတိုင်းက မရကို နောက်ဆုံးတစ်နေ့မှာ ကြိုက်သွားကြသည်။ သူတို့စိတ်မဝင်စားဘဲ ကြိုက်တဲ့ဟာ ခံနိုင်ရိုးလား။ မေ့မရက တကယ့်ကို ဖြူဖြူသန့်သန့် တောင့်တောင့်ဖြောင့်ဖြောင့်လေးနှင့် ချစ်စရာလေးဖြစ်သည်။ ရဲရင့် တောင် တစ်ခါတလေ စိတ်ထဲဘာလိုလို။ ရဲရင့်က အနေမှန်အောင် ကြိုးစားသည်။ ကိုယ့်မျက်စိအောက် ရောက်စတုန်းက ကလေး သာသာရယ် ဖြစ်သော်လည်း မေ့မရတို့ ဒီဆိုင်ကလေးကို ရောက်တာ သုံးနှစ်ရှိနေပြီ။ သုံးနှစ်အတွင်း မေ့မရ ပုံစံလေးကလည်း သိသိသာသာ ပြောင်းလဲလာပါသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပန်းဖူးဖူး နုနုလေးများကို မြင်ဖူးကြမှာပေါ့။ ဘယ်လိုမှ ခူးရက်စရာမရှိ။ နမ်းရက်စရာမရှိတဲ့ အချိန်အခါမျိုးလေ။ မေ့မရ အလှက အဲသလိုမျိုး လှတဲ့အလှ။ တို့ရက်ထိရက်စရာမရှိ။ သော် ငါဘာတွေ လျှောက်စဉ်းစားနေမိပါလိမ့်နော်။ ရဲရင့်တစ်ယောက် အသိဝင်လာချိန်တွင် မျက်တောင်ကို ကမျာကယာ မှတ်ခတ်ပြီး သားအိကို လှမ်းကြည့်လိုက်သည်။ မေ့မရကတော့ ကာတွန်းစာအုပ် လေးကိုပဲ သဲသဲမဲမဲ ဖတ်နေဆဲပါ။ ပွပင်ရမှန်းလည်းမသိ။ ရဲရင့် တစ်ယောက် မေ့မရရှိရာကို ဆက်မကြည့်တော့ဘဲ ဆိုင်မှာ လုပ်စရာ ရှိသည့် အလုပ်များကိုသာ ဆက်လုပ်နေလိုက်သည်။ ရဲရင့်အတွက် အလှအပကို ခံစားနိုင်ချိန်မရှိသေးဘူး မဟုတ်လား။ ရဲရင့် ချမ်းသာ အောင် အလုပ်လုပ်ရဦးမယ်လေ။

□ □ □



အခန်း [၅]

မေ့မရ ရင်တွေတုန်နေသည်။ နှလုံးခုန်သံတွေ မြန်နေသည်။ ကိုကိုကြီးက လိုက်ခဲ့စမ်းဆိုလို့သာ မေ့မရတစ်ယောက် ဘာမသိဘာမသိ အဝတ်အစားပင် မလဲအားဘဲ ကောက်လိုက်လာခဲ့သည်။ ပန်းရိပ်မွှန်ခြံကြီးအလယ်မှ နှစ်ထပ်တိုက်မြင့်မြင့်ကြီးရှိရာသို့။

"မင်းတို့ ရောက်လာကြပြီလား"

အသံစိမ်း။ မေ့မရ လုံးဝမကြားဖူးသေးသည့်အသံ။

"ရောက်လာပါပြီ ကြီးကြီး"

"အေး...ထိုင်ကြ"

မေ့မရ အသံရှင်ကို ခပ်ရဲရဲ လှမ်းကြည့်လိုက်သည်။ ဆံနွေတွေရွှေတွေကလည်း တစ်ကိုယ်လုံး ညွတ်လို့ပါလား။ ကတ္တီပါ ရောင်ပြေးနေသည့် ဗြောင်ထဘီအိအိကြီးကပင် တန်ဖိုးနည်းလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ထုံးထားသည့် ဆံထုံးကြီးကလည်း သူ့မျက်နှာပေါက် အချိုးအဆက်နှင့် လိုက်ဖက်လွန်းလှသည်။ အသားအရေက အညို ကြီးမဟုတ်သလို သိပ်အဖြူကြီးလည်းမဟုတ်။ မျက်ခုံးက ဖြောင့် တန်းထင်ရှားနေပြီး မျက်လုံးအစုံက စူးရှတောက်ပလွန်းသည်။ အထူး ခြားဆုံးက အသံ။ ပန်းရိပ်မွှန် အရှင်သခင်အသစ်၏ အမိန့်သံပါ သည့်အသံ။

"ဒါ ကျွန်တော့်ညီမလေးပါ ကြီးကြီး၊ မေ့မရတဲ့"

"မင်းကျောင်းနေသလား ချာတိတ်မ"

အမယ် လူကိုများ ချာတိတ်မတဲ့။ ဟင်း…တင်စီးလိုက် တာ။

"ဖြေလိုက်လေ မေ့မရ"

"နေတယ်၊ ဆယ်တန်းဖြေထားတယ်"

မေ့မရ၏ ဖြေပုံကြောင့် ဒေါ်ထားခင်၏ နှုတ်ခမ်းကြောများ ကျုံ့သွားသည်။

"ဟော့…ချာတိတ်မ၊ မင်းလေသံကို ပြင်လိုက်စမ်း"

"မရ ဘာပြောလို့လဲ"

ဒေါ်ထားခင် အကြည့်က စူးရဲတောက်ပလွန်းနေသည်။ မေ့မရ ဒေါ်ထားခင်ကို မကြည့်ရဲတော့ပါ။

"ကောင်းကောင်းပြောစမ်း မေ့မရ၊ ဒါ ဒီခြံကြီးကို ဦးဆော



ဘိုးဆီက အပြီးအပိုင်ဝယ်လိုက်တဲ့ ပိုင်ရှင် ဒေါ်ထားခင်လေ"

ဒေါ်…ထား…ခင်။ နာမည်လေး သုံးလုံးက မေ့မရ ရင်ထဲကို လျှပ်ပြက်သလို ဖောက်ထွင်းဝင်ရောက်လာသည်။ နေရိပ်၊ နွေရိပ်တွေက မျက်နှာနှင့်အပြည့် လွှမ်းမိုးထားသည်။

"ဒီမှာ ချာတိတ်မရဲ့ ငါ့မျက်နှာကို မင်း သေသေချာချာ ကြည့်လိုက်စမ်းပါ၊ ကြည့်လေ ဘာငိုနေတာလဲ၊ ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း"

သူ့အမိန့်တွေအောက်မှာ မရတစ်ကိုယ်လုံး လှုပ်လို့မရ အောင် အချုပ်အနှောင်ခံလိုက်ရပြီ။

"ဟင်း…ဟင်း မင်းမဆိုးဘူး၊ မင်းက တော်တော်လာတဲ့ ချာတိတ်မပဲ၊ မင်းနာမည်က ဘယ်သူ"

"မေ့မရ"

"မေ့မရ…မေ့မရ"

ဒေါ်ထားခင်တစ်ယောက် မေ့မရနာမည်ကို နှုတ်က အထပ်ထပ်အခါခါရွတ်ရင်း တစ်နေရာကို စူးစူးစိုက်စိုက် ကြည့်နေ သည်။ နောက်အရူးတစ်ယောက်လို ခြောက်ကပ်ကပ် ရယ်သံတစ်ခု က ဒေါ်ထားခင်နှုတ်ဖျားမှ ပေါ်ထွက်လာသည်။

"မေ့မရ…မေ့မရ၊ နာမည်ရော လူရော တကယ့်ကို အပျံစားပါပဲလား"

www.burmeseclassic.com

www.burmeseclassic.com



မေ့မရ စိတ်ထဲက ပြန်ပြောမိသည်။

''ပျံတယ်…ပျံတယ် ဘာဖြစ်လဲ၊ မေ့မရ တစ်သက်လုံးက အဲဒီလိုပဲ နေလာတာ၊ ဟင်း နောက်ဆို ဒီထက်တောင်ပျံဦးမယ် ကြည့်လိုက်ပေါ့ မေ့မရတဲ့''

''ဒီမှာချာတိတ်မ''

မေ့မရ မျက်လုံးလေး ထောင့်ကပ်၍ လှမ်းကြည့်သည်။

''ဒီခြံဟာ ဒီနေ့ဒီအချိန်ကစပြီး ငါပိုင်တဲ့ခြံ ဖြစ်သွားပြီ၊ ဒီခြံနာမည်ကိုလည်း ပြောင်းပစ်လိုက်ပြီ၊ ပန်းရိုမ်မွန် မဟုတ်တော့ဘူး၊ သဇင်မြိုင်''

သဇင်မြိုင်…သဇင်မြိုင်တဲ့။ အို…ဒီနာမည်က ဖေဖေတို့ အဘိုးအဘွားတွေ လက်ထက်ကတည်းက ဒီခြံကို မှည့်ခေါ်ကမွည်းထိုးခဲ့တဲ့ နာမည်ပါလား။ သဇင်မြိုင် ဖေဖေ့အဘွား ဒေါ်သဇင်မြိုင်ကို အစွဲပြုမှည့်ခေါ်ခဲ့တာ သဇင်မြိုင်။

''ဒီမှာ ငါပြောတာ မင်းတို့သေသေချာချာနားထောင်''

''ပြောပါ ကြီးကြီး''

''ငါ့ခြံထဲမှာ မင်းတို့ ဆက်နေချင်သေးတယ်ဆိုရင်တော့ ငါ့အမိန့်ကို မင်းတို့နာခံရမယ်၊ ငါ့အမိန့်ကို မနာခံတဲ့လူ ဆန့်ကျင်တဲ့လူရှိရင် ခြံထဲက အခုထွက်သွားနိုင်တယ်၊ အေး…ငါ့အမိန့် ငါ့ဩဇာအောက်မှာနေပြီး ငါ့စကားကို နာခံမယ်ဆိုရင် မင်းတို့မိသားစု



တစ်သက်လုံး နေနိုင်တယ်၊ ဘယ်ကိုမှ ပြောင်းစရာမလိုဘူး ကြားလား''

''ကြားပါတယ် ကြီးကြီး''

''အေး…ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ မင်းတို့နေချင်တယ်ဆိုရင် ငါ့ခြံထဲက အလုပ်တစ်ခုခုကို လုပ်မှ နေလို့ရမယ်လို့ ငါ အရင်ကတည်းက ပြောထားခဲ့တယ်၊ အခု အဲဒီကိစ္စပြောဖို့ မင်းတို့ကို ခေါ်လိုက်တာပဲ''

မေ့မရတို့ မောင်နှမနှစ်ယောက် ငြိမ်နေကြသည်။

''မေ့မရ''

''ပြောပါ ကြီးကြီး''

ကိုကိုကြီးခေါ်သလို ကြီးကြီးလို့ပဲ မေ့မရ ခေါ်ပစ်လိုက်သည်။ ကြိုက်ရဲ့လားတော့မသိ။ ကြိုက်ချင်လည်းကြိုက် မကြိုက်ချင်လည်းနေ။

''နင့်ကို ငါ အလုပ်ပေးမယ်၊ နင်လုပ်နိုင်မလား''

မေ့မရ ဘယ်လိုပြန်ဖြေရမှန်းမသိ။ ဒေါ်ထားခင်၏ စကားသံတွေက ရင်သီးမောက်မာလွန်းလှ၏။

''မရ…မရ၊ ကျောင်းတက်နေရ''

''အို…ဒါတွေ ငါနားလည်တယ် မေ့မရ၊ ငါ ဒီလောက်လူတစ်ဖက်သားကို ဘဝပျက်အောင် မလုပ်ဘူး၊ ဒီမှာ ငါ မင်းကို

www.burmeseclassic.com

www.burmeseclassic.com

ရှင်းရှင်းလေးပဲပြောမယ်၊ မင်းကျောင်းတက်ဖို့ ကျောင်းနေဖို့ကိစ္စကို ငါတာဝန်ယူတယ်၊ ကျောင်းချိန်မဟုတ်တဲ့အချိန်မှာ ငါခိုင်းတဲ့အလုပ်ကို မင်းလုပ်ရမယ်၊ အဲဒါ လုပ်နိုင်မလားလို့ မင်းကိုမေးနေတာ"

မေ့မရ ရုတ်တရက် ဘာပြောရမှန်းမသိဖြစ်ကာ ကြောင်ကြည့်နေမိသည်။

"လုပ်မယ်လို့ဖြေလိုက်လေ"

ကိုကိုကြီးက သားကတွန်းသည်။

"လုပ်မယ်"

"အေး…ဒါဆိုပြီးပြီ၊ ပြန်တော့ မင်းတို့နှစ်ယောက်စလုံး ပြန်တော့"

မေ့မရတို့ မောင်နှမနှစ်ယောက် ရုတ်တရက်မို့ ဆက်ထိုင်နေရမလို ထရမလိုနဲ့ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားရသည်။

"ပြန်တော့လေ၊ ဘာကြောင်နေတာလဲ"

"ဟုတ်…ဟုတ်ကဲ့ ကြီးကြီး"

နောက်တစ်ခွန်း ထပ်ပြောတော့မှ မောင်နှမနှစ်ယောက် ထကြသည်။ အပြင်ရောက်တော့…၊

"အဘွားကြီးလေသံကလည်း မာလိုက်တာ ထန်လို့၊ ဟင်း ပိုက်ဆံမရှိသေးလို့ ဒီလောက်သည်းခံနေတာ၊ ပိုက်ဆံသာရှိရင် အခုချက်ချင်း ပြောင်းတယ် ကြာသလားလို့"





မေ့မရတစ်ယောက် မကျေမနပ်နှင့် တစ်လမ်းလုံး တတွတ်တွတ် ပြောလာသည်။

"သည်းခံလိုက်ပါ ညီမလေးရယ်၊ တို့မှာက လောလောဆယ် နေစရာအိမ်ဝယ်နိုင်သေးတာ မဟုတ်ဘူးဟာ၊ ရှာရဖွေရဦးမယ်၊ စုဆောင်းရဦးမယ်၊ ရန်ကုန်က အိမ်မြေဈေးတွေကလည်း သိတဲ့အတိုင်း လုံးချင်းအိမ်မပြောနဲ့ တိုက်ခန်းဝယ်ဖို့ဆိုတာတောင် လွယ်တာမဟုတ်ဘူး"

"ဒီအိမ်နဲ့ ဒီခြံကြီးကို ရောင်းလိုက်ရတာ မေ့မရတော့ အရမ်းနမြောတာပဲ ကိုကိုကြီးရယ်၊ အိမ်ကြီးထဲ ရောက်သွားတော့ ငိုချင်တာ အရမ်းပဲ စိတ်ကိုမနည်းထိန်းထားရတယ်"

"လောကကြီးမှာ အားလုံးအားလုံးဟာ ဘယ်သူမပြု မိမိမှုတွေပဲ ညီမလေး၊ ဖေဖေ့ကိုချည်း အပြစ်ပုံချနေလို့ မပြီးသေးဘူး၊ ဖေဖေမိုက်ခဲ့တာက မိုက်ခဲ့တာပဲ၊ ဖေဖေ့ကို အပြစ်ပြောရင် ငရဲကျတာပဲရှိမယ်၊ မိဘကို ဘယ်တော့မှ မစော်ကားနဲ့ ညအိပ်ရာဝင်တိုင်း ဖေဖေ့ကိုကန်တော့ပြီးမှအိပ် ကြားလား ညီမလေး"

သော်ဇင် နှမလုပ်သူကို ဖျောင်းဖျမိသည်။ တစ်ခါတလေ မေ့မရက ဆိုးချင်နွဲ့ချင် ဂျစ်ကျချင်သည် မဟုတ်လား။ ငယ်သူဆိုတော့ ဒါတွေတို သိနားလည်တတ်လိမ့်မည်မဟုတ်။ ဖေဖေ့ကိုတော့ သော်ဇင် သနားပါသည်။ အခုချိန်မှာ ဖေဖေ အရမ်းနောင်တရနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အရင်က ထမင်းစားခါနီးတိုင်း အရက်ကလေးဘာလေး နည်းနည်းပါးပါး သောက်သော်လည်း အခု လုံးဝမသောက်တော့။

"အရက်ဆိုတာ ဘဝကိုဖျက်တာပဲကွ၊ အစတုန်းက မသိခဲ့လို့ သောက်တာ၊ အခု သိပြီ မသောက်တော့ဘူး၊ မင်းတို့လည်း ဘယ်တော့မှ မသောက်ကြနဲ့၊ အရက်သောက်ရင် လူညွန့်တုံးပြီသာမှတ်"

တစ်ခါတုန်းက ဟိုတယ်တကာတက်၍ အရက်ကို စိတ်ကြိုက်သောက်ခဲ့သော ဖေဖေ့နှုတ်မှ ထွက်လာသည့်စကားတွေ။ ဖေဖေ အရက်ကို မုန်းတီးစက်ဆုပ်သွားချိန်တွင် ဖေဖေ့ဘဝသည် အိပ်ရာထက်၌ လဲရသော ဘဝကိုပင် ရောက်ခဲ့ရပြီဖြစ်သည်။ အရက်ကြောင့် ဖေဖေ့စာရိတ္တတွေ ပျက်ခဲ့ရသည်။ အရက်ကြောင့် ဖေဖေ့စည်းစိမ်တွေ ဆုံးရှုံးခဲ့ရသည်။ တရားကို သိလျက်နှင့် မိုက်လုံးကြီးခဲ့သည်။ ခုတော့ တစ်ခုသော အခန်းကျဉ်းကလေးထဲက ဖျာချပ်ကလေးပေါ်မှာ ဖေဖေရောက်နေရပြီ။ ဖေဖေ့ဘဝ၏ နောက်ဆုံးလမ်း။ သော်ဇင်တစ်ယောက် ပင့်သက်ကိုသာ ဟင်းခနဲ ချပစ်လိုက်သည်။ မလွယ်ပါလား လောကကြီးရယ်။

□ □ □

## အခန်း [၆]

"လိုက်ခဲ့စမ်း ချာတိတ်မ" တဲ့။

သူ့ခေါ်ရာကို မေ့မရ လိုက်ခဲ့ရသည်။ သူ့အမိန့် သူ့ဩဇာအောက်မှာ မေ့မရ ရောက်ခဲ့ရပြီလေ။

"လေဆိပ်ကို မောင်း ကိုသန်း"

ခေါ်ထားခင်နှင့်အတူ ပါလာသော ဒရိုင်ဘာ ကိုသန်းက ကားစက်ကိုနှိုးသည်။ ကားက ခြံထဲမှာ နှစ်စီးရှိသည်။ တစ်စီးက အသစ်ကြီး၊ ခြံထဲရောက်သည့်နေ့ကတည်းက ထိုကားသစ်ကြီးကို ထုတ်တာ မောင်းတာမတွေ့ရ။ ကားရုံထဲမှာ ပလတ်စတစ် အပြာကြီးကို အုပ်ထားပြီး ကားရုံသော့ကို အထပ်ထပ်ပိတ်ထားသည်။

"ချာတိတ်မ"

"ညည်းတို့မှာ မောင်နှမသုံးယောက်ရှိတယ်ဆို"

"ရှိတယ်လေ ကြီးကြီး၊ အစ်ကိုကြီး ကိုသော်ဇင်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုယ် ကိုသော်မော်ရယ်၊ မေ့မရရယ်''

''အေးလေ ငါတွေ့ဖူးတာ ညည်းနဲ့ဟို ဖြူဖြူမြင့်မြင့်ကို ပဲ တွေ့ဖူးတာ''

ကိုကိုလေးကို မေးနေမှန်း မေ့မရ သိလိုက်သည်။

''ဟို ကိုလေးကိုပြောတာထင်တယ်၊ ကိုကိုလေးက မနက် ဆို ဘယ်သူမှမနိုးခင် အိပ်ရာက အစောကြီးထပြီး ဘုရားမှာ ဆိုင်သွားဖွင့်ရတယ်လေ''

''ဘုရားမှာ''

''ဟုတ်တယ် ကြီးကြီး၊ မေ့မရတို့က ဘုရားမှာ ယွန်းဆိုင် ကလေးဖွင့်ထားတယ်''

ဒေါ်ထားခင်တစ်ယောက် ကြားလိုက်ရသောစကားကြောင့် မျက်ခုံးတန်းလေး နှစ်ခုပင် ကျုံ့တက်သွားရသည်။

''ဩော်...ညည်းတို့က ဈေးတောင်ထွက်ရောင်းနေရတာ ကိုး''

ဒေါ်ထားခင်အသံမှာ နှိမ်သံလေးပါနေသော်လည်း မေ့မရ ငြိမ်နေလိုက်ရသည်။

''ဒါဆို ညည်းအလုပ်ကရော''

''ဟို...ဟို မေ့မရက ကျောင်းအားတဲ့အချိန်မှာ သွား ရောင်းပေးရပါတယ် ကြီးကြီး''





''ညည်း ဆယ်တန်းဖြေထားတယ်ဆို''

''ဟုတ်ကဲ့၊ ဖြေထားပါတယ်''

''ညည်းတို့မောင်နှမတွေက ဘယ်ဆိုးလို့လဲ၊ တက္ကသိုလ် တက်တဲ့လူနဲ့ ဆယ်တန်းဖြေတဲ့လူနဲ့ အင်းလေ ကြိုးစားကြပေါ့၊ ဆင်းရဲတာ လူ့အောက်ကျတယ်၊ သူများခိုင်းဖတ်လုပ်ရတယ်၊ ညည်းတောင် ဆင်းရဲလို့ ငါ့ဆီမှာ ဝင်လုပ်ပေးနေရတာကိုပဲကြည့်''

ပြောရင်းဆိုရင်း အသားလွတ် နှိပ်ကွပ်လိုက်ပြန်ပြီ။ မေ့မရ ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။

''မေ့မရတို့က အခုမှ ဆင်းရဲသွားတာပါ ကြီးကြီး၊ ကြီးကြီး အခုဝယ်ထားတဲ့ ခြံနဲ့တိုက်က မေ့မရတို့အဖေ၊ အမေ၊ အဘိုးအဘွားလက်ထက်ထဲက ခြံနဲ့တိုက်၊ မေ့မရ ရှစ်နှစ်သမီးမှာ ရောင်းပစ်လိုက်တာ''

''ဟုတ်လား''

မေ့မရ ဟန်နဲ့ပန်နဲ့ ပြောလိုက်သော်လည်း ဒေါ်ထားခင်ထံ မှ အံ့ဩတုန်လှုပ်သွားမှုကို မေ့မရ မတွေ့ရ။

''ဒါဆို ညည်းတို့က ဆွေကြီးမျိုးကြီးထဲကပေါ့နော်''

''ဒါပေါ့ ကြီးကြီးရဲ့''

''ဟင်း...ဟင်း ငွေ ငွေ လောကမှာ ငွေလောက်အရေး ကြီးတာ ဘာမှမရှိတော့ဘူး၊ ညည်းတို့မိဘတွေ တစ်ခါတုန်းက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ ချမ်းသာခဲ့ ချမ်းသာခဲ့ အခုချိန်မှာ နေစရာ ကိုယ်ပိုင် အိမ်တစ်လုံးတောင် မရှိကော့ဘူးဆိုတော့"

"ရမှာပေါ့ ကြီးကြီးရယ်၊ လူပဲ မေ့မရတို့ အလုပ်လုပ်နေတာ အဲဒီအတွက် အလုပ်လုပ်နေတာ၊ သူများအိမ် သူများခြံမှာ နေရတာ အောက်ကျမှန်းသိပေမယ့် လောလောဆယ်မှာမှ မတတ်နိုင်သေးတာပဲ၊ နေနိုင်ရင် ကြီးကြီးကိုလည်း ဒုက္ခမပေးဘူး၊ ကိုယ့်ဟာကိုယ် အပြင်မှာဝယ်နေပစ်လိုက်ပြီ"

"ဝယ်နေပေါ့အေ"

ဒီစကားကို ပြောပစ်လိုက်ရလို့ မရ အရမ်းကျေနပ်သွားသည်။ အစကတည်းက ပြောပစ်ချင်လို့ ဓါးစပ်ယားနေတာ။ စကားကလေးက မင်္ဂလာဒုံလေဆိပ်ထဲသို့ ဝင်လာခဲ့သည်။

"ညည်း ငါနဲ့လိုက်ခဲ့ မေ့မရ"

မေ့မရ ခပ်သွက်သွက် ပြေးလိုက်ခဲ့သည်။ မြန်မာ့လေကြောင်းလိုင်းမှ ပြည်တွင်းထွက်ခွာသော လေယာဉ်ဆိုက်ရောက်နေပြီဖြစ်သည်။

"ဟဲ့ - - မေ့မရ ဘာငေးနေတာလဲ၊ ထဘီကို တိုတိုပြင်ဝတ်ထားစမ်း"

"မေ့မရ အဲလိုမဝတ်တတ်ဘူး ကြီးကြီး"

"အမယ်လေးနော် လူကသာဆင်းရဲတာ အခြေအနေလည်းကြီးလိုက်တာ လွန်ပါရော၊ တိုတိုမဝတ်တတ်ရင် ခိုင်အောင်ပြန်ဝတ်စမ်း"



မေ့မရ အောင့်သက်သက်နှင့် ဒေါ်ထားခင်ကျေနပ်အောင် ပြန်ဝတ်ပြလိုက်ရသည်။ အခုချိန်ထိ မိမိ ဘာလုပ်ရမည်၊ ဒေါ်ထားခင်က မိမိကို ဘာကြောင့်ခေါ်လာသည်ကိုပင် မေ့မရ မသိသေးပေ။

"သား - - သားရေ၊ မေမေ ဒီမှာ"

"သား"

"မာင်"

မျက်လုံးကလေးတွေ ပြူးဝိုင်းသွားရသူက မေ့မရ။ သားတဲ့ - ဒေါ်ထားခင်သားတဲ့။

"မေမေ"

"သား"

ဒေါ်ထားခင် ပြေးသွားရာကို မေ့မရ ကမန်းကတန်းလှမ်းကြည့်လိုက်သည်။

"အို"

မေ့မရရင်တွေ အဆက်မပြတ် လှုပ်ရှားသွားသည်။ တစ်ကိုယ်လုံး တုန်ခါသွားသည်။ ချောလိုက်တာ၊ ကျက်သရေရှိလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…မေ့မရ ဘာကြောင့်ကြည့်နေတာလဲ၊ သားလက်ထဲက ပစ္စည်းတွေကို ကူသယ်ပေးလိုက်ဦးလေ"

ခေါ်ထားခင် အသံကြားမှ မေ့မရ အသိဝင်လာသည်။

"ပေး ကိုကို မေ့မရကိုပေး"

"အို…နေပါစေ ချာတိတ်၊ ရတယ်"

ချာတိတ်တဲ့။ အသံလေးကလည်း ချိုလိုက်တာ၊ မေ့မရကတော့ သူ့ကို ကိုကိုလို့ ယောင်၍ခေါ်လိုက်မိပြီ။ ခေါ်ပြီးမှ မေ့မရ ရှက်နေသည်။

"ပေးလိုက်လေ သားရဲ့၊ သားပစ္စည်းတွေကို သယ်ပေးဖို့ ခြံထဲက မေမေခေါ်လာတာ ပေးလိုက်…ပေးလိုက်"

"ပေါ့ပေါ့လေးပဲဥစ္စာ မေမေရဲ့၊ ရပါတယ်"

ကိုကိုက ညို့အားကောင်းသော မျက်လုံးကြီးများဖြင့် မေ့မရကို တစ်ချက်လှမ်းကြည့်ပြီး ပြုံးပြုံးလေး လုပ်နေသည်။ မေ့မရ ကိုကို့ကို ပြုံးပြလိုက်မိသလား၊ မိမိကိုယ်မိမိပင် မေ့မရ မသိတော့။ ရင်တွေကတော့ ခုန်နေဆဲ။

□ □ □

[redacted]

## အခန်း [၅]

"ရေရေလည်လည်ကိုချောတာ ရဲရင့်ရာ၊ မေ့မရ တစ်သက်မှာ အဲသလောက်ချောတာ တစ်ခါမှ မတွေ့ဖူးသေးဘူး"

မေ့မရ ရဲရင့်ကို အားရပါးရ ပြောပြနေသည်။ မေ့မရမှာ ပြောစရာဆိုလို့ ရဲရင့်တစ်ယောက်တည်း ရှိတာမဟုတ်လား။

"အသားကလည်း ဝင်းဝင်းနုနုလေး၊ အရပ်ကလည်း ရှည်တယ်၊ ရင်အုပ်ကျယ်ကျယ် ခန္ဓာကိုယ်တောင့်တောင့်နဲ့ နိုင်ငံခြားသားတစ်ယောက်လိုပဲ၊ အင်း မျက်ခုံးတန်းနှစ်ခုဆို မည်းနက်နေတာပဲ၊ မျက်နှာက လေးထောင့်ကျကျနဲ့ နှာတံစင်းစင်း နှုတ်ခမ်းက ပြုံးလိုက်ရင် လေးကိုင်းလို ညွတ်ပြီး တော်တော်ကြည့်ကောင်းတယ်"

"နောက် ဘာကျန်သေးလဲ"

"ဟာ…ကျန်သေးတာပေါ့ ရဲရင့်ရ၊ မေ့မရ မပြောတတ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လို့၊ မရ သိတာတော့ချောတာပဲသိတယ်''

မပြောတတ်ပေလို့ပဲ မေ့မရရယ်။ ရဲရင့်ရင်ထဲမှာ တစ်ခုခု ကို ခံစားလိုက်ရသည်။ မနာလိုတာလား၊ မကျေနပ်တာလား။

''ဘာလဲ မေ့မရ၊ နင်က အဲဒီလူကို သဘောကျလို့ ငါ့ကို ပြန်ပြောနေတာလား၊ ချောတာပဲဟာ ကိုက်စားလို့ရတာလည်း မဟုတ်ဘဲနဲ့''

မေ့မရ မျက်နှာသည် ချက်ချင်းပင် စူစူပုပ်ပုပ်လေး ဖြစ် သွား၏။ ဂ

''သြော်...ကိုက်စားလို့ရမှဖြင့် တကူးတက လေကုန်ခံ ပြီး ပြောမနေတော့ဘူး ရဲရင့်၊ ဂျိုးခနဲ ဂျွတ်ခနဲနေအောင် ငါ့စား ပစ်လိုက်ပြီ''

''စားလည်း ကြည့်စားပေါ့ မေ့မရ၊ တော်ကြာ အရိုးမျ နေမှ ဟုတ်ပေ့ဖြစ်နေမယ်၊ အဲဒီအရိုးမျိုးက အဆိပ်ပြင်းတယ် ကြောက်စရာကောင်းတယ် ဟင်း''

ရဲရင့် ပြောပြီး ချာခနဲ လှည့်ထွက်ခဲ့တော့သည်။ ပြီးတော့ လူတွေ အလွယ်တကူ မမြင်နိုင်တဲ့ တန်ဆောင်းအလွတ်တစ်ခု အတွင်းရှိ အုတ်တိုင်ကို မှီထိုင်ပြီး အတွေးတို့ နယ်ချဲ့နေသည်။ ရဲရင့်ရင်ထဲမှာ ပူထူပြီး စိတ်တွေလှုပ်ရှားနေသည်။ အမြဲတမ်း တည်တည်ငြိမ်ငြိမ် နေလာခဲ့သော ရဲရင့်။ အခု မတည်ငြိမ်နိုင်တော့



ပါ။ စိတ်ဓာတ်မခိုင်မာနိုင်တော့ပါ။ မေ့မရ စကားသံတွေကိုပဲ နားထဲမှာ အထပ်ထပ်အခါခါ ပြန်ကြားနေမိသည်။

''သူ့နာမည်က ထက်ဝဠာတဲ့၊ ဆရာဝန်ဟ၊ မန္တလေး ဆေးရုံကြီးကနေ ရန်ကုန်ဆေးရုံကြီးမှာ တာဝန်ကျလို့ ပြောင်းလာ တာ၊ ပြီးတော့ တစ်ဦးတည်းသောသား ချမ်းလည်း ချမ်းသာ တယ်''

မေ့မရရယ် နင့်ကို ငါ အပြစ်မပြောရက်ပါဘူး။ ငါ့ကိုယ် ငါပဲ မကျေမနပ်ဖြစ်နေရတာပါ။ တကယ်ဆို ငါ့ဘဝကိုငါ သိဖို့ ကောင်းတယ်။ သူများတွေလို ပညာတတ် လူချမ်းသာမဟုတ်ဘူး။ ဒါပေမယ့် ငါတော့ နင့်ကိုချစ်နေမိပြီထင်တယ် မေ့မရရယ်။

ရဲရင့် မေ့မရရဲ့ ပုံရိပ်လေးတွေကို မျက်ဝန်းထဲမှာ မြင်ယောင်နေမိသည်။ ရင်ထဲမှာလည်း တစ်မျိုးပဲ။ နင့်ကို သူများ လက်ထဲ အပါမခံနိုင်ဘူး။ ငါ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ဘူး။ ငါ့ရဲ့အချစ်ဦးဟာ ခုတော့ နင်ဖြစ်နေပြီထင်တယ်။ ရဲရင့် အတွေး တို့ ဖယ်ရှား၍ ဆိုင်ကိုသာ ပြန်လာခဲ့တော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့…ရဲရင့်၊ နင် ဒီနေ့ဆိုင်သိမ်းတာ စောလှချည်လား
ဟင် မျက်နှာလည်းမကောင်းဘူး"

ရဲရင့်အဒေါ်က ရဲရင့်မျက်နှာကို တအံ့တသြကြည့်ရင်း
လှမ်းမေးသည်။

"ကောင်းပါတယ် ဒေါ်လေး၊ ဒီနေ့ ဘုရားမှာ လူပါး၍
စောစောပိတ်ပြီး ပြန်လာတာ၊ ဒါနဲ့ ဦးလေးလည်း မမြင်ပါလား"

"စောစောကပဲ အိမ်ရှေ့ကွတ်ပျစ်မှာ ထိုင်နေတဲ့ဟာ
နင်ဝင်လာတုန်းက မတွေ့ခဲ့ဘူးလား"

"မတွေ့ခဲ့ဘူး ဒေါ်လေး"

"ဒါဆို ရပ်ကွက်အစည်းအဝေးပွဲ သွားပြီထင်တယ်
တနင်္ဂနွေနေ့ကျရင် ရပ်ကွက်သန့်ရှင်းရေး လုပ်ကြမလို့တဲ့လေ"

ရဲရင့် အဝတ်အစားလဲပြီး ရေချိုးဖို့ နောက်ဖေးဝင်ခဲ့သည်။
ရဲရင့် ရေချိုးပြီး ထမင်းစားပြီးတော့မှ ဦးလေး ပြန်ရောက်လာ





သည်။ ဦးလေးမျက်နှာ ရွှင်နေသည်။

"ရဲရင့်ရေ တနင်္ဂနွေနေ့ကျရင် ဆိုင်ပိတ်ကွာ၊ တို့ရပ်ကွက်
ထဲမှာ သန့်ရှင်းရေးရှိတယ်၊ အဲဒါ မင်းလိုက်ရမယ်"

ဦးလေးက ရဲရင့်ဘေးမှာ ဝင်ထိုင်သည်။

"နောက်ဆို ဦးလေးတို့ရပ်ကွက်ကို စံပြရပ်ကွက်ဖြစ်
အောင် လုပ်တော့မှာကွ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အားလုံး
ပေါ့ကွာ"

"ဦးလေး အစည်းအဝေးသွားတာဆို"

"အေးလေ…ခုပြန်လာတာ အဲဒီကပြန်လာတာ၊
တနင်္ဂနွေနေ့ကျရင် လုပ်ဖို့ကိုင်ဖို့ အစီအစဉ်ဆွဲကြတာ၊ အဲဒါ တစ်အိမ်
တစ်ယောက် မပါမနေရ သန့်ရှင်းရေးအတွက် လိုက်ရမယ်"

ဦးလေးက ရပ်ကွက်ကိစ္စ၊ လူမှုရေးကိစ္စ ဆောင်ရွက်ရာ
တွင် တက်တက်ကြွကြွရှိသူဖြစ်သည်။ ရပ်ကွက်ထဲက ဘယ်ကိစ္စ
ဆို ဦးလေးသည် ရှေ့ဆုံးမှ ပါနေကျ။ ပါဆို ရပ်ကွက်မှာ
သာရေးနာရေးအသင်းတစ်သင်းရှိသည်။ ထိုအသင်းတွင် ဦးလေး
က ဥက္ကဋ္ဌ။ အသင်းမှာ အသင်းပိုင် ပစ္စည်းများစွာရှိသည်။ သာရေး
နာရေး ကိစ္စများတွင် သုံးရန် အိုးခွက်ပန်းကန်၊ မီးလုံး၊ မီးချောင်း၊
များ ကုလားထိုင်၊ စားပွဲ အစရှိသည့် ပစ္စည်းများဖြစ်သည်။
သာရေးနာရေးအသင်းဝင် အသင်းသားတွင် အကြောင်းကြီးငယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပါက ထိုအသင်းပိုင် ပစ္စည်းများကို ယူသုံးခွင့်ရှိသည်။ အခကြေးငွေဖြင့် ပေးငှားစရာမလို။

"လူဆိုတာ အတ္တဟိတပရဟိတ မျှတရတယ်ကွ။ သူ့အကျိုး ကိုယ့်အကျိုးကို ကြည့်တတ်မှ လောကအမြင် ကြည်လင်တယ်၊ ဘယ်ကိစ္စမဆို လုပ်ရင် ကိုယ့်အကျိုးပဲ ကြည့်နေလို့မရ သလို သူ့အကျိုးတစ်ခုတည်း ကြည့်နေဖို့ကျပြန်တော့လည်း မဖြစ် သေးဘူးကွ၊ ပြောမယ်ဆိုရင် တို့ရပ်ကွက်ထဲက လူတိုင်းဟာ သာမန်ရုံးဝန်ထမ်းတွေနဲ့ လက်လုပ်လက်စားတွေများတယ်၊ ရပ်ကွက်ကိစ္စအတွက် ဘယ်သူမှ အချိန်ပေးပြီး ထွက်လာနိုင်တဲ့ လူ တစ်ယောက်မှမရှိဘူး၊ အဲဒီတော့ ဦးလေးတို့ဘက်ကလည်း အချိန်ပေးပြီး ထွက်လာမယ့်သူတို့ကို စေတနာသန့်သန့် အသင်း ပိုင်ငွေထဲကနေ ထမင်းကျွေးဖို့ စီစဉ်ထားတယ်၊ ဟင်းကတော့ ထုံးစံအတိုင်း ဘဲဥ၊ ကုလားဟင်းနဲ့ သရက်ချဉ်သုပ်ပဲပေါ့ကွာ"

ဦးလေးပြောနေသော စကားတွေကို ရဲရင့် ကြားနေ သော်လည်း ဦးလေးကို တစ်လုံးမှ ပြန်မပြောမိ။ ဦးလေးက ဆေးလိပ်ကို မီးညှိဖွာရှိုက်ရင်း မီးခိုးငွေ့များကို အလုံးလိုက် မှုတ်ထုတ်နေသည်။

"ရဲရင့်"

"ဗျာ"



"မင်းဆိုင်ရော အရောင်းအဝယ်ကောင်းရဲ့လား"

"ကောင်းပါတယ် ဦးလေး"

"အေးလေ ဦးလေး မင်းကိုစိတ်ချပါတယ်၊ ကြိုးစား ပေါ့ ရဲရင့်ရယ်၊ ဘာမဆို လိမ်လိမ်မာမာနဲ့ ကိုယ့်ဘဝတိုးတက် အောင် အလုပ်ကို ကြိုးစားပြီးလုပ်၊ ဦးလေးတို့မှာက အသက် အရွယ် စကားပြောနေပြီ၊ ပြီးတော့ ကိုယ့်ညီမလေး ဝင့်ဝါက ရှိသေးတယ်"

ရဲရင့်မျက်လုံးထဲ ညီမလေးဝင့်ဝါကို ပြေးမြင်သည်။ ဝင့်ဝါလည်း ခု ဆယ်တန်းဖြေထားပြီး အောင်ရင် တက္ကသိုလ် ဆက်တက်ဖို့ ရဲရင့် ကြိုးစားရဦးမည်။

"သြော်...သက်ဇော်၊ သက်ဇော်၊ မင်းက သားနဲ့သမီး ကို ရက်ရက်စက်စက် ပစ်ထားခဲ့ပြီး မင်းက နောက်အိမ်ထောင်ထူ သွားပေမယ့် မင်းသားသမီးတွေက မင်းလို ဘဝပျက်မယ့်လူတွေ ဖြစ်လာတော့မှာမဟုတ်ဘူး သက်ဇော်ရေ၊ မင်းထက်တောင် သူတို့ က လိမ္မာကြပါတယ်ကွာ"

ဦးလေးနုတ်က တမ်းတမ်းတတ ပြောလိုက်သောစကား ကြောင့် ရဲရင့် အဖေ့အကြောင်း ပြန်တွေးမိသည်။ ရက်စက်တဲ့ အဖေ။ ရဲရင့်ညီမလေးဝင့်ဝါကို ဦးလေးဆီမှာ ခဏလေးပါလို့ပြော ပြီး တစ်သက်လုံးထားပြီး ထွက်သွားတဲ့အဖေ။ ရဲရင့်တို့ဘဝထဲကို

www.burmeseclassic.com



ပြန်မလာတော့သည့်အဖေ။

''ဟော…ညီမလေးတောင် ပြန်လာပြီ''

ဝင့်ဝါ။ ညီမလေးဝင့်ဝါက ရဲရင့်နားမှာ လွယ်အိတ်ကလေးကို ဘုတ်ခနဲပစ်ချရင်း ဝင်ထိုင်လိုက်သည်။

''သင်တန်းက ပြန်လာတာလား''

''အင်း…မောလိုက်တာ ကိုကိုရယ်''

''ကဲ…ရေသောက် အမောဖြေ၊ ပြီးရင် ရေချိုး''

''ကိုကို''

ဝင့်ဝါ အစ်ကိုလုပ်သူ ရဲရင့်ကို မျက်တောင်ကလေးပင့်ကြည့်ရင်း ခေါ်သည်။

''ဘာလဲဟ''

''ဝင့်ဝါ အဲဒီသင်တန်းတွေကို မတက်ချင်တော့ဘူး''

''ဘာရယ်''

ရဲရင့် ထိတ်လန့်တုန်လှုပ်သွားသည်။

''ပြန်ပြောစမ်း ညီမလေး၊ ညီမလေး သင်တန်းမတက်ချင်တော့ဘူး ဟုတ်လား''

''ဟုတ်တယ် ကိုကို၊ ညီမလေး မတက်ချင်တော့ဘူး''

''ဟာ….မဟုတ်တာ''

ရဲရင့် ဝင့်ဝါမျက်နှာကို စူးစူးစိုက်စိုက်ကလေး လှမ်းကြည့်လိုက်သည်။ ဝင့်ဝါမျက်နှာလေး တည်ငြိမ်နေသည်။



''ဝင့်ဝါလေ သေသေချာချာစဉ်းစားပြီးမှ အဲဒီစကားကို ပြောတာပါ ကိုကို၊ ဝင့်ဝါ အလုပ်တစ်ခုခုလုပ်ချင်တယ်''

''နင်ဘာတွေလာပြောနေတာလဲ''

ရဲရင့် ဝင့်ဝါပြောနေသည့် စကားတွေကို ဘယ်လိုမှ နားမလည်နိုင်တော့ပါ။

''ဝင့်ဝါပြောတဲ့စကားကို ကိုကိုအသိဆုံးနေမှာပါ၊ ဝင့်ဝါလည်း အရွယ်ရောက်ပြီ၊ ကိုကို့လုပ်စာကို ဝင့်ဝါ ထိုင်စားနေရတာကိုလည်း ရှက်လာပြီ''

''တော်စမ်း ဝင့်ဝါ၊ နင်ဆက်မပြောနဲ့တော့''

ရဲရင့် ဒေါကန်သွားသည်။ ဦးလေးကပါ ဝင်ပါလာသည်။

''နေစမ်းပါဦးဟ၊ နင့်ကို ဘယ်သူက မခံချင်အောင် ပြောလိုက်လို့ အလုပ်လုပ်ချင်နေရတာလဲ၊ ကိုယ့်ဟာကိုယ် သင်တန်းတက်နေတာ ဟုတ်နေရဲ့သားနဲ့''

''ဦးလေးပြောတာ ဟုတ်ပါတယ် ဦးလေး၊ ဒါပေမယ့်''

ဝင့်ဝါစကားက တစ်ဝက်နဲ့ ရပ်တန့်သွားသည်။ တကယ်တော့ ဝင့်ဝါ ဆက်မပြောရဲပါ။ ကြောက်ကြောက်လန့်လန့်နဲ့သာ ကိုကို့ကို မရဲတရဲ ပြောနေရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဘာဖြစ်လဲ ဆက်ပြောလေ"

"ဒါပေမဲ့ ကိုကိုပင်ပန်းတာကို ဝင့်ဝါ မကြည့်ရက်တော့ဘူး ဦးလေး"

"အောင်မယ်"

ရဲရင့် ဝင့်ဝါကို ဖျတ်ခနဲ လှမ်းကြည့်သည်။ ဝင့်ဝါ ခေါင်းကို ငုံ့ထားလိုက်ရ၏။

"ငါကတော့ နင့်ကို တော်ပါစေ၊ တတ်ပါစေ ငါ့ညီမလေး လူ့အောက်မကျပါစေနဲ့ဆိုပြီး ပညာတွေ သင်ပေးနေတာ ဝင့်ဝါ၊ နင် ငါ့စေတနာကို မစော်ကားနဲ့၊ ခုလည်း လခပေးဖို့ တစ်ရက်လောက်နောက်ကျသွားတာနဲ့ နင် ငါ့ကို ဒီစကားပြောတာ ငါသိတယ်"

ရဲရင့် မျက်နှာကို ချာခနဲ လွှဲပစ်လိုက်သည်။ ဝင့်ဝါ ဆက်မပြောရဲတော့ပါ။ ရဲရင့် စိတ်ညစ်ညစ်နှင့် အိမ်ကထွက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်မှာ ညဥ့်နက်အောင်ထိုင်ပြီးမှ အိမ်ပြန်လာသည်။ ရဲရင့်အိမ်ပြန်ရောက်တော့ တစ်အိမ်လုံး အိပ်မောကျနေပေပြီ။ အိပ်ရာထဲ တန်းမဝင်သေးဘဲ အိမ်ရှေ့က ကွတ်ပျစ်မှာ ရဲရင့်တစ်ယောက်တည်း ဆက်ထိုင်နေမိသေးသည်။ ရဲရင့် ရင်တွေ မောနေသည်။ ရဲရင့်တို့မောင်နှမနှစ်ယောက် ကံဆိုးလွန်းပါသည်။ ရဲရင့် ဖေဖေက ရဲရင့်တို့မောင်နှမနှစ်ယောက်ကို ဦးလေးလက်ထဲမှာ



ထားခဲ့ပြီး ကိုယ်လွတ်ရုန်းထွက်သွားသည်။ အခုချိန်ထိ ဘယ်ရောက်လို့ ရောက်နေမှန်းပင်မသိ။ တွေးမိတိုင်း အဖေ့ကို ရဲရင့် စိတ်နာမိသည်။ ဦးလေးကသာ တာဝန်ယူ၍ ကယ်ဆယ်မထားခဲ့ဘူးဆိုရင် ရဲရင့် ဆက်မတွေးရဲတော့။ အိပ်ရာထဲဝင်ပြီး အိပ်ပျော်အောင် ကြိုးစားသော်လည်း အိပ်မပျော်တော့။ ထိုအိပ်မပျော်သော ညတွေကို ဘယ်နှစ်ည ဖြတ်သန်းပြီးခဲ့ပြီကို ရဲရင့် မရေတွက်နိုင်တော့ပါ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၈]

"ဟောဗျာ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ရင်တွေလှုပ်ခနဲ တုန်သွားသည်။ မေ့မရဆိုတဲ့ ကောင်မလေး ခြံကြီးနောက်ဘက်က မာလကာပင်တွေပေါ် ရောက်နေသည်။ တစ်ယောက်တည်း မာလကာသီးတွေကို စိတ်ကြိုက်ခူးပြီး အပင်ပေါ်မှာပဲ ထိုင်စားနေသည်။ ဝဋ္ဋာ အဝေးကနေ အသံမပေးဘဲ ရပ်ကြည့်နေမိသည်။ မေ့မရ သီချင်းဆိုနေသည်။ အဖွဲ့ရဲ့ သီချင်းတစ်ပုဒ်ဖြစ်တဲ့ သီချင်းကို အသံနေအသံထားကျကျ ဆိုနေသည်။ ဘယ်လိုကောင်မလေးပါလိမ့်။ နာမည်ကလည်း မေ့မရတဲ့။ ချစ်စရာကောင်းတဲ့ ကောင်မလေး။

"ဟော"



မာလကာပင်အရင်းမှ အဖျားပိုင်းသို့အကူး။

"ဟာ…ကျပြီ"

ဝဋ္ဋာ မျက်လုံးတွေ ပြာခနဲ လင်းလက်သွားသည်။ မာလကာပင်ကိုင်းဖျားပေါ်မှ မေ့မရဆိုတဲ့ ကောင်မလေး ပြုတ်ကျသွားပြီမဟုတ်လား။ မေ့မရ ကျရာအောက်ကို ပြေးလာခဲ့သည်။ အနားရောက်တော့ မေ့မရတစ်ယောက် မျက်နှာလေးရှုံ့ပြီး ငိုမဲ့မဲ့လေးဖြစ်နေသည်။ လက်တစ်ဖက်ကလည်း ညာဘက်ခြေသလုံးကို ဖိနှိပ်ထားသည်။

"အား…နာလိုက်တာ"

"မထနဲ့လေ"

ဝဋ္ဋာကိုမြင်တော့ မေ့မရမျက်နှာလေး ပိုငယ်သွားသည်။ မေ့မရ အနားမှာ ဒူးကလေးထောက်ပြီး ထိုင်ချလိုက်သည်။

"ပြစမ်း…မင်းခြေသလုံး"

"ဟင့်အင်း…ဟင့်အင်း"

"ဟော့…မင်းခြေထောက်ကို ပြစမ်းလို့ ပြောနေတယ်"

"အို…ဘာလို့ပြရမှာလဲ"

"ခက်ပါလား၊ မင်း ဘယ်လိုကောင်မလေးလဲ၊ မင်းကျတဲ့ပုံစံက ခြေထောက်ကျိုးသွားနိုင်တယ်ကွ နားလည်လား၊ ဒါပေါ့သေးသေးကိစ္စမဟုတ်ဘူး မှန်းစမ်း"

www.burmeseclassic.com

www.burmeseclassic.com



မေ့မရ အတင်းဖိထားသော ထဘီအနားစကို ဝဠာက အတင်းဖယ်နေသည်။ မေ့မရ မပြရဲပါ။ ဘာကြောင့်မှန်းမသိ ကိုကို့ကို မြင်လိုက်ရသဖြင့် စောစောက နာနေသောအနာပင် တစ်ဝက်လောက် သက်သာသွားသည်။ မေ့မရမျက်နှာလေး ရဲနေသည်။ အသံလေးတွေ တုန်နေသည်။ မေ့မရ သူ့မျက်နှာကို မကြည့်ရဲပါ။ သူ့မျက်လုံးတွေကို ကြည့်ရမှာ မေ့မရ ရှက်နေသည်။

"ဘယ်လိုလဲ ဒေါ်မေ့မရ၊ ကိုယ်က ဆရာဝန်တစ်ယောက်ပါဗျ၊ ကိုယ်ကြည့်တာလည်း ခင်ဗျားလေးကို စိုးရိမ်လို့ ကြည့်ပေးချင်တာ၊ ဘာမှမဖြစ်ဘူးဆိုရင်တော့ ပြီးတာပဲပေါ့"

ဝဠာ ထိုင်နေရာမှ ထရပ်လိုက်သည်။ မေ့မရကတော့ ထလို့မရသေး။ ခြေသလုံးထဲက အောင့်ပြီး နာချင်သလို ဖြစ်နေသည်။

"အို...ဒီမှာ ထလို့မရတော့ဘူး"

မေ့မရနှုတ်က လွှတ်ခနဲ အသံထွက်သွားသည်။

"ကဲ...လက်ကိုင်"

"ကိုင်မယ်နော်"

"ကိုင်ပါဆိုကွာ"

"ဟို...အားနာလို့"

သူ ကမ်းပေးလိုက်သော လက်တစ်ဖက်ကို တအားဆုပ်



ကိုင်ရင်း မေ့မရ ထရပ်လိုက်သည်။ ရင်ထဲမှာ အေးသွားသည်။ ကိုကို့လက်ကလေးတွေက နူးလိုက်တာ။

"ရပြီလား"

"မရသေးဘူး၊ လွှတ်လိုက်ရင် လဲသွားလိမ့်မယ်"

"ဖြည်းဖြည်းလျှောက်ကြည့်"

"အင်းပါ"

မေ့မရ သူ့လက်မောင်းကို ထိန်းကိုင်ရင်း တစ်လှမ်းချင်း အသာလျှောက်ကြည့်သည်။

"အား...နာတယ်"

မေ့မရမျက်နှာလေး ရှုံ့မဲ့နေသည်။

"အဲဒါကြောင့်ပြောတာပေါ့၊ ခြေထောက်ကျိုးသွားနိုင်တယ်၊ ဒီမှာ ခဏပြန်ထိုင်နေလိုက်ဦး၊ ဆေးအိတ်သွားယူလိုက်ဦးမယ်"

မေ့မရကို တစ်ယောက်တည်း ထားခဲ့ပြီး ခြံရှေ့ဘက်ကို သူ ခပ်သွက်သွက် လျှောက်သွားသည်။ ရင်တွေခုန်ပြီး ကျန်ခဲ့သူက မေ့မရ။ ကိုကို ပြန်ရောက်လာသည်။ လက်ထဲမှာလည်း အိတ်အညို တစ်လုံးပါလာသည်။

"ကဲ ခြေထောက်ဆန့်လိုက်"

မေ့မရ မရဲတရဲ ဆန့်ပေးလိုက်သည်။ ကိုကိုက ထော်

www.burmeseclassic.com

www.burmeseclassic.com



လေးကို အသာအယာ ဆွဲလှန်သည်။ ပြီးတော့ ခပ်တိုးတိုးမေး သည်။

"အရမ်းနာနေလား"

မေ့မရ ခေါင်းကလေးညိတ်ပြလိုက်သည်။ ကိုကိုက နာနေ သော ခြေဆစ်ပေါ်သို့ ဆေးအရည်တစ်မျိုး လိမ်းပေးသည်။ ပြီးတော့ ပတ်တီးကို တင်းတင်းကြပ်ကြပ် စည်းသည်။

"သိပ်တော့ မစိုးရိမ်ရပါဘူး၊ အကြောတင်သွားတာပဲဖြစ် မယ်၊ တစ်ရက်နှစ်ရက်နေရင် ကောင်းသွားမှာပါ၊ တဲ ကိုယ့်လက် ကိုဆွဲပြီး ဖြည်းဖြည်းချင်း ထရပ်ကြည့်"

သူပြောသလို မေ့မရ လိုက်လုပ်ရသည်။ ပတ်တီးစည်း လိုက်သဖြင့် ခြေသလုံးတွေ တင်းနေသည်။

"မင်း ကျောင်းနေလား"

"နေတာပေါ့"

"ဘယ်နှစ်တန်းလဲ"

"ဆယ်တန်းဖြေထားတယ်"

"ဘယ်ဆိုးလို့လဲ"

ကိုကိုက လမ်းလျှောက်ရင်း မေးသည်။

"ဆိုးရင် ထောင်ကျသွားမှာပေါ့၊ ဟင်း ဟင်း"

"ဒီခြံထဲမှာ အလုပ်လုပ်တာ ကြာပြီလား"



"ဘာလဲ"

"ဒီခြံထဲမှာ မင်းအလုပ်လုပ်တာ ကြာပြီလားလို့မေးတာ"

ကိုကို့အမေးကို မေ့မရ ဘယ်လိုပြောရမှန်းမသိပါ။

"မေ့မရ အလုပ်သမားမဟုတ်ဘူး၊ ဒီခြံဟာ အရင်တုန်းက ...ရတို့ပိုင်တဲ့ခြံ၊ စီးပွားကျလို့ ရောင်းပစ်လိုက်တာ၊ အရင်ဝယ်ထား ...သူတွေက မေ့မရတို့ကို သနားလို့ ဒီခြံထဲမှာ ဆက်နေခွင့်ပေး ...တာ၊ ကြီးကြီးရောက်လာတော့ ခြံထဲမှာနေချင်ရင် ခြံထဲက ...ပ်ကို လုပ်ပေးမှ နေရမယ်ဆိုလို့ အလုပ်ရှိရင် မရ ဝင်ကူလုပ် ...နေတာ၊ မေ့မရ အလုပ်သမားမဟုတ်ဘူး၊ ကိုကိုကြီးတို့ ကိုကို ...တို့က မရကို ငံထားမတတ်ချစ်တယ်၊ ဒီအလုပ် လုပ်မပေး ...ည်း ထမင်းဝဝ စားနိုင်ပါတယ်"

"မာနကလည်း ကြီးလိုက်တာဗျာ"

မေ့မရ ပြောပုံဆိုပုံကို ဝဋ္ဌာတစ်ယောက် သဘောကျသွား ...ည်။ မေ့မရရဲ့ဝဋ္ဌာ လမ်းလျှောက်လာပုံကို အိမ်ကြီးအပေါ်ထပ် ...တာဖြူဖြူလေးများကြားမှ မျက်လုံးအပြုံးသားဖြင့် ကြည့်နေ ... ဒေါ်ထားခင်။ သိနားလည်ရခက်သော အပြုံးတစ်ခုက ...ထားခင်၏ မျက်နှာပေါ်မှာ ပေါ်လွင်နေသည်။

"အင်း…လောကသံသရာဆိုတာ ရှောင်ချင်လို့တောင် ...င်လို့မရပါလား ကိုအောင်ဖော်ရယ်၊ ရှင့်ကိုတော့လေ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တစ်သက် ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်တော့ပါဘူး၊ ေသ
သံသရာ...သံသရာ"

ခေါ်ထားခင်တစ်ယောက် နှုတ်က တတွတ်တွတ်ရွတ်ေ
ခန်းဆီးလိုက်ကာနားက လှည့်ထွက်လာခဲ့တော့သည်။ ခေါ်ထား
ရင်တွေ လှိုင်းထန်လှုပ်ရှားခဲ့ရပြီကောလေ။

□ □ □

## အခန်း [၉]

ဘုရားကုန်းအောက်က လမ်းမကြီးပေါ်မှာ

"မေ့မရ"

"မေ့မရ"

ခေါ်သံကို ကြားပါသည်။ မေ့မရ လှည့်မကြည့်မိ။ ရဲရင့်
မိန်း မေ့မရ သိနေသည်။

"မေ့မရ"

"ဘာလဲ"

"ဟာ...ရဲရင့်ရာ ဘယ်လိုဖြစ်လို့ နာမည်ကို ဒီလောက်
တောင် ခေါ်နေရတာလဲ"

"မေ့မရ နင်စာမေးပွဲအောင်တယ်ဟ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



''အခုပဲ သော်မော် လာပြောသွားတာ''

''ဟယ်…ဝမ်းသာလိုက်တာ၊ ရဲရင့် တကယ်ပြောတာ နော်''

''တကယ်ပြောတာပေါ့ မေမရရဲ့၊ မေမရကို ဘယ်သူက လိမ်မှာလဲ၊ ငါ့ညီမ ဝင့်ဝါလည်း အောင်တယ်''

''ဟေး''

''ဟဲ့…မေမရ''

ဝမ်းသာအားရ ထခုန်ရင်း မေမရတစ်ယောက် ဘုရားပေါ် ကို ပြေးတက်ပါတော့သည်။ ဘုရားဖူးလာသည့် လူတချို့က မေမရကို အထူးအဆန်းတစ်ခုလို လှည့်ကြည့်သွားကြသည်။ ဘယ်သူတွေ ကြည့်ကြည့်မကြည့်ကြည့် မေမရကတော့ မရှက်နိုင် တော့။

''ကိုကိုလေး''

''ကိုကိုလေး''

သော်မော်တစ်ယောက် ကွမ်းအစ်ပေါ်က ဖုန်တွေကို တိုက်ချွတ်နေရာမှ အသံလာရာကို မော်ကြည့်သည်။

''မေမရ အောင်တယ်ဆို''

''အေး…အောင်တယ်၊ နင့်ကို တက္ကသိုလ် ဆက်ပို့ရ မယ်''

[redacted]



''ဟေး…ဒါမှ တို့ကိုကိုလေးကွ''

ရဲရင့်ပါ မေမရတို့နား ရောက်လာသည်။ ဘုရားထဲက ဆေးဆိုင်များမှ လူများ မေမရကိုကြည့်ပြီး မျက်နှာလေးတွေ ရှုံ့မဲ့ ကြသည်။ မေမရလို ဆတ်ကော့လတ်ကော့ ကောင်မလေး တစ်ယောက် ဆယ်တန်းအောင်သွားသည်ဆိုခြင်းကို သူတို့အားလုံး အံ့ဩကျေနပ်ပုံမရ။ အားလုံး ထောင့်မကျိုးသော မေမရကို အထင် သေးအမြင်သေးသဖြင့် နှိမ်ထားချင်ကြသည်။ ဒါကိုသိသော မေမရ က ပိုတောင်ရွဲ့ပြလိုက်ချင်သေးသည်။

''နင်နဲ့ဝင့်ဝါကို တက္ကသိုလ်ပို့ရမယ်''

ရဲရင့်က သော်မော့်မျက်နှာကို လှမ်းကြည့်သည်။ သော်မော် ကလည်း ခေါင်းကလေးကို အသာဆတ်ပြ၏။

''ပို့ရမှာပေါ့ကွ၊ တို့ရဲ့မျှော်လင့်ချက်က အဲဒါပဲရှိတဲ့ဟာ၊ သူတို့တွေ တင့်တင့်တယ်တယ်ဖြစ်မှ တို့လည်း ရင်အေးရမှာ''

''အမှတ်များများရရင် ကောင်းမယ်နော်၊ ဒါမှ ဆိုင်းကောင်းကောင်းရပြီး အလုပ်ပါ ရှာလို့လွယ်မှာ''

ရဲရင့်နှင့် သော်မော့်ကို ထားခဲ့ပြီး မေမရတစ်ယောက်တည်း ဆင်းထွက်ခဲ့သည်။ ဘုရားခြေရင်းကနေ ပတ်လျှောက်၍ မေမရ တို့နေရာဆိုင် ကားမှတ်တိုင်သို့ လာခဲ့သည်။

''ဟိတ်''

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...ကိုကို"

ကိုကို့ကို ရေခဲဆိုင်ကွေ့မှာ မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် မေ့မရ ပျော်သွားသည်။

"ဆိုင်က ပြန်လာတာလား မေ့မရ"

ကိုကိုက ကားပေါ်က မဆင်းဘဲမေးသည်။

"အင်း"

"လာလေ ကိုယ်လည်း အိမ်ပြန်မှာ လိုက်ခဲ့"

နှစ်ခါမခေါ်လိုက်ရပါ။ ကိုကိုဖွင့်ပေးသော တံခါးပေါက်ကနေ မေ့မရ ဝင်ထိုင်လိုက်သည်။

"မေ့မရ စာမေးပွဲအောင်တယ်"

"ဟင်...ဟုတ်လား"

မေ့မရ ခေါင်းကလေးကို မသိမသာ မော့်ထားသည်။

"ဒါဆို တက္ကသိုလ်ကျောင်းသူကြီး ဖြစ်တော့မှာပေါ့"

"အင်းပေါ့"

ကားကလေးက လမ်းမကြီးပေါ်မှာ တရိပ်ရိပ်ပြေးနေသည်။

"ကျောင်းဆက်တက်ဖို့ရော မင်းတို့မှာ ပိုက်ဆံရှိရဲ့လားဟင်"

"အို...ဒါတော့"

[redacted]



မေ့မရ ဘာဆက်ပြောရမှန်းမသိ။

"ဟို...ကိုယ်က စေတနာနဲ့မေးတာနော် မေ့မရ၊ မင်းကို ...ကတည်းက ကိုယ်ခင်ပါတယ်၊ မပြည့်စုံရင် ကိုယ် ကူညီချင် ...ပါ"

"မလိုပါဘူး ကိုကိုရာ၊ မေ့မရတို့မှာလည်း ခြေတွေ ...တွေရှိတာပဲဟာ"

မာနကလေးနဲ့ မေ့မရ ပြောမိသည်။ ကိုကိုက သဘော ...ရယ်လေသည်။ ခြံထဲရောက်တော့ ကိုကို့ကိုပင် နှုတ်မဆက် ...ဘဲ အိမ်တန်းကလေးဆီသို့ မေ့မရ ပြေးထွက်ခဲ့သည်။ အိပ်ရာ ...မှာ လဲနေသည့် ဖေဖေ့ဆီကိုပါ။

□ □ □

[redacted]

www.burmeseclassic.com

ဖေဖေ အရမ်းဝမ်းသာသွားသည်။ မေ့မရ လက်ကလေး
ကိုလည်း တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားရင်း…

"ငါ့သမီးတွေ သားတွေကတော့ တကယ့်ကို တော်ကြ
ပါတယ်ကွယ်၊ မိုက်ခဲ့တာက ဖေဖေပါ၊ ဖေဖေကြောင့်"

"ပြောပြန်ပြီ"

"သမီးရယ် ဖေဖေရင်နာလွန်းလို့ ဒီစကားတွေကို အမြဲ
ပြောနေရတာပါ၊ ဖေဖေမကောင်းခဲ့လို့ သမီးနဲ့သားတွေကို သူများ
နှိမ်တာ ခံခဲ့ရတာပါ၊ ဖေဖေလေ"

"ဟဲ့…မေ့မရ"

"ဟဲ့ ကောင်မလေး"

အိမ်ရှေ့မှခေါ်သံကြောင့် မေ့မရ ဖေဖေ့နားက ဆတ်ခနဲ
ထရပ်လိုက်ရသည်။ ကြည့်လိုက်တော့ အိမ်ရှေ့မှာ ခါးထောက်ရပ်
နေသည့် ဒေါ်ထားခင်။





"ရှင်…ကြီးကြီး"

"ဒီကိုခဏလာခဲ့စမ်း"

မေ့မရ ခပ်သွက်သွက် ပြေးဆင်းရသည်။

"ညည်း အားလား"

"အားပါတယ် ကြီးကြီး"

"ညည်း စက်ဘီးစီးတတ်တယ်နော်"

"ဟုတ်ကဲ့၊ စီးတတ်ပါတယ်"

"အေး…စီးတတ်ရင် ဈေးကိုမြန်မြန်သွားစမ်း၊ ရော့
ပိုက်ဆံ၊ ဒေါ်ထားခင်က လွှတ်လိုက်တာလို့ပြော ကြားလား"

"ဟုတ်ကဲ့"

"ဈေးထဲမှာ ပုစွန်ထုပ်ကြီးတွေ ရောင်းတဲ့ဆိုင်ရှိတယ်၊
အဲဒါ တစ်ပိဿာချိန်ခဲ့၊ ငါ့သားက ပုစွန်ထုပ် စားချင်တယ်ပြောထား
တာ မေ့လာလို့"

"ဟုတ်ကဲ့ ကြီးကြီး"

ကားဂိုဒေါင်ထဲမှာ ထည့်ထားသော စက်ဘီးနှစ်စီးထဲမှ
တစ်စီးကို ဆွဲထုတ်ပြီး ဈေးသို့ပြေးရသည်။ အသွားတွင်
အောင်စာရင်းကပ်ထားသော မြို့နယ်ရုံးသို့ ဝင်ကြည့်ရသေး၏။

"မေ့မရ"

"မေ့မရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကျော်စွာ"

ကျောင်းမှာ မိမိကို အသေအလဲ ပိုးနေသည့် ကျော်စွာကို တွေ့လိုက်ရသဖြင့် မေ့မရ စိတ်ညစ်သွားသည်။

"မေ့မရ ဆောင်တယ်နော်"

"ဆောင်တယ်၊ ဆောင်တယ်၊ အဲဒါဘာဖြစ်လဲ"

"ဝမ်းသာတယ်ဆိုတာ ပြောမလို့ပါ မေ့မရရာ"

"မလိုပါဘူး၊ ရတယ်"

"မာနမကြီးစမ်းပါနဲ့ မေ့မရရာ"

ကျော်စွာက မေ့မရဘေးမှာ အတင်းလိုက်ကပ်ပြောနေသည်။

"မေ့မရ"

"ဘာလဲဟာ"

"နင် ငါ့ကို အခုထိ အဖြေမပေးသေးဘူးနော်"

"ဆောင်မယ် နင့်ကို အဖြေပေးရအောင် နင်နဲ့ငါက တန်လို့လား၊ စိတ်ကူးထဲတောင် မထည့်ဘူးမှတ်"

ကျော်စွာ မျက်နှာရှုံ့သွားသည်။

"ဒီလောက်တောင်ပဲလား မေ့မရရယ်"

"သွားမယ် ဟင်း"

မရ စက်ဘီးပေါ် လွှားခနဲ ခုန်တက်လိုက်သည်။ ပုစွန်ထုပ်ဆိုင်ကိုရောက်တော့ နောက်ကျနေပြီ။



"နေပါဦး ဒေါ်လေး မသိမ်းပါနဲ့ဦး"

အဒေါ်ကြီးက မေ့မရကို မျက်လုံးလေးပြူးကြည့်သည်။

"ပုစွန်ထုပ် ဝယ်ချင်လို့လားကွယ့်"

"ဟုတ်ကဲ့ဒေါ်လေး၊ သစင်မြိုင်ခြံက ကြီးကြီးဒေါ်ထားခင် ဝယ်ခိုင်းလိုက်လို့ပါ"

"သြော်…မသီတာ လွှတ်လိုက်တာကိုး"

"မသီတာမဟုတ်ဘူး၊ ဒေါ်လေး ဒေါ်ထားခင်"

"ဟင်း…ဟင်း တို့ကတော့ သူ့ကို မသီတာလို့လည်း သိထားတာ ကြာပြီကွယ့်"

မေ့မရ အံ့သြသွားသည်။ ဒေါ်ထားခင်နာမည်က မသီတာတဲ့။

"သမီးက မသီတာအကြောင်းကို မသိသေးဘူးနဲ့တူတယ်"

"ဟင့်အင်း"

"သမီးက မသီတာနဲ့ဘာတော်လဲ"

"ဘာမှမတော်ပါဘူး ဒေါ်လေး၊ မေ့မရတို့က ကြီးကြီးဒေါ်ထားခင်ခြံထဲမှာ နေတာပါ"

"အင်း…မသီဟာ မသီတာ၊ တော်တော် စိတ်ဓာတ်ပြင်း

www.burmeseclassic.com



ထန်တဲ့ မသီတာပဲကိုး၊ အင်းလေ တစ်နေ့တော့ မသီတာအကြောင်းကို သမီးသိလာမှာပေါ့၊ ခုတော့ ဒေါ်လေးလည်း ပြောမပြချင်သေးဘူး၊ ကဲ မသီတာက ပုစွန်ထုပ် ဘယ်လောက်သား မှာလိုက်လဲ"

"တစ်ပိဿာပါ ဒေါ်လေး"

သစ်သားစည်ထဲက အကြီးဆုံးအကောင်းဆုံး ပုစွန်ထုပ်ကြီးတွေကို ထုတ်ချိန်ပေးသည်။ ပြီးတော့ သေသေချာချာ ထုပ်ပေးသည်။ စက်ဘီးလက်ကိုင်မှာချိတ်ပြီး သဖင်မြိုင်ကို မေမရ အမြန်ဆုံး ပြန်ခဲ့သည်။

"ရခဲ့လားဟေ့"

"ရခဲ့ပါတယ် ကြီးကြီး"

"အေး…ရခဲ့ရင် မီးဖိုထဲပို့လိုက်၊ ပြီးရင် ညည်း ငါ့ဆီပြန်လာခဲ့၊ ကြားလား"

မေမရ စိတ်ညစ်သွားသည်။ သူ့အလုပ်တွေက ပြီးမှပြီးပါတော့မလားမသိ။ ဒေါ်ထားခင်ကတော့ ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း စဉ်းစားနေသည်။

"ပေးခဲ့ပြီလား"

အနားသို့ရောက်လာတော့ မေမရကိုကြည့်ပြီး ဒေါ်ထားခင်က မေးသည်။

"ပေးလိုက်ပြီ ကြီးကြီး"



"ဒီမှာ ညည်းကို ငါတစ်ခုပြောမယ်"

"ဟုတ်ကဲ့"

"ညည်းကို ခြံထဲမှာ လတ်လျားလတ်လျား လုပ်နေတာပဲ ငါတွေ့နေရတယ်"

မေမရရင်ထဲ အောင့်သက်သက်ကြီး ဖြစ်သွားသည်။

"မရ ငယ်ငယ်ကတည်းက ဒီအတိုင်းပဲနေတတ်လို့ပါ ကြီးကြီး"

"ဟင်း ဟင်း အင်းလေ အဲဒါကိုတော့ ထားလိုက်ပါလေ၊ ဒီမှာ ငါပြောမယ်"

မေမရ ခေါင်းကိုမော့ထားလိုက်သည်။ မိမိကို နှိမ်တာ အထင်သေးတာမျိုးကိုတော့ မေမရ ဘယ်လိုမှ မခံစားနိုင်ပါ။ ဒေါ်ထားခင်မကလို့ ဒေါ်ထားခင် အဘွားဖြစ်စေ မိမိကို အထင်သေးလာရင် ပြန်တော့ပြောရမည်ဟု မေမရ သန္နိဋ္ဌာန် ချထားခဲ့သည်။

"ဒီနေ့ကစပြီး ညည်းကို သတ်သတ်မှတ်မှတ် တာဝန်တစ်ခုပေးရမယ်၊ ဒီအတိုင်းထားလို့ကတော့ ဘယ်နည်းနဲ့မှမဖြစ်တော့ဘူး"

ဒေါ်ထားခင်က နဖူးကြောကြီးများ ရှုံ့သွားအောင် စဉ်းစားလိုက်ပြီး…

"ဒီမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ကြီးကြီး"

"ဒီနေ့ကစပြီး ငါသားဝတ်တဲ့ အဝတ်အစားတွေကို ညည်း အကုန်လျှော်ပေးရမယ်၊ ငါသားစီးတဲ့ ဖိနပ်မှန်သမျှ ညည်း ပြောင်အောင်တိုက်ပေးရမယ်"

"ရှင်"

မေ့မရတစ်ယောက် ပါးစပ်လေးအဟောင်းသား ဖြစ်သွားရပြီ။

"ဟို…ဟို မေ့မရ အဲဒါ…အဲဒါတွေမှ မလုပ်တတ်တာ"

"ဘာပြောတယ်"

ဒေါ်ထားခင်၏ မျက်ဝန်းအစုံက ပြူးကျယ်ဝိုင်းစက်သွားသည်။

"ညည်းက အဲဒါတွေတစ်ခုမှ မလုပ်တတ်ဘူး ဟုတ်လား မေ့မရ နေစမ်းပါဦး ညည်း အခုဝတ်နေတဲ့ အဝတ်အစားတွေကို ဘယ်သူလျှော်ပေးလဲ"

"ကိုကိုကြီး လျှော်ပေးတယ်"

"ဘုရားရေ"

"ကြီးကြီးမယုံလို့လား၊ ကိုကိုကြီးက တကယ်လျှော်ပေးတာ၊ ထဘီတွေရော၊ အင်္ကျီတွေရော၊ ဟို ဘော်လီတွေ စကဒ်တွေလည်း လျှော်ပေးတယ်"



ဒေါ်ထားခင်တစ်ယောက် ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

"မေ့မရ မလိမ်တတ်ဘူး ကြီးကြီး၊ အဲဒါတွေအားလုံး အမှန်တွေချည်းပဲ၊ ကိုကိုကြီးမအားရင် ကိုကိုလေးက လျှော်ပေးတယ်"

"ညည်း ကိုကိုလေး မအားရင်ကော"

"ဒီအတိုင်းထားလိုက်တာပေါ့"

"အံ့ပါရဲ့အေ၊ ညီမ အဝတ်အစားကို အစ်ကိုတွေက လျှော်ပေးရသတဲ့၊ ကြား ကြားဖူးပေါင်တော်"

ဒေါ်ထားခင်တစ်ယောက် မျက်နှာကို ရှုံ့မဲ့ပြီးပြောသည်။

"ဒါကတော့ ကြီးကြီးရယ်၊ သူတို့က မေ့မရကို အရမ်းချစ်တာကိုး၊ ညီမလေးတစ်ယောက်တည်းရှိတယ်ဆိုပြီး ငယ်ငယ်လေးကတည်းက အလိုလိုက်ထားတာ"

"ဈေးဝယ်တော့ရော"

"ကိုကိုကြီးလေ…မေ့မရ အိပ်ရာမထခင် ကိုကိုကြီးက ဈေးကတောင် ပြန်ရောက်နေပြီ"

"ဟင်း…ကောင်းလည်းကောင်းတဲ့ အစ်ကိုတွေပါလား၊ အဲဒါ ညည်းကို ချစ်တာမဟုတ်ဘူးသိလား၊ နှစ်တာ နှစ်တာ၊"

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ ညည်းလည်း မိန်းမပေါ့ဖြစ်ရော၊ မိဘလက်ထက်က ဘာမှမလုပ်ရဘူးဆိုတဲ့ မိန်းကလေးတွေ အိမ်ထောင်လည်းကျရော ဒုက္ခရောက်တာပဲ၊ မိန်းမလုပ်ရမယ့်အလုပ်ကို အခုကတည်းက တတ်အောင်သင်ထားတာကောင်းတယ်၊ ညည်းလည်း သင်ရမယ်၊ ငါ့ခြံထဲမှာနေရင် ငါ့စည်းကမ်းကို လိုက်နာ၊ မနာနိုင်ရင် ခြံထဲမှာ မနေကြနဲ့၊ ငါ့မျက်စိကွယ်ရာ နားကွယ်ရာမှာ ညည်းတို့ဟာညည်းတို့ နေချင်သလို သွားနေကြ၊ ဟင်း''

''နေမှာပါ ကြီးကြီးရာ၊ နုလည်း တခြားမှာ အိမ်ငှားနေဖို့ စပေါ်မပြည့်သေးလို့ ဒီမှာ မျက်နှာအငယ်ခံပြီး နေနေရတာပါ''

မေ့ဓရကတော့ ဒိုးခနဲ ခေါက်ခနဲကို ပြန်ပြောပစ်လိုက်သည်။

''အောင်မယ်...ညည်းကများ ငါ့ကို ပမာမခန့်နဲ့၊ ဟင်း ညည်းတို့ပုံစံမျိုးလား သူများအိမ်၊ သူများရပ်ကွက်မှာ ငှားနေလို့ ရမှာ၊ ဒီမှာ ညည်းတို့ဟာညည်းတို့ ဟိုတုန်းက မိုးပျံအောင်ချမ်းသာပစေ၊ လူဆိုတာ ကိုယ့်ဘဝကိုယ် နားလည်ရတယ်၊ ရွှေထီးဆောင်းခဲ့တာကို ပြန်တွေးပြီး အသားလွတ်အခြောက်တိုက် ဘဝင်မြင့်နေရင် တစ်နေ့ အရှုးထောင်ရောက်မှာ သေချာတယ်၊ ညည်းဟာညည်း ဟိုတုန်းက လုပ်တတ်တတ် မလုပ်တတ်တတ် ခု တတ်အောင်သင်ရမယ်၊ ညည်းတို့ကို ငါ့ခြံထဲမှာ အလကားမထားနိုင်ဘူး''



မေ့မရ နှုတ်ခမ်းလေးတွေကို ခပ်တင်းတင်း ဖိကိုက်ထား ...ည်။ ဒေါ်ထားခင်ကတော့ လေသံရော မျက်နှာကြောပါ ...မာပြုတ်သားလွန်းလှသည်။

''ဟေ့...မိအေးတင်၊ ဒီကိုလာစမ်း''

ဒေါ်ထားခင် အော်ခေါ်သံကြောင့် အေးတင်တစ်ယောက် ...ခန်းထဲမှ ကပျာကယာ ပြေးထွက်လာခဲ့ရသည်။ ကြီးကြီးခင်က ...ခေါ်ရင် ချက်ချင်းပြေးလာမှ သဘောကျတယ်မဟုတ်လား။

''နောက်နေ့ကစပြီး သူ့ကို အဝတ်လျှော်တာ၊ မီးပူတိုက် ...၊ အိမ်သန့်ရှင်းရေးလုပ်တာ သင်ပေးလိုက် ကြားလား''

''ကြားပါတယ် ကြီးကြီးခင်''

''ညည်းကလည်း မနက်ဆို အိပ်ရာက စောစောထပြီး ...ခဲ့၊ ညည်းတို့ လာနှိုးရတာမျိုး မလိုချင်ဘူး''

ဒေါ်ထားခင်က အမိန့်ပြတ်သားစွာပြောပြီး လှည့်ထွက်သွားသည်။ မကျေမနပ်နှင့် အသားလေးတွေ တဆတ်ဆတ်တုန်ရင်း ...ခဲ့ရသူက မေ့မရ။ အံကိုတော့ မေ့မရ ကြိတ်ထားမိသည်။ သူ့သား ...တ်မောင် ခေါက်တာဦးထက်ဝဏ္ဏရဲ့ အဝတ်အစားနဲ့ ဖိနပ်တွေကို ...မရက လျှော်ဖွပ် တိုက်ချွတ်ပေးရတော့မယ်တဲ့။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

“ဒါ သားတို့ကို သက်သက်မဲ့ အခြောက်တိုက်နှိမ်တာ မေမေ၊ မေ့မရ နှင့် ဘာမှသွားလုပ်ပေးစရာမလိုဘူး၊ လာပြောရင် ငါရှင်းမယ်၊ တောက်”

ကိုကိုကြီး သော်ဇင်က ဒေါသတကြီး အော်ဟစ်နေသည်။

“မလုပ်ဘူး…မလုပ်ဘူး၊ အဲလိုအလုပ်မျိုးကို မေမေ ဘယ်တော့မှမလုပ်ဘူး၊ သူ့ခြံထဲမှာ မနေရရင် လမ်းဘေးမှာ တဲထိုး ပြီးသွားနေမယ်”

မေ့မရတို့ မောင်နှမနှစ်ယောက် ဆွေ့ဆွေ့ခုန်နေသည်။ ကိုကိုကြီးမျက်နှာလည်း နီရဲနေသည်။

“ငါက သူ့ခြံထဲက အလုပ်တစ်ခုခုကို လုပ်ပေးရမယ်ဆို တော့ ပန်းပင်ရေလောင်း၊ မြက်နုတ်ပေါင်းသင် အလုပ်လောက် အောက်မေ့ထားတာ၊ အခုလုပ်ခိုင်းတာက မေ့မရကို အညွန့်ကိုး အောင်ချိုးတာ၊ ဟင်း…တော်တော် လူစိတ်မရှိတဲ့ မိန်းမကြီး”

[redacted]



ဦးအောင်ဇော်မှာလည်း သားနှင့်သမီးကိုကြည့်ပြီး ရင်ထဲမှာ …အောင် နာနေရသည်။ အပြင်မှာ ငှားနေရအောင်ကလည်း ငွေက …ထဲမှာမပြည့်စုံသေး။ ရှိတဲ့ငွေနဲ့ ငှားနေမယ်ဆိုပြန်တော့လည်း …ပေါ်ငွေ ခေါင်းနိုက်အောင် တက်နေသည့်ခေတ်ကြီးထဲမှာ …ခန်းငှားနေဖို့နေနေသာသာ ဆယ်ပေပတ်လည် အခန်းကျဉ်းလေး …ခုတောင် ရန်ကုန်မှာ ငှားနေဖို့ကမလွယ်။

“ဟင်း…သူက ဘယ်လောက်ချမ်းသာဖူးလို့လဲ၊ …ကလေးတစ်လုံး ဝယ်နိုင်တာနဲ့ ဘဝင်မြင့်ပြီး မိလုံးမှာဂိုက်ဖမ်း …တာ၊ တို့လောက်ချမ်းသာဖူးရင် ခက်မယ်”

“တော်ပါတော့ သားရယ်”

သည်စကားတွေကို ဦးအောင်ဇော်တစ်ယောက် ဆက် …ကြားချင်တော့ပါ။ ကြားလည်း မကြားရဲတော့ပါ။ မိမိအပြစ်တွေ …ကြောင့် ဖြစ်ခဲ့ရသည်ကိုး။

“မဟုတ်သေးပါဘူး မေမေရယ်၊ သား မစ်ချင်လွန်းလို့ပါ၊ …တို့တောင် ညီမလေးကို အဝတ်တစ်ထည် လျှော်ခိုင်းဖူးတာ …တ်ဘူး၊ သူကျမှလာပြီး သူ့သားဝတ်တဲ့အဝတ်တွေ လျှော်ပေးရ …တဲ့၊ ပေးသေးတယ်”

“ညီမလေးကတော့ လာခေါ်ရင် မလုပ်နိုင်ဘူးလို့ ပြောပစ် …လိုက်မယ်”

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"လုပ်နေနဲ့ ညီမလေး၊ ညီမလေးကို အလုပ်ခိုင်းဖို့ လာခေါ်ရဲခေါ်ကြည့်၊ အကြောင်းသိသွားမယ်"

ကိုကိုကြီးကတော့ အဟုတ်ကို ကြိမ်းနေသည်။

မနက်မိုးလင်းတော့ မအေးတင် မေ့မရကို လာနှိုးသည်။

"မေ့မရ"

"ဟဲ့ အိမ်ရှေ့က ဘယ်သူလဲ"

"ကျွန်မပါ အေးတင်ပါ၊ ကြီးကြီးခင်က မေ့မရကို လာနှိုးခိုင်းလိုက်လို့"

အသံကြားသည်နှင့် မေ့မရ အိပ်ရာက လူးလဲထလိုက်သည်။

"မေ့မရ အိပ်နေတယ်လို့ ပြောလိုက်မအေးတင်"

မာမာထန်ထန် ပြန်ပြောလိုက်သည့် ကိုကိုကြီးအသံကို မေ့မရ ကြားလိုက်ရသည်။

"အိပ်နေရင် နှိုးလိုက်ပါလား ကိုသော်ဇင်၊ မေ့မရ မလာလို့ ကြီးကြီးခင် ဒေါသထွက်နေတယ်"

"မနှိုးနိုင်ဘူးဟေ့ မနှိုးနိုင်ဘူး"

ပြဿနာကတော့ တက်စပြုနေပြီ။

"ဒီမှာ နင်တို့ကြီးကြီးခင်ကို ပြောလိုက်စမ်းပါ၊ ငါ့ညီမက သူများအိမ်မှာ အဝတ်လျှော်၊ ဖိနပ်တိုက်တဲ့ အတန်းစား မဟုတ်ဘူး





...ဘိုကရှေ့လို့ပြီး မွေးလာတာလို့ပြောလိုက်"

"ခက်တာပဲ ခက်တာပဲ၊ ကြီးကြီးခင်ကြားရင် ပြဿနာ ...တက်ကုန်တော့မှာပဲ"

"ဟင်...သူ့ခြံထဲမှာ ကပ်နေရတယ် ဆိုပြီး၊ လူတွေကို ...ခိုင်းလိုသဘောထားချင်နေတဲ့ မိန်းမကြီး၊ သားသမီးချင်း ကိုယ် ...ချင်းစာ၊ ဒီမှာ မအေးတင် အဲဒီအဘွားကြီးကိုပြောလိုက် ရွှေတွေ ...ဆောင်းနဲ့ ချိန်ပြီးပေးရင်တောင် အဲဒီအလုပ်မျိုးကို တစ်သက်လုံး ...လုပ်ဘူးလို့"

"ဘာပြောတယ်"

မထင်မှတ်ဘဲ ရောက်လာသူက ဒေါ်ထားခင်။ အိမ်ထဲက ကြားလိုက်ရသော အသံတွေကြောင့် ဒေါ်ထားခင်တစ်ယောက် ...ကြီးအကျယ် ဒေါသထွက်သွားသည်။ ဒေါ်ထားခင်ပုံစံက ဒါး ...တစ်ဖက်ကိုထောက်လို့ တစ်လောကလုံးကို အရှည်ကျိုးသောက်ပစ် ...တော့မည့်ပုံ။

"ဘာပြောရမှာလဲ ကြားတဲ့အတိုင်း ပြောတာပဲ"

"ဟေ့ ဟေ့၊ ဒီမှာ ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်းပါဦး"

"ကြည့်တယ် ကြည့်တယ် ဘာဖြစ်လဲ"

သော်ဇင်ကလည်း ဒီလို ကျောလာတာမျိုးကို နည်းနည်းမှ

www.burmeseclassic.com

www.burmeseclassic.com



သည်းမခံနိုင်။ ခါးထောက်ပြီး ပြန်ပြောပစ်လိုက်သည်။

"နင်တို့ကိုယ်နင်တို့ ဘာတွေများ အောက်မေ့နေကြ

ဒါ ငါပိုင်တဲ့ခြံ"

"သိသားပဲ"

"သိရင် ကျေးရူးတရားဆိုတာ နားလည်တတ်ရတယ်

မေ့မရပါ မနေနိုင်တော့၊ ကိုကိုလေးပါ ထွက်လိုက်

သည်။

"နေတော့ သူများခြံ၊ စားတော့ အသားပုပ်၊ ငါး

ဟင်း ဘဝင်မြင့်လိုက်ကြတာကလည်း မိုးကိုတက်ဆောင့်တော့

အတိုင်း"

"ခင်ဗျားစကားပြောတာ ကြည့်ပြီးပြောနော်"

ကိုကိုကြီး အသားတွေ တဆတ်ဆတ် တုန်နေသည်

"ဒီမှာ မင်းတို့ကို ရှင်းရှင်းပဲပြောမယ်၊ ငါ့ခြံထဲမှာ ကပ်

တဲ့ လူဟာ ငါ့ရဲ့အလုပ်သမားပဲ"

"ခင်ဗျား...ခင်ဗျား"

သော်ဇင် အံကြိတ်ပြီး လက်သီးကို ကျစ်နေအော

ဆုပ်ထားလိုက်မိသည်။

"ဒီမှာ မင်းတို့အားလုံး ငါ့ခြံထဲက အခုထွက်သွားကြ

တစ်စက်ကလေးမှ ကျေးရူးမသိတတ်တဲ့ဟာတွေ၊ မင်းတို့ မျက်

[redacted]



တွေကို ငါလုံးဝ မမြင်ချင်တော့ဘူး၊ အကိုအောက်မေ့ရသည်။ လမ်းထဲမှာ

ဖြို"

သည်။

ဒေါ်ထားခင်က ပြောပြီးသည်နှင့် ချာခနဲလှည့်ထွက်သွားပဲ့နော်၊

ပြီ။ မောင်နှမသုံးယောက်စလုံး ဒေါသဖြစ်ကာ ခုန်ဆွခုန်ဆွ

ဖြစ်ခဲ့ကြသည်။ သူက မိုးပေါ်မှာ ရောက်နေခဲ့ပြီပဲ၊ မြေပေါ်ကလူ

ကို ပြောအားရှိတော့မှပေါ့။

"မနေဘူး မနေဘူး၊ အခု ပြောင်းမယ်၊ ဘယ်မှာပဲနေရနေရ

သွားနေမယ်"

မေ့မရ အသံက ညံနေသည်။ မေ့မရ မငိုဘဲ မနေနိုင်တော့

ပါ။ မေမေ့ကိုဖက်၍ အားရပါးရ ငိုချလိုက်မိတော့သည်။

□ □ □

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၀]

"ဗျာ…ဒီအခန်းလေးကို စပေါ်ခြောက်သိန်း အိမ်လ…
တစ်သောင်းခွဲ ဟုတ်လား"

"ဘာလဲ ငါ့တူ၊ ဒါကို ငါ့တူက များတယ်ထင်လို့လား
ဒါ တောမဟုတ်ဘူး၊ ရန်ကုန်ကွယ့် ရန်ကုန်"

သော်ဇင် ပါးစပ်အဟောင်းသား ဖြစ်နေသည်။ အခန်…
ကလေးက ဆိုးတော့မဆိုးလှပါ။ အပေါ်ထပ်မှာ အိမ်ရှင်တွေနေပြ…
အောက်ထပ်မှာက အိမ်ငှားတွေကို ထားသည်။ အိမ်က အုတ်ပ…
ကားတက်၊ ပျဉ်ထောင်အိမ်၊ ရေမီးအစုံပါသည်။ သားအဖ…
ယောက် မှုမှုတတ နေလို့ရသည်။ သို့ပေမယ့် ရပ်ကွက်က အိမ်တွေ…
ပြွတ်သိပ်ကျပ်ညပ်နေပြီး အိမ်ရှေ့လမ်းကလည်း ဗွက်ပေါက်နေ…
သည်။ မဟာရန်ကုန်ရဲ့ မြို့နယ်တစ်ခု၊ ကလေးတွေကလည်း…



ထန်ထရိုက်ယူပြီး မွေးထားသလား အောက်မေ့ရသည်။ လမ်းထဲမှာ
တင် ရှောင်လို့မလွတ်အောင် ပြွတ်သိပ်နေသည်။

"အိမ်ခြံမြေဈေးတွေက အခုတလော အရမ်းတက်တာပဲနော်၊
အေါလေး မြို့ထဲကပ်ဖို့ဆိုတာ ဘေးချိတ်၊ ဆင်ခြေဖုံးတောင် ရဖို့
ခလွယ်ဘူး"

"ဒါနဲ့ မင်းတို့က ဘယ်လောက်တတ်နိုင်လို့လဲ"

"ကျွန်တော်တို့တတ်နိုင်တာက နည်းနည်းပါးပါးပါ"

"ကဲ…ငါ့တူ အဒေါ်လည်း လုပ်စရာအလုပ်ရှိသေးတယ်၊
အဒေါ်အိမ်ခန်းကတော့ စပေါ်ခြောက်သိန်းနဲ့ အိမ်လခ တစ်သောင်း
ငါးထောင်ပဲ"

"ကျွန်တော် ပြန်လိုက်ပါဦးမယ်"

"ကြွ…ကြွ"

သော်ဇင်တစ်ယောက် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ဆင်း
လာခဲ့သည်။ မိမိတစ်သက်နဲ့တစ်ကိုယ် ရပ်ကွက်ထဲမှာ မနေဖူး
မငှားဖူးသဖြင့် သော်ဇင် ကြောင်အမ်းအမ်းလေး ဖြစ်နေသည်။
ဘယ်နေရာသွားလို့ ဘယ်နေရာရှာရမှန်းပင် မသိတော့ပါ။ သော်ဇင့်
လက်ထဲမှာရှိတာက ငွေလေးအနည်းငယ်သာ၊ ခြံကြီးကိုရောင်းခဲ့ရ
သော ငွေတွေကလည်း ဖေကြွေး၊ ဆေးဘိုးဝါးခ၊ သားလုံးပွဲကြွေးတွေ ထိုးဆပ်ရတာ
နဲ့ပင် တက်တက်စင်အောင်ပြောင်ခဲ့သည်။ အရွယ်တွေရောက်လို့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုယ်စီရှိပေမယ့် ဘဝကို တစ်ကပြန်စခဲ့ရတာ။ စားဖို့သောက်ဖို့အပြင် ကျောင်းစရိတ်နဲ့ ဖေဖေ့ဆေးဖိုးပါ ရှာရတာဆိုတော့ အိုမြေက မရှိ။ အသုံးစရိတ်လောက်အောင် မနည်းခြွေတာခဲ့ရတာ၊ အရင်က နေဖို့မပူရပေမယ့် အခု နေစရာပါ ရှာရပြီဆိုတော့ လက်ထဲမှာရှိတဲ့ငွေလေးနဲ့ ရွေ့ပြည်သာတို့ကြဘော့လည်း မဖြစ်။ ကိုယ်က မြို့ထဲမှာ အလုပ်လုပ်ရဝဲ့သူ၊ ဘုရားမှာ ဆိုင်ဖွင့်ထားတော့ မနက်အစောကြီးရောက်ဖို့ဆိုတာ ဘတ်(စ်)ကားကို တစ်နာရီနီးပါး စီးမှရောက်မှာ။ ဘယ်လိုမှမဖြစ်နိုင်။ အဆုံးမသတ်နိုင်သော အတွေးတို့ဖြင့် သော်ဇင်တစ်ယောက် နေပူပူမှာ လျှောက်နေရပေမယ့် ရင်ထဲက အပူမီးက ပိုပြီးတော့ လောင်မြိုက်လွန်းပေသည်။ မိမိက အစ်ကိုအကြီးဆုံး ညီလေးနဲ့ညီမလေးအပြင် ကျန်းမာရေးမကောင်းတဲ့ ဖခင်ကလည်း ရှိသေးသည်။ သော်ဇင် ဘယ်လိုရှေ့ဆက်ရမလဲဆိုတာ မတွေးရဲတော့ပါ။ ဒီခြံထဲမှာနေဖို့အတွက်နဲ့တော့ ညီမလေးကို သူများအခိုင်းအစေလို လုပ်ခိုင်းရမှာကိုတော့ ဘယ်လိုမှ မဖြစ်နိုင်ပေ။ ကိုယ်တိုင်တောင် မခိုင်းရက်လို့ သူ့ဝေယျာဝစ္စတွေကို လိုက်လုပ်ပေးခဲ့တာ၊ ညီမလေးက ဘာမှလည်း လုပ်တတ်ကိုင်တတ်တာ မဟုတ်ဘူး၊ သော်ဇင် အတွေးတို့ဖြင့် လျှောက်လာခဲ့စဉ်…

□ □ □



## အခန်း [၁၁]

"ကျွိ"

"အောင်မယ်လေးဗျ"

"ဟာ…သေတော့မှာပဲ၊ လမ်းလျှောက်တာ ဒီလောက်ငေးပြီးလျှောက်ရသလားကွ"

"ဟင်…အန်ကယ်"

သော်ဇင်မှာ ကားတိုက်ခံရမလိုဖြစ်ပြီးမှ မထင်မှတ်ဘဲ အန်ကယ်ဦးကျော်ဇင်ကို တွေ့လိုက်ရသဖြင့် စိတ်ထဲကကျိတ်၍ ဝမ်းသာသွားသည်။ အန်ကယ်ဦးကျော်ဇင်သည် ဖေဖေ ကောင်းစားစဉ် အချိန်အခါတုန်းက ဖေဖေ့အထောက်အပံ့ အကျွေးအမွေးဖြင့် တိုးတက်ကြီးပွားလာသူ။ နောက် မြဝတီဆိုလား၊ ကော့သောင်းဆိုလား ပြောင်းသွားပြီး အဲဒီကတည်းက လုံးဝမတွေ့ရတော့။ ခုမှ မထင်မှတ်ဘဲ လမ်းပေါ်မှာ ပြန်တွေ့နေရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း…မင်း ဦးအောင်ဖော် သား"

"ဟုတ်တယ်လေ အန်ကယ်၊ ကျွန်တော် ဦးအောင်ဖော် သား သော်ဇင်လေ၊ အန်ကယ် မမှတ်မိတော့ဘူးလား"

"သြော်…မင်းကိုး"

အန်ကယ် ဦးကျော်ဇင်က သော်ဇင့်တစ်ကိုယ်လုံးကို ကြည့်ပြီး တအံ့တဩ ဖြစ်သွားဟန်ကလေးနှင့် ပြောသည်။

"အန်ကယ် အခုဘယ်မှာနေလဲဟင်၊ ရန်ကုန်မှာပဲလား"

"အေး…ရန်ကုန်မှာပဲ၊ ဝင်ဒါမီယာထဲမှာလေ"

"ကျွန်တော်တို့လည်း ခြံနဲ့တိုက်ကို ရောင်းလိုက်ရပြီ အန်ကယ်၊ ဖေဖေကလည်း ကျန်းမာရေးမကောင်းလို့ အိပ်ရာထဲမှာ လဲနေတာ ကြာပြီ"

"ငါကြားပါတယ်ကွာ"

"အခုလည်း အိမ်ငှားနေဖို့ ကျွန်တော်လိုက်ရှာနေတာ အန်ကယ်"

"ဟုတ်လား"

ဦးကျော်ဇင်မျက်လုံးထဲမှာ အထင်သေးရိပ်တွေ လွှမ်းနေသည်ကို သော်ဇင် အကဲခတ်လိုက်မိသည်။

"အဲဒါ အန်ကယ်ရာ အိမ်စပေါ်တွေက အရမ်းများနေလို့ ကျွန်တော်လည်း မကပ်နိုင်ဘူးဖြစ်နေတာ၊ အန်ကယ့်ကိုတွေ့လိုက်ရင်





အမေကတော့ အရမ်းဝမ်းသာသွားမှာ သေချာတယ်"

"အဟင်း…ဟင်း"

"အိမ်ကိုလာလည်ပါဦး အန်ကယ်"

သော်ဇင်ကသာ ဝမ်းသာအားရဖြင့် ပြောနေသော်လည်း ဦးကျော်ဇင်ကတော့ မတုန့်မတန်သော အကြည့်ဖြင့် မျက်နှာကို တင်းကာ နှုတ်ခမ်းကိုမဲ့၍နေလေသည်။

"ငါမအားဘူးကွ၊ မင်းအမေကိုသာပြောလိုက်ပါ၊ အန်ကယ်ကလည်း သတိရပါတယ်လို့"

"ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော်သွားတော့မယ်"

"ဟေ့…မောင်သော်ဇင် နေဦး၊ ရော့ မင်းအမေကိုပေးလိုက်၊ အန်ကယ်ဦးကျော်ဇင်က ငွေတစ်သောင်းပေးလိုက်တယ်လို့"

"ဗျာ"

ထောင်တန်လေးတွေကိုကြည့်ပြီး သော်ဇင့်ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။

"ယူလေကွာ ဘာကြောင်ကြည့်နေတာလဲ၊ မင်းအမေကို ပြောလိုက် သိပ်မမိုက်နဲ့တော့လို့၊ ရော့ အန်ကယ်လည်း သွားစရာ ကိစ္စရှိသေးတယ်"

သော်ဇင်က မယူသဖြင့် ဦးကျော်ဇင်က ကားပေါ်မှ ပစ်ချထားခဲ့သည်။ လမ်းပေါ်မှာ တစ်ထောင်တန်ကလေးတွေ တစ်ရှုတ်စီ



www.burmeseclassic.com

www.burmeseclassic.com



လွင့်ထွက်သွားသည်။ သော်ဇင် မကောက်မိတော့ပါ။ အနားက ချာခနဲ လှည့်ထွက်ခဲ့သည်။ မိမိက လာလည်ပါဆိုသည်ကိုပင် မိမိတို့ အိမ်လိပ်စာကိုပင် မမေးခဲ့သည့် အနံကယ်ဦးကျော်ဇင်ပါလား။ သူ့သဘောက လုံးဝလာမလည်နိုင်သည့်သဘော။ နောက် လုံးဝ မပတ်သက်လိုတော့သည့်သဘော။ အဖြေက ရှင်းနေပါသည်။ သူပေးခဲ့သော ငွေတစ်သောင်းသည် မကောင်းတတ်၍ ပထမဆုံးနှင့် နောက်ဆုံးအဖြစ် ရွန့်ကြဲပေးကမ်းသွားသော ငွေ။ တစ်ချိန်က ဖေဖေ ကျေးမှု၊ ဖေဖေမွေးမှ လူဖြစ်ခဲ့ရသည့် ဦးကျော်ဇင်သည် ယခုအခါ ဖေဖေ့ကိုပင် ကျေးဇူးတရား မထောက်ထားနိုင်တော့ပါလား။ သိပ်မမိုက်နဲ့တော့တဲ့။ သူက မှာနေလိုက်သေးသည်။ တကယ့်လူ တွေ။

"တောက်"

သော်ဇင်တစ်ယောက် တက်ကိုသာ ခပ်ပြင်းပြင်း ခေါက် လိုက်မိတော့သည်။ နေက ရဲရဲတောက် ပူလောင်နေချေပြီ။

□ □ □

[redacted]

## အခန်း [၁၂]

"အခုနေ ပိုက်ဆံအရမ်းချမ်းသာတဲ့ မီလျံနာတစ်ယောက် လောက် မေ့မရကိုကြိုက်ရင် အရမ်းကောင်းမှာပဲနော်"

"ဘာလဲ မေ့မရ၊ နင်က ငွေမက်လို့ ဒီစကားပြောတာ လား"

"ရဲရင့် ထင်ချင်သလိုထင်"

"အဲဒါ ငွေမက်တဲ့ အချစ်ကို တန်ဖိုးမထားတတ်တဲ့ မိန်းကလေးတွေပြောတဲ့ စကားပါ မေ့မရရယ်"

"အောင်မယ်"

မေ့မရ မျက်မှောင်ကလေးတွန့်၍ ရဲရင့်ကို မကျေမနပ် လှမ်းကြည့်ပစ်လိုက်၏။

"ဘာလဲ ငါပြောတာ မဟုတ်လို့လား၊ ငါက အမှန်ကို ပြောတာ၊ လောကကြီးမှာ ငွေမက်တဲ့၊ ရာထူးအာဏာ ဂုဏ်ပကာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သနတွေကို မက်တဲ့လူတွေကို ငါ အမုန်းဆုံးပဲ''

''ဂရုမစိုက်ဘူး''

မေ့မရ ခပ်မာမာပဲ ပြန်ပြောပစ်လိုက်သည်။

''ခက်တယ် မေ့မရ၊ နင့်ကြောင့် အရမ်းခက်သေးတယ်၊ လောကကြီးအကြောင်းကို နင် ဘာမှနားမလည်သေးဘူး၊ နင်က ချမ်းသာဖို့ပဲသိတာ၊ ချမ်းသာချင်တာပဲရှိတာ''

''အဒါဘာဖြစ်လဲ''

''ဘာဖြစ်ရမှာလဲဟာ၊ နင်တစ်နေ့ ဒုက္ခရောက်သွားမှာပေါ့၊ ပိုက်ဆံချမ်းသာတဲ့ လူတွေက ပိုက်ဆံအကြောင်းပဲသိတယ်၊ သူတို့ကို နင်ယူပါပြီတဲ့၊ ဟိုက နင့်ကိုယူတာ ပိုက်ဆံနဲ့ပေါက်ဝယ်တာ နားလည်လား၊ ဟော···ယူပြီးရင် ချမ်းသာတာ ချမ်းသာတာပဲ၊ စိတ်ကတော့ ဆင်းရဲနေရရော၊ အဲဒါပေါ့ လူကချမ်းသာပြီး စိတ်က ဆင်းရဲနေရတယ်ဆိုတာ''

''မဆိုင်လိုက်တာ''

''ဆိုင်တယ် မေ့မရ၊ အရမ်းဆိုင်တယ်''

ရဲရင့်က ဖွတ်အတင်းကို ပြောနေမိသည်။ မိမိက မေ့မရကို တစ်ဖက်သတ် ချစ်နေရသူမဟုတ်လား။ ဖွင့်မပြောရဲလို့သာ ငြိမ်နေရတာ၊ စိတ်ထဲကတော့ မေ့မရကို ချစ်နေမိသည့်အကြောင်းတွေကို ကြိမ်ဖန်များစွာ ပြောနေမိသည်။





''ဒီမှာ ငါပြောမယ် မေ့မရ၊ အိမ်ထောင်ရေးဆိုတာ ငွေကြေးပြည့်စုံချမ်းသာတာလေး တစ်ခုပေါ်မှာ သတ်မှတ်တိုင်းတာ လို့မရဘူး၊ သူက စကားလေးသုံးလုံးတည်းပေမယ့် အများကြီး ကျယ်ဝန်းတယ်၊ နားလည်ရင်ဆိုင်ဖို့ဆိုတာ ခက်တယ်''

''မခက်ပါဘူး''

မေ့မရ တမင်ကို ရွဲ့ပြောပစ်လိုက်သည်။ နေရာတကာ ဆရာလုပ်တတ်သော ရဲရင့်ကို ဘုပြောချင်သည့်စိတ်သာ မေ့မရ စိတ်ထဲမှာ များနေသည်။

''နင်က သိန်းထောင်ပေါင်းများစွာ ချမ်းသာတဲ့လူကို ယူချင်တယ်ပြောတယ်၊ အေး အဲဒီလူတွေဆီမှာ ငွေကြေးရှိပေမယ့် ကြင်နာတတ်တဲ့ အသည်းနှလုံးမရှိရင် ဘာလုပ်မလဲ၊ အလကားပဲ ပိုက်ဆံသာချမ်းသာနေပြီး စိတ်ဆင်းရဲကြီးစွာနဲ့ နေရမှာကို နင်ခံနိုင်မလား''

''ခံနိုင်တယ်''

''ခံနိုင်ရင် ယူလိုက်ဟာ၊ သွား သွား''

''ဟား···ဟား''

ရဲရင့် မေ့မရကို မောင်းထုတ်မိတော့သည်။

''ရဲရင့်ရယ် ရဲရင့်ပြောတာတွေ မေ့မရ နားလည်ပါတယ်၊ ဒါပေမဲ့ လူတွေက အရမ်းခက်တယ် ရဲရင့်၊ နေရာတကာ ပိုက်ဆံရှိ



www.burmeseclassic.com

www.burmeseclassic.com



မှ ခေါ်ချင်ပြောချင် နှုတ်ဆက်ချင်ကြတာ၊ ဒါကြောင့်မို့ ...
ပိုက်ဆံချမ်းသာချင်တယ်"

"အလုပ်ကို ကြိုးစားလုပ်ပြီး ခြိုးခြံချွေတာပေါ့ ...
ရယ်၊ ဟိုတုန်းက တို့မြန်မာပြည်ကိုရောက်လာတဲ့ ကုလားကြီး...
ကြည့်ပါလား။ လာတုန်းက ကပ်ပလာလေး တစ်ထည်ထဲဝတ်...
ရောက်လာကြတာ၊ ဟော ဒီကိုရောက် အလုပ်မျိုးစုံကို ...
မကြောက်လုပ်တယ်၊ အပင်ပန်း အဆင်းရဲခံတယ်၊ မသုံးမဖြုန်း...
ရသမျှကို ခြိုးခြံချွေတာတယ်၊ ထမင်းကြမ်းခဲကို ဆားဖြူးစား...
စုဆောင်းတယ်၊ ဟော နောက်ဆုံးတစ်နေ့ကျတော့ သူဌေးကြီးတွေ...
ပြောခဲ့တာပေါ့၊ တရုတ်လိုရှာ၊ ကုလားလိုစု၊ မြန်မာလိုမဖြုန်းနဲ့ဆို...
လေ"

"အင်းနော်"

မေ့မရ မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်...
ငြိမ်နားထောင်နေသည်။

"လောကကြီးမှာ အလုပ်ကို မနိမကပ်လုပ်ပြီး အသုံး...
ကို လျှော့နိုင်သလောက်လျှော့ရင် တစ်နေ့ကျ ချမ်းသာလာ...
သေချာတယ်၊ နင်ပြောတဲ့ဖြတ်လမ်းက သူဌေးဖြစ်တဲ့နည်းထက်...
ရင် ငါပြောတဲ့နည်းက ပိုပြီးသဘာဝကျပါတယ် မေ့မရရယ်"

မေ့မရ သည်တစ်ခါတော့ အတွန့်မတက်နိုင်တော့...



...အကြောင်းအကားတွေက အမှန်တွေချည်းပဲ မဟုတ်လား။

"ဟင်...ကိုကိုကြီး"

ကိုကိုကြီးသော်ဇင်ကို ဘုရားလှေကားအတိုင်း ခေါင်းငိုက်စိုက်ချ တက်လာသည်ကို မြင်လိုက်ရသဖြင့် မေ့မရ အံ့သြသွားသည်။ မနက်က အိမ်ရှာထွက်သွားသည့်အကြောင်းကို ကိုကိုလေး ပြောပြထား၍ မေ့မရ သိထားသည်။

"ကိုကိုကြီး အိမ်သွားရှာတာဆို"

"အင်း...ဟုတ်တယ်"

"ဘယ်လိုလဲ ကိုကိုကြီး ရခဲ့လား"

"မရခဲ့ဘူး"

တစ်ယောက်ထိုင်ခုံကလေးမှာ ကိုကိုကြီး ခြေပစ်လက်ပစ်ထိုင်သည်။ မေ့မရပင် စိတ်မာတ်ကျသွား၏။

"ဘယ်လိုမရတာလဲ၊ အိမ်တွေက မငှားကြဘူးတဲ့လား"

"ငှားတယ်၊ ဒါပေမဲ့ စပေါ်ကများနေလို့ စိတ်ညစ်ပြီးပြန်လာတာ"

"ဒုက္ခပါပဲနော်"

မေ့မရ ငိုချင်လာသည်။ မေ့မရ သဖင်မြိုင်ခြံကြီးထဲမှာ တစ်မိနစ်၊ တစ်စက္ကန့်တောင် မနေချင်တော့ပါ။ အခုတော့ မေ့မရ တစ်ယောက် စဉ်းစားရင်းနဲ့ မျက်ရည်ဝဲနေရပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရဲရင့်"

"ဟင်"

"မင်းတို့နေတဲ့နားမှာ အိမ်လေးဘာလေးငှားဖို့ တွေ့ထား
သေးလား"

ရဲရင့် ခေါင်းကလေးကိုတော့ ညိတ်မိသည်။

"ရှိတော့ရှိတယ်ကွ၊ ဒါပေမဲ့ စပေါ်က အရမ်းများတယ်"

"အေးကွာ ငါတို့လက်ထဲမှာရှိတဲ့ ငွေနဲ့ကလည်း
အိမ်စပေါ်တင်လို့ ဘယ်လိုမှမရဘူး၊ စပေါ်ကြတော့လည်း လ
အဆမတန်ကြီး၊ ငါလည်း ဘာလုပ်လို့လုပ်ရမှန်း မသိတော့ဘူး
ရဲရင့်ရာ"

"မေ့မရပြောလို့ ငါလည်း အဲဒီကိစ္စကို သိပြီးပါပြီကွာ"

"အဲဒီခြံထဲမှာ တို့မောင်နှမတွေ လုံးဝမနေချင်တော့ဘူး
ကွာ"

ကိုကိုကြီးမျက်နှာမှာ ဆွေးမြည့်ကြေကွဲရိပ်များ ယှက်သန်း
လာသည်။ မေ့မရက မျက်ရည်များကိုသုတ်ပြီး ရဲရင့်မျက်နှာကို
လှမ်းကြည့်နေ၏။ ရဲရင့်လည်း စိတ်မကောင်းနိုင်ပါ။ သည်မောင်နှမ
တွေနှင့် ပတ်သက်ပြီး မိမိသည် သံယောဇဉ်ရှိပါသည်။ ဒါပေမဲ့
ကိုယ့်မှာလည်း ကိုယ့်အပူနှင့်ကိုယ်၊ ညီမလေးဝင့်ဝါ တက္ကသိုလ်တက်
ရမယ့် ကိစ္စ နေ့စဉ်စားသောက်ဖို့၊ ပြီးတော့ မောင်နှမနှစ်ယောက်





သွားနေနိုင်ဖို့။

"ခဏတော့ အောင့်အီးနေလိုက်ကြပါဦးကွာ၊ သူနိုင်းတော့
ည်း အားတဲ့အခါ လုပ်ပေးလိုက်ပေါ့၊ ကိုယ့်မှာလည်း အိမ်ရှာနေ
မှာ ငွေပြည့်သေးတာမဟုတ်ဘူး"

"ဟင့်အင်း... မလုပ်ပေးနိုင်ပါဘူး"

မေ့မရ ခါးခါးသီးသီးပင် ဝင်ပြောမိသည်။ သော်ဇင်က
ခေါင်းကို တဖျင်းဖျင်းကုပ်ပြီး စဉ်းစားနေသည်။

"ငါလည်း ဘာလုပ်ရမှန်း မသိတော့ဘူး ရဲရင့်ရာ၊ ငါ့ညီမ
လေးကိုလည်း သူများအိမ်မှာ အလုပ်လုပ်နေရတာ ငါမကြည့်ချင်
ဘူး"

"အဝတ်လျှော်တာလောက်ပဲကွာ ဟိုကဝတ်တဲ့အဝတ်
တွေကို ကိုယ့်အိမ်ရှေ့ယူလာပြီး ထိုင်လျှော်လိုက်၊ အဲ ပြီးတာနဲ့
လှန်း၊ မီးပူတိုက်ပြီး ပြန်ပေးလိုက်ပေါ့ကွ၊ အဲဒါဆိုရင် မင်းတို့
ရှင်အဘွားကြီး အရမ်းကြည်လင်သွားပြီ"

မောင်နှမနှစ်ယောက်စလုံး ငြိမ်နေကြသည်။

"ငါ တကယ်ပြောတာ သော်ဇင်၊ မင်းတို့ သေသေချာ
ချာ စဉ်းစား၊ ရန်ကုန်မှာ နေစရာအိမ်တစ်လုံးရဖို့က လွယ်တာ
မဟုတ်ဘူး၊ ရရင်လည်း လူသံဆူသံတွေနဲ့ ပြည့်နေတဲ့ ရပ်ကွက်တွေ
ထဲမှာပဲရမယ်၊ ခု မင်းတို့နေနေရတာက တကယ် ဆိတ်ငြိမ်ရပ်ကွက်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်လခလည်း ပေးစရာမလိုဘူး၊ ပြီးတော့ အပြင်မှာ စပေါ်သိန်း ကျော်နေတဲ့ အိပ်ခန်းထက်လည်း ကျယ်တယ်၊ စဉ်းစားပါကွာ"

တကယ်တော့ သော်ဇင်တို့ သော်မော်တို့တင်မက မိမိက ပါ မေ့မရကို သည်လိုအလုပ်မျိုး မလုပ်စေချင်ပါ။ သို့ပေမယ့် အခြေအနေအကြောင်းကြောင်းက ရှိသေးသည်။ မလုပ်လို့မဖြစ်မှန်း ရဲရင့် နားလည်ထားမိသည်။

"အဘွားကြီးကိုတော့ ငါ နည်းနည်းအံ့ဩတယ် ရဲရင့် သူနဲ့ပါလာတဲ့ အလုပ်သမားတချို့က အဘွားကြီး ငါတို့ကို ဆက်ဆံ တာနဲ့ပတ်သက်ပြီး နားမလည်နိုင်ဘူး ဖြစ်နေကြတယ်တဲ့"

"ဘာဖြစ်လို့လဲ"

"ဟိုအရင် မန္တလေးမှာနေတုန်းက အဘွားကြီးက ဒီလောက် ရန်စွယ်ငေါငေါ ဘယ်သူ့ကိုမှ ပြောတာမဟုတ်ဘူးတဲ့"

ပြောရင်းနှင့် သော်ဇင့်နားထဲတွင် ဒရိုင်ဘာပြောသော စကားကို ပြန်ကြားလာမိသည်။ ဒေါ်ထားခင်နှင့်ပတ်သက်သည့် အကြောင်းတရားများ၊

"တို့လည်း အဲဒါကိုပဲ စဉ်းစားလို့မရအောင် ဖြစ်နေတာ သော်ဇင်၊ မန္တလေးမှာတုန်းက ဒေါ်ထားခင် အမူအရာ အပြောအဆို အသုံးအနှုန်းတွေက အခုနဲ့ ဘာမှမဆိုင်ဘူး၊ သိမ်မွေ့တယ်၊ နူးညံ့ တယ်၊ ဘာသာတရား ကိုင်းရှိုင်းပြီး ကြီးသူကိုရိုသေ၊ ရွယ်တူကို





...တား၊ ငယ်သူကို သနားတတ်တဲ့ စိတ်ဓာတ်တွေ ဒေါ်ထားခင် ...အပြည့်ရှိတယ်၊ ယောာ... ခုလည်းကျရော မင်းတို့မောင်နှမတွေနဲ့ ...မှ အားလုံးပြောင်းလွဲသွားတော့တာပဲ"

"ဟင်း"

သော်ဇင်တစ်ယောက် ပင့်သက်ကိုသာ ချလိုက်နိုင်ပါ ...သည်။ ဘာကိုမှ မစဉ်းစားတတ်တော့။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၃]

"ဟော့…ဟော့"

"ဟော့…ချာတိတ်မ"

ခေါ်သံကြောင့် မေ့မရ ခြေလှမ်းကလေးတွေ တွန့်သွား
သည်။ ချာခနဲလှည့်ကြည့်လိုက်တော့ ပန်းပင်တွေကြားက ထွက်လာ
သည့် ဒေါ်ထားခင်။ မေ့မရ ခေါင်းမဖော့နိုင်တော့ပါ။ မေ့မရ၏
ဘက်က ခေါင်းမော့နိုင်သည့် အနေအထားမှ မရှိတော့တာ။

"မင်းတို့ အိမ်ရှာနေတယ်ဆို"

"ဟုတ်…ဟုတ်ကဲ့"

"ရပြီလား"

"မရသေးဘူး"

"ဟင်း…ဟင်း ငါထင်သားပဲ၊ လွယ်လွယ်နဲ့ရမှာ



မဟုတ်ဘူးဆိုတာ ဒီမှာ"

မေ့မရ မျက်နှာလေးကိုမော့ပြီး မရဲတရဲ လှမ်းကြည့်လိုက်တော့ ဒေါ်ထားခင်မျက်နှာပေါ်မှာ အပြုံးလဲ့လဲ့တစ်ခု ရှိနေသည်ကို သတိထားလိုက်မိသည်။

ထိုအပြုံးက လှောင်ရယ်အပြုံး။

"ဒီမှာ ငါတစ်ခုပြောမယ်၊ မင်းတို့မောင်နှမတွေကို မရက်စက်ချင်လို့ ဒီစကားကို ငါပြောတာ၊ မင်းတို့လည်း တခြားမှာနေဖို့ ထွက်ရှာပြီးပြီ၊ မရလို့ငြိမ်နေကြတာ၊ ဒီတော့ မင်းကို မင်းလုပ်တတ်တဲ့ အလုပ်ကိုပဲ ငါလုပ်ခိုင်းတော့မယ်၊ အဝတ်မလျှော်လည်း နေပါစေတော့"

မေ့မရရင်ထဲ ဒိတ်ခနဲ ခုန်သွားရပြန်ပြီ။ တခြားအလုပ်ကို ခိုင်းမယ်ဆိုပါလား။

"ဒီမှာ မေ့မရ"

"ရှင်"

"ညည်း ပန်းပင်တော့ ရေလောင်းတတ်ပါတယ်နော်"

"ဟုတ်…ဟုတ်ကဲ့၊ လောင်းတတ်ပါတယ် ကြီးကြီး"

"အေး…ညည်း မနက်တိုင်း ပန်းပင်တွေကို ရေလောင်းရမယ်၊ ခြံထဲမှာ တံမြက်စည်းလှည်းရမယ်၊ တို့တိုက်တစ်ခုလုံးကို နေ့တိုင်း သန့်ရှင်းရေးလုပ်ပေးရမယ်၊ ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



မေ့မရ ဘာမှ ပြန်မပြောနိုင်တော့ပါ။ ကိုယ့်ဘဝအခြေအနေကို ကိုယ့်ဘာသာ ကောင်းစွာသဘောပေါက်နားလည်ခဲ့ပြီမဟုတ်လား။ ဒေါ်ထားခင်က မေ့မရမျက်နှာကို အကဲခတ်သလို ခပ်တင်းတင်းလေး လှမ်းကြည့်နေသည်။

"ဘယ်လိုလဲ မေ့မရရဲ့၊ ဒါလည်း ညည်းက မလုပ်ချင်ပြန်ဘူးလား၊ ပြောစမ်းပါဦး၊ ညည်းကျောင်းတက်ချိန်ကို ငါမပြောဘူး၊ ညည်းကျောင်းတက်ချိန်မှာ ညည်းကို ငါ ဘာမှမခိုင်းပါဘူးအေ"

မေ့မရစိတ်ထဲ အဲဒီအတွက်တော့ ကျိတ်၍ ဝမ်းသာသွားမိသည်။

"ဟုတ်ကဲ့ ကြီးကြီး၊ ကျောင်းတက်ချိန် မပျက်ဘူးဆိုရင်တော့ ဖြစ်ပါတယ်"

"အံမယ် စကားပြောတာကတော့ တကယ့်စံပဲ၊ ဖြစ်ပါတယ်တဲ့၊ ဟင်း ဟင်း တော်တော်လာတဲ့ ဟာမလေး"

မေ့မရ ပြန်မပြောမိတော့ပါ။

"ခု ညည်းက ဘယ်ကိုလဲ"

"ဘုရားကဆိုင်သွားမလို့ ကြီးကြီး"

"အတော်ပဲ ဘုရားသွားရင် ငါတို့နဲ့လိုက်ခဲ့"

"ဟာ...မလိုက်တော့ဘူး ကြီးကြီး၊ ဘတ်စ်ကားနဲ့ပဲသွားတော့မယ်"

"ဘာဖြစ်လို့လဲ၊ လိုက်ခဲ့လေ လမ်းကြုံတာပဲ"

"မေ့မရ မနက်တိုင်း လမ်းလျှောက်ရတာ ပျော်လို့ပါ ကြီးကြီး"

"အင်း...အဲဒါကလည်း တစ်မျိုးပဲ၊ ကြွ ကြွ ညည်းကြွချင်တဲ့လမ်းကကြွ"

မေ့မရ တစ်ချိုးတည်း လစ်ထွက်လာခဲ့တော့သည်။ လမ်းမကြီးပေါ်ရောက်မှ လှရော်စိတ်ပါ လန်းဆန်းသွားသည်။

"မေ့မရ"

"မေ့မရ"

ခေါ်သံနှင့်အတူ ရိပ်ခနဲ ပြေးဝင်လာသော စက်ဘီးတစ်စီးကြောင့် မေ့မရ ဘေးကို ခုန်ထွက်လိုက်သည်။

"ဟား...ဟား မေ့မရရယ်၊ ကြောက်တတ်လိုက်တာလည်း လွန်ရော၊ မတိုက်ပါဘူးဟ"

"ဟင်...ကျော်စွာ"

မချိုမချဉ် မျက်နှာထားဖြင့် ကျော်စွာကို တွေ့လိုက်ရသဖြင့် မေ့မရ ပိုပြီး ဒေါသထွက်သွားသည်။

"ဘာလဲ ကျော်စွာ၊ နင် ငါ့ကို တမင်ရန်လာစတာလား၊ အတူကူမလုပ်နဲ့ ပိတ်တီးပစ်လိုက်မယ်"

www.burmeseclassic.com



"နှင်ကလည်းဟာ စိတ်တိုတာက အရင်ပဲ"

ကျော်စွာက မျက်နှာငယ်လေးဖြင့် တောင်းပန်သည်။

"နှင့်ကိုမြင်လို့ ဟိုသစ်ပင်အကွယ်မှာ ငါ တမင်စောင့်နေတာ"

"နှင်နဲ့ငါနဲ့ ဘာဆိုင်လို့လဲ၊ စောင့်စရာလည်း မလိုဘူး၊ သွားတော့ ကျောင်း"

"မသွားဘူး"

ကျော်စွာက စက်ဘီးပေါ်ကဆင်းပြီး မေ့မရှဲ့ ဘေးချင်းကပ် လျှောက်လိုက်လာသည်။

"နှင်ဘယ်လိုကောင်လဲ ကျော်စွာ၊ နှင် ငါ့ကို သက်သက်မဲ့ စိတ်ဆင်းရဲအောင် လုပ်နေတာလား"

"နှင့်ကို ငါ စိတ်မဆင်းရဲစေချင်ပါဘူးဟာ၊ ငါက နှင့်မျက်နှာလေး အမြဲကြည်လင်နေတာကိုပဲ မြင်တွေ့ချင်နေတဲ့ကောင်ပါ၊ နှင့်မျက်နှာလေး မှုန်သွားတာနဲ့ ငါ့ရင်ထဲမှာ မုန်တိုင်းတွေ တိုက်ကုန်ရော"

"ဘာဆိုင်လို့လဲ"

မေ့မရ တရစပ် ဖိဟောက်နေသဖြင့် ကျော်စွာမျက်နှာလေး ညိုပြီးရင်း ညိုနေသည်။





"နှင်အခု ဘယ်သွားမလို့လဲ မေ့မရ"

"ဘုရား"

"ဟင်...ဘုရားသွားတာ နှင်တစ်ယောက်တည်း"

"အောင်မယ်...ဘုရားသွားတာ ငါတစ်ယောက်တည်း မသွားလို့ ဘယ်နှစ်ယောက် သွားရမှာလဲဟဲ့"

"နှင် အဲလို တစ်ယောက်တည်းသွားနေတာ ငါစိတ်မချဘူးဟာ"

"ဒီမှာ ကျော်စွာ"

"ပြောပါ မေ့မရ"

"နှင်သွားတော့၊ နှင့်ကိုလက်ခံပြီး စကားပြောဖို့ ငါ့မှာ အချိန်မရှိဘူး"

ပြောပြီးသည်နှင့် မေ့မရ လက်ကို ခပ်သွက်သွက်လျှောက်ပစ်လိုက်သည်။ ကျော်စွာကလည်း စက်ဘီးပေါ်ခွတက်ပြီး နောက်က နင်းလိုက်လာသည်။

"နှင် အဲဒီလောက် မာနကြီးနေတာ တစ်နေ့ကျရင် နှင့်မာနတွေကျိုးပြီး နှင် ဘယ်တော့မှ မငိုရပါစေနဲ့လို့ ငါ ဆုတောင်းပါတယ်"

"မငိုဘူး...မငိုဘူး၊ တစ်သက်လုံးမငိုဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



မေမရကလည်း ပြန်အော်လိုက်ပါသည်။ ကျော်စွာစက်ဘီးက အဝေးကိုရောက်သွားပြီ။ မေမရ ခေါင်းကို မော့ထားလိုက်သည်။ စိတ်ထဲမှာ မကြည်လင်တော့၊ ရင်မှာ မရွှင်လန်းတော့ပါ။

□ □ □

"အဲဒါပဲ ကိုကိုလေး၊ အဘွားကြီးနဲ့ မနက်က ခြံဝမှာတိုးလို့ မေမရကို ပြောလိုက်တာ"

"ခက်တာပဲဟာ"

မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဘာပြောရမှန်းမသိအောင် ဖြစ်နေသည်။

"မေမရကတော့ လုပ်ပေးမယ်လို့ ပြောလိုက်ပြီ ကိုကိုလေး၊ အဘွားကြီးက ခုမှ ကျေနပ်သွားတယ်နဲ့တူတယ်၊ ညီမလေးကိုတောင် သူတို့ကားနဲ့ကြုံလို့ လိုက်ခဲ့ဖို့ခေါ်နေသေးတယ်"

"ကိုကြီးက ဘာပြောဦးမလဲ မသိဘူးနော်"

"သူလည်း စိတ်ညစ်နေတာပဲဥစ္စာ၊ အဲဒါ ညကတောင် ညီမလေးကိုပြောနေတာ ကိုကိုလေး မကြားဘူးလား"

"ဘာပြောလို့လဲ"

"ညီမလေး သဘောပဲတဲ့၊ ညီမလေး စိတ်တိုင်းကျဆုံးဖြတ်တော့တဲ့၊ ခုလောလောဆယ်မှာ အိမ်ငှားနေဖို့ကိစ္စကတော့

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမဖြစ်နိုင်တော့ဘူးတဲ့"

"အေးလေဟာ၊ ခုမှတော့ ဘယ်တတ်နိုင်တော့မလဲ၊ မချစ်သော်လည်း အောင့်ကာနမ်းလိုက်ရုံပဲ ရှိတော့တာပေါ့"

"မေ့မရ နားလည်ပါတယ် ကိုကိုလေးရယ်၊ မေ့မရ ကံကလည်း အရမ်းဆိုးတယ်သိလား၊ မေ့မရကို မွေးပြီးတော့ မေမေ ဆုံးတယ်၊ ဖေဖေ ပျက်စီးပြီး အပေါင်းအသင်းအမှားကြောင့် အားလုံး ဒုက္ခရောက်ရပြီ၊ မေ့မရလေ တစ်နေ့မှာ ချမ်းသာအောင် ပြန်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီသိလား၊ ခုတော့ သူများအိမ်မှာ အိမ်ဖော် အလုပ်သမားဖြစ်ရတော့မှာပေါ့လေ၊ ဟင်း...ဟင်း"

BURMESE CLASSIC .com

"သြော်...ညီမလေးရယ်"

မေ့မရ မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်တက်လာသည်ကို ဘယ်သူမှ သိလိုက်မည်မထင်ပါ။ ဘယ်သူမှ မသိလိုက်ခင် မေ့မရတစ်ယောက်တည်း ဘုရားပေါ် ပြေးတက်ခဲ့သည်။ မေ့မရ ပါးပြင်ပေါ်က မျက်ရည်စကလေးတွေကို ငှက်ကလေးတွေကတော့ တွေ့ကြမှာပေါ့လေ။

□ □ □



## အခန်း [၁၄]

"ဟုတ်ပြီ ဟုတ်ပြီ၊ ဟိုဘက်က ရွက်လှအိုးတွေကို ...တ်ရွှေ၊ စံပယ်အိုးပုတ် ပျိုးပင်ကလေးတွေကို ပိမိမယ်နော်၊ ...ပြည်းလည်းမဦး၊ နှင်းဆီအိုးတွေနဲ့ မရောစေနဲ့၊ သူ့အတန်းနဲ့သူ ...၊ ဟုတ်ပြီ ဟုတ်ပြီ နောက်တစ်အိုး"

မေ့မရတစ်ကိုယ်လုံး ချွေးစက်တွေ ပြည့်နေပြီ။ ...ဘောင်းဘီအရှည်ကိုဝတ်ပြီး ကင်းဘတ်ဖိနပ်အဖြူကို စီးထား ...ဖြင့်သာ မရရှွေရသည်မှာ တော်သေးတော့သည်။

"ကဲ...ဒီဘက်ကို လာစမ်း"

ဒေါ်ထားခင်မှာ တစ်ခုချင်း စဉ်းစားပြီး တစ်ခုချင်း အမိန့် ...နေသည်။

"ဟိုမှာ တွေ့လား၊ အိုးတွေကြားထဲမှာ မြက်ရိုင်းတွေ ...ထွက်နေတာ၊ အဲဒါတွေ လိုက်နုတ်ပစ်ဦး၊ မြက်ရိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ရှည်လာရင် အိုးတွေကို ပက်ပတ်လည် ဖုံးသွားရော၊ ဘယ်
မှ ကြည့်လို့မလှတော့ဘူး''

''နောက် ဘာကျန်သေးလဲ ကြီးကြီး''

ဒေါ်ထားခင်က မျက်စောင်းကြီး ဒိုင်းခနဲ ပစ်ထိုးသည်

ဟွန့်…တော်တော်ရက်စက်တဲ့ အဘွားကြီး၊ သူ့မြက်
တွေက တစ်ခြံလုံးပြည့်အောင် ပေါက်နေတဲ့ဟာ ဘယ်လို
ကုန်အောင်နုတ်မလဲ၊ ဘုဒ္ဒိဇာကြီးငှားပြီး ဖြိုရင်တောင် တော်
ပြိုမှာမဟုတ်ဘူး။ ဟင်း နေလိုက်ဦး၊ နောက်မှ ရှိသမျှ ပန်းပင်
အားလုံး ရေနွေးနဲ့ကို လိုက်လောင်းပစ်မယ်။

''ဟဲ့…လုပ္ပါလေ ဘာငိုင်နေတာလဲ''

ဒေါ်ထားခင် အသံကြားတော့မှ မေမရ အသိဝင်
သည်။

''ညည်းဟာက ပေါ့ပေါ့ပါးပါး မရှိလိုက်တာအေ
ညည်းတို့အရွယ်ကဆို မြက်မပြောနဲ့ သပြေပင်တောင် တစ်ယော
တည်း ရအောင်ခုတ်တယ်''

''ကြီးကြီးက လုပ်ဖူးလို့လား''

ဒေါ်ထားခင် မျက်နှာကြီး ရဲတွတ်သွား၏။

''လုပ်ဖူးရမလား၊ ဒီလိုအောက်တန်းကျတဲ့ အိမ်စေအလုပ်
မျိုး တစ်သက်လုံး မလုပ်ဘူးသိလား''



''ဟွန့်''

သူ့ကျတော့ အောက်တန်းကျတဲ့ အိမ်စေအလုပ်မျိုး
တစ်သက်လုံး မလုပ်ဘူးတဲ့၊ သူ့မှအပြောကောင်း။

''ကဲပါ ညည်း ငါ့ကို ဘာမှပြန်မမေးနဲ့၊ ညည်း လုပ်စရာ
ရှိတာလုပ်၊ ဟင်း လျှာကြောအာကြောက တော်တော်ကိုရှည်တယ်၊
ညည်းနာမည် မေမရအစား မိရှည်လို့ ပြောင်းပစ်လိုက်ဖို့ကောင်း
တယ်''

နှိမ်သွားပြန်ပြီ။ မေမရတစ်ယောက် ရွက်လှအိုးတွေကြား
မှာ နုတ်ခမ်းလေးစူရင်း တစ်ယောက်တည်း ကျိန်ခဲ့သည်။

''ရပါတယ်…ရပါတယ်၊ ခုနေတော့ နိုင်ထားလိုက်ဦး
ပေါ့ ဒေါ်ထားခင်ရာ''

□ □ □

www.burmeseclassic.com

"ရော့…ဒီသော့ကို ယူသွား၊ အပေါ်ထပ် ညာဘက်
အခန်းသော့၊ သေသေချာချာ သပ်သပ်ရပ်ရပ်ဖြစ်အောင် ရှင်း
ခဲ့နော်၊ မီးနီးတလေးပီပီသသ အလုပ်လုပ်၊ ပေါ့တီးပေါ့ပျက် မ
နဲ့"

သော့ကိုယူပြီး တိုက်ကြီးအပေါ်ထပ်သို့ မေ့မရ ပြေးတ
ခဲ့သည်။

"ဒါ ငါ ငယ်ငယ်ကနေတဲ့အခန်းပဲ"

အခန်းရှေ့မှာ မေ့မရ အကြာကြီး ရပ်နေမိသည်
သည်အခန်းက မိမိငယ်ငယ်က အိပ်စက်အနားယူခဲ့သည့် အခ
ကလေးပါ။ သည်အခန်းထဲမှာ အဖိုးတန် အရုပ်မျိုးစုံနှင့် အရင်
ကစားခဲ့ရသူ၊ အခုတော့ သည်အခန်းထဲက ရှုပ်ပွနေသည့် အ
တွေကို ရှင်းလင်းရမည့် အလုပ်သမားတစ်ယောက် ဖြစ်နေသည်
ငါတို့ဘဝဟာ အရမ်းနိမ့်သွားတာပါလား။ အို…ဒါတွေ ပြန်မ
စားတာပဲ ကောင်းပါတယ်လေ။





"ဂျလောက်"

သော့ကိုဖွင့်ပြီး အခန်းထဲ လှမ်းဝင်လိုက်သည်။

"ဟယ်"

အခန်းကိုကြည့်ပြီး မေ့မရ မျက်လုံးလေးတွေ ဝိုင်းစက်
သည်။ အခန်းထဲမှာ အမှိုက်တစ်မှုင်မရှိ၊ ဖုန်တစ်စက် တင်မနေ
၊ ဗီရိုတွေ စားပွဲတွေဆို ပြောင်လက်ချောမွတ်ပြီး အရိပ်တောင်
င်နေသည်။

"ကိုကို့အခန်းပဲဖြစ်မယ်၊ ကိုကို့ဓာတ်ပုံကြီးလည်း
တ်ထားတယ်၊ အဟီး ဓိမ်ကျလိုက်တာနော်"

"ဓိမ်ပဲ…ဓိမ်ပဲ၊ ဒါကြီးနဲ့အိပ်လိုက်ရရင် သုံးရက်လောက်
ဆက်တိုက် အိပ်ပျော်သွားမှာ သေချာတယ်၊ အို ရေမွှေးနံ့လေးက
ည်း သင်းနေပါလား"

အိပ်ရာကိုကြည့်ပြီး မေ့မရတစ်ယောက်တည်း သဘော
အရမ်းကျနေသည်။ မျက်လုံးလေးတွေကိုလည်း စုံမှိတ်ထား
ဖြစ်၏။

"အင်း…ချမ်းသာတဲ့ လူတွေကျတော့လည်း မနားလို
လောက်အောင်ကို ချမ်းသာကြတာပါလားနော်၊ မွေ့ရာခင်းကြီးက
ည်း လှလိုက်တာမှ အရမ်းပဲဟယ်၊ ငါ အိပ်လိုက်တာ အိပ်ရာ
မည်းကုန်ပြီနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကမ်းကတန်း လူးလဲပြီး မြန်ထရသည်။

"တော်သေးတယ်၊ ဘာမှမဖြစ်လို့"

ရင်အေးသွားသည်။

"အမယ်လေးနော်...ကိုကိုလူပျိုကြီးကလည်း အလှပြင် ပစ္စည်းတွေ ဘာတွေ သုံးလို့ပါလား၊ ရေမွှေးတွေကလည်း တကယ့် အကောင်းစားချည်းပဲ၊ အပိုင်ပဲ ကြုံတုန်း တစ်ကိုယ်လုံး မွှေးကြိုင် သွားအောင် ဆွတ်ပစ်လိုက်ဦးမယ်"

"ရှီး"

မေ့မရမှာ ရေမွှေးပုလင်းကို တစ်အားနှိပ်လိုက်သဖြင့် တစ်နေရာတည်းမှာပင် ရေနဲ့ပက်လိုက်သလို စိုရွှဲသွားသည်။

"ဟယ်...များသွားပြီ"

ရေမွှေးနံ့က တစ်ခန်းလုံး သင်းသွားအောင် ထောင်းခနဲ ထွက်လာသည်။

"မွှေးတာကတော့ တော်တော်မွှေးတာပဲ"

မေ့မရ သဘောတွေကျနေသည်။ တစ်ခန်းလုံး ရှိသမျှ ပစ္စည်းတွေကိုလည်း အကုန်လျှောက်ကိုင်နေမိသည်။

"ဟဲ့...ဟဲ့၊ အမယ်လေး ငါ့သား ရေမွှေးတွေတော့ ကုန်ပြီထင်တယ်"

"အဲတော့"

ဒေါ်ထားခင် မျက်လုံးကြီးတွေကလည်း ပြူးလို့။

"ဟို...ကြီးကြီး အဲ"

မေ့မရ ကယောင်ချောက်ချား ဖြစ်နေသည်။ ဘယ်လိုပြော ...သည်းမသိ။

"ဒါ ဒါ ညည်း တမင်လျှောက်လုပ်ပစ်နေတာပေါ့လေ၊ ...က ငါ့ကို ပညာပြနေတာပေါ့လေ ဟုတ်လား မေ့မရ"

"မဟုတ်...မဟုတ်"

"တော်စမ်း"

"ဒီမှာ ညည်းဟာ ငါ့ခြံထဲက အလုပ်သမား"

"ဟုတ်...ဟုတ်ကဲ့"

"အလုပ်သမားဆိုတာ အလုပ်သမားလို နေရတယ်အေ့"

မေ့မရ လက်ကလေးကို ပိုက်ထားလိုက်မိသည်။ သူပြော ... ခံရုံပဲ ရှိတော့တာပေါ့။ ကိုယ်က မတန်မရာ လုပ်ခဲ့မိပြီကိုး။

"ဟင်း...ငါ မပြောချင်ဘူး မေ့မရ၊ နောက်တစ်ခါဆိုရင် ...ည်းမလွယ်ဘူးသာမှတ်"

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ၊ ပြောလိုက်ရင် မျက်လုံးလေး ပေကလပ် ...ကလပ်နဲ့ ဟင်း ဟင်း"

"ကြီးကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး"

"ဟို...ဟို ဒါ ကိုကို့အခန်းလားဟင်"

"ဟုတ်တယ်"

"ကိုကိုက ဒီအခန်းထဲမှာ တစ်ယောက်တည်းနေတာ လား"

"ဟဲ့...တစ်ယောက်တည်းမနေလို့ ဘယ်နှစ်ယောက်နေ မှာလဲ"

"ကိုကို့မှာ မိန်းမတွေ ဘာတွေ"

"အောင်မယ်လေး...ဘာမိန်းမမှ မရှိဘူးတော်ရေ၊ ကျွ သားက လူပျိုလူပျို၊ တစ်စက်ကလေးမှ ရေမရောရသေးတဲ့ လူ ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမတွေနဲ့ မတူလို့မတန်လို့ မိန်းမ မယူနိုင်ဘဲ ထားထားတာ"

"သြော်"

မေ့မရ အရမ်းရယ်ချင်သွားသည်။ အဘွားကြီး တကယ့် ပြဿနာကြီးပါလား။ အင်းလေ သူ မတူမတန်ဘူး ထင်ချင်လည်းထင်စရာပါပဲ။ ကိုကိုက အရမ်းချောတာကိုး။ မရ ယောက်ျားတွေကို ဂရုမစိုက်တဲ့ ကောင်မလေးတစ်ယောက်တော မှ ငေးကြည့်နေရတာ ကြည့်ပါလား။

"ဒီမှာ ငါ့သားကပဲ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စား



တာ မဟုတ်ဘူး၊ ကြားလား"

"အင်း"

"သူ့ကိုကြိုက်တဲ့ ကောင်မလေးတွေ မန္တလေးမှာ တစ်ပုံ ကြီး"

"ဟုတ်လား"

"အေး...ဒါပေမဲ့ အခု ရန်ကုန်ရောက်မှ ဒီကောင် တစ်မျိုး ဖြစ်နေတယ်၊ အရင်ထက်လည်း ပိုပြင်လာတယ်"

"ကိုကိုက ဘာတွေပြင်နေလို့လဲ ကြီးကြီး"

"ဟဲ့...ချောအောင် လှအောင် ပိုပြင်လာတာကို ပြော တာပေါ့ ဟဲ့"

"ခုလည်းချောပါတယ် ကြီးကြီးရဲ့"

"ဒါနဲ့ နေပါဦး၊ ညည်းက ကျုပ်သား ထက်ဝဠာကို ဘာဖြစ်လို့ ကိုကိုလို့ ခေါ်ရတာလဲ"

မေ့မရ ဘယ်လို ရှင်းပြရမလဲမသိ ဖြစ်သွားသည်။

"ဟို...ဒါက ဒီလိုပါ၊ မရမှာက အစ်ကိုတွေရှိတော့ ကိုကို့ကိုလည်း မရ အစ်ကိုတွေခေါ်သလို ဒီအတိုင်းပဲ ဘာရယ် မဟုတ်ဘူး ခေါ်လိုက်တာပါ ကြီးကြီး"

"အေး...ခေါ်ရင်လည်း ရိုးရိုးသားသားပဲခေါ်၊ သူချော တာ ဖြောင့်တာကိုလည်း ညည်းနဲ့ ဆယ်သက်မဆိုင်ဘူးလို့ပဲ မှတ်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါ၊ ဟင်း ဟင်း''

ဒေါ်ထားခင်အသံက ခါတိုင်းလိုပင် နိမ့်သံပါလာသည်။ သည်အတွက်တော့ မေ့မရ ဘယ်လိုမှ မခံနိုင်ပါ။ ရင်ထဲမှာ အောင့်သက်သက်ခံလိုက်ရသည်။

''ငါ့သားနဲ့ သဘောတူရမယ့် ချွေးမလောင်းဟာ ဒီကမ္ဘာကြီးထဲမှာ လုံးဝမပေါ်လာသေးဘူး၊ ပေါ်လာရင်လည်း ငါဆိုတဲ့ မိန်းမဟာ သဘောမတူဘူးမှတ်၊ မိုးပျံအောင် ချောနေပါစေ စိတ်ကူးထဲမှာတောင် ထည့်မစဉ်းစားဘူး''

ဟွန့်…ကြီးကျယ်လိုက်တာ။

''ဒါကတော့ ကြီးကြီးရယ်၊ ကိုကိုကလည်း သူတွေ့ကြိုက်ရမယ့် ကောင်မလေးကို မတွေ့သေးလို့ ငြိမ်နေတာပဲနေမှာ၊ ကြီးကြီးသဘောမတူလည်း ကိုကိုက ယူမယ်ထင်တယ်''

''အောင်မယ်…သတ္တိရှိရင် ယူကြည့်လေ၊ ငါ့အကြောင်း ကောင်းကောင်းသိသွားမှာပေါ့၊ အမွေပြတ်ကို စွန့်လွှတ်မယ်''

ဒေါ်ထားခင် မျက်နှာကြီး ရဲတွတ်သွား၏။

''ကြီးကြီးက အမွေဖြတ်တော့ရော ကိုကိုက ဂရုစိုက်မှာတဲ့လား၊ ကိုကို့မှာက အလုပ်အကိုင်နဲ့ ပညာအရည်အချင်းနဲ့''

''ဟော့…တော်စမ်း၊ ညည်း ဘာမှဆက်မပြောနဲ့တော့''

မေ့မရ စိတ်ထဲက ကျိတ်ပြီး ရယ်လိုက်မိသည်။ ဒေါ်ထား



င်တစ်ယောက် မေ့မရ စကားကြောင့် အသည်းကို အပ်နဲ့အထိုး ခံလိုက်ရသလို ဆတ်ဆတ်ခါ နာသွားရပြီ မဟုတ်လား။

''နောက်ကို ငါ့သားနဲ့ ပတ်သက်တာမှန်သမျှ ညည်း ဘာမှဝင်မပြောနဲ့၊ ညည်းနေရာမှ ညည်းနေ၊ ညည်းအလုပ် ညည်း လုပ်၊ ဒါပဲ''

မျက်နှာကြီး နီမြန်းနေလျက်ကပင် အခန်းထဲက ချာခနဲ လှည့်ထွက်သွားသည်။ အခန်းထဲမှာ တစ်ယောက်တည်း ကျန်ခဲ့ရ သူက မေ့မရ။ သြော်…ဒေါ်ထားခင်ရယ် ခက်ပါလား။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၅]

"ဒါပဲနော် ဒါပဲ၊ အခုကတည်းက ငါ ကြိုပြီးပြောထားလိုက်မယ်၊ ဟိုအိမ်ကြီးပေါ်မှာ အလုပ်လုပ်ရင် ကိုယ်လုပ်စရာရှိတဲ့အလုပ်ကိုလုပ်၊ ပြီးတာနဲ့ ပြန်ဆင်းလာခဲ့၊ ဟိုလူနဲ့ ရောလုပ်နေတာမျိုး ငါမကြိုက်ဘူး၊ မှန်မှန်နေ မှန်မှန်ပြော"

ကိုကိုကြီးက ထမင်းကို ပလုတ်ပလောင်းစားရင်း ပြောနေသည်။

"ငါသိတယ်၊ တစ်နေ့ ဘာဖြစ်လာနိုင်တယ်ဆိုရာ ငါ့ဦးနှောက်က တွက်ပြီးနေပြီ"

"မရ ဘာလုပ်လို့လဲ ကိုကြီး"

"ဘာ"

ကိုကိုကြီး မျက်လုံးတွေ ပြူးထွက်လာ၏။ မေ့မရ မျက်နှာကို ဆတ်ခနဲ မော့ကြည့်သည်။





"ဘာလုပ်ရမှာလဲဟ၊ ငါက နင့်အစ်ကို၊ နင့်ထက် လူတွေအကြောင်း လောကကြီးအကြောင်းကို ငါက ပိုနားလည်တယ်၊ ဟိုဆရာဝန်နဲ့ နင် ရောရောလုပ်နေတာ ငါမကြိုက်ဘူး"

"ဟောတော်"

သည်တစ်ခါ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်က မေ့မရ။

"ဘာ..ဟောတော်လဲ မိမေ့မရ၊ နင် ငါ့ကို မျက်လုံးကြီးပြူးပြီး လာမကြည့်နဲ့၊ ညီမလေး ဘာလုပ်နေတယ်ဆိုရာ ကိုကိုကြီးအကုန်သိတယ်၊ တမင် မပြောချင်လို့ကြည့်နေတာ နားလည်လား"

ကိုကိုကြီး အော်နေသည်။ မေ့မရတစ်ယောက် ထမင်းကိုပင် ဆက်စားချင်စိတ် မရှိတော့ပါ။ ကိုကိုကြီးပြောတာ မှန်တော့လည်း မှန်ပါသည်။ နေ့လယ်ကအဖြစ်ကို ကိုကိုကြီး အစအဆုံးတွေ့သွားပုံရသည်။ နေ့လယ်ကလေ...

"ဟော့...ဟော့"

"ဟင်"

နောက်ဘက်က ခေါ်သံကြောင့် မေ့မရလက်ထဲက ရေပိုက်ကို အောက်သို့ လွှတ်ချလိုက်မိသည်။ ကြည့်လိုက်တော့ ကိုကို။ မရရဲ့ ရွှေမင်းသားလေး။ စပို့ရှပ်အပြာ၊ ဘောင်းဘီတို အပြာရောင်ကို ဝတ်ထားပြီး အောက်မှာ ဝေါကင်းရှူး အပြာရင့်ရင့် ဖိနပ်ကို



www.burmeseclassic.com

www.burmeseclassic.com



စီးထားသည်။ မေ့မရ ကိုကို့ကို အကြာကြီး ငေးကြည့်နေလိုက်မိသည်။

''ဘာလုပ်နေတာလဲ''

''ရှင်''

''ဘာလုပ်နေတာလဲလို့ မေးနေတာလေ''

''ရေ…ရေလောင်းနေတာ ကိုကို''

''မလောင်းနဲ့တော့''

''အို…မလောင်းရင် ကြီးကြီးက ဆူမှာပေါ့''

''လာ…ကိုယ်နဲ့လိုက်ခဲ့၊ မရကို မဆူစေရဘူး''

ကိုကိုက ပြုံးပြီးပြောနေသည်။

''ဘယ်ကို လိုက်ရမှာလဲ''

''လာပါ ဒီနားတင်''

ကိုကိုခေါ်လို့သာ မရ လိုက်ရသည်။ ဘာလုပ်လို့ ဘာလုပ်ဖို့မှန်းမသိ။ ကိုကိုက ရှေ့က လေကလေးချွန်ရင်း သွားနေသည်။ မေ့မရက ကိုကို့နောက်ကနေ ခပ်ကုပ်ကုပ်ကလေး လိုက်ခဲ့မိသည်။ ယော ကိုကို ဆတ်ခနဲ ပြန်လှည့်လာပြီး…

''မရ ကြက်တောင် ရိုက်တတ်သလား''

''အမယ်…ရိုက်တတ်တာပေါ့''

''ဒါဆို အတော်ပဲ၊ မရ ကိုယ်နဲ့နေ့တိုင်း ကြက်တောင်





ရိုက်ရမယ်၊ ဘယ်လိုလဲ''

''အလကားကြေးတော့ မရိုက်နိုင်ဘူးနော်၊ တစ်ခုခုကျွေးကြေး''

''ဘယ်ဆိုးလို့လဲ မရက ပဲရော်ဖက်ရှင်နယ်နဲ့တူတယ်''

''ဟင်း…ဟင်း…ဒါပေါ့''

ကိုကို့မျက်နှာမှာ ကျေနပ်ရိပ်က သိသိသာသာ ပေါ်နေသည်။ ကိုကိုက ကြက်တောင်ကွင်းကိုရောက်သည်နှင့် စုပုံချထားသော ပိုက်ကို ဖြန့်တပ်သည်။ မေ့မရက ကိုကိုနှင့်အတူတူ ကြိုးတွေကို လိုက်ချည်ပေးနေသည်။ ရက်ကက်ကတော့ ဖေးချောင်းစလုံး အကောင်းစားတွေချည်းပါ။

''ကဲ…ဘာကြေးလဲ''

ကိုကိုက မေ့မရ ငယ်ထိပ်ကလေးကို ရက်ကက်ဖြင့် ဖွဖွလှမ်းပုတ်ရင်း မေးသည်။

''လမ်းထိပ်က အအေးဆိုင်မှာ အအေးတွက်တိုက်ကြေး''

''အိုကေ…စမယ်''

မေ့မရ တကယ့်ကို ပျော်နေရပြီ။

ထက်ဝဥ္စာနဲ့ မေ့မရ ကြက်တောင်ရိုက်နေသည်ကိုကြည့်ပြီး ကျေနပ်သဘောကျနေသူကတော့ ဒေါ်ထားခင်။ ဒေါ်ထားခင်ရင်ထဲမှာ တလှပ်လှပ် တုန်နေရပေမယ့် မျက်လုံးတွေက အေးဆေး



www.burmeseclassic.com

www.burmeseclassic.com



လွှန်းနေသည်။ ဒေါ်ထားခင် ရင်ထဲက အစိုင်အခဲတွေကို ဒေါ်ထားခင်ကိုယ်တိုင်သာ နားလည်ထားသည် မဟုတ်လား။

"တယ်"

မေ့မရ ချော်လဲသွားပြီ။

"အား"

မေ့မရ ရုတ်တရက် ပြန်မထနိုင်တော့။ ရက်ကက်ကိုကိုင်ထားရင်း မျက်နှာကပါ ရှုံ့မဲ့နေသည်။

"မရက အရမ်းလိုက်တာကိုး၊ ကဲ...ထ"

ကိုကိုက မေ့မရ လက်မောင်းကိုကိုင်ပြီး ထူပေးသည်။

"နာသေးလား"

"အင်း"

"ခြေထောက်ကို နည်းနည်းခါလိုက်"

ကိုကိုပြောသလို နာသွားသော ခြေထောက်ကို မေ့မရ ခါလိုက်သည်။ သိပ်မဆိုးတော့၊ လေနိုသွားတာထင်တယ် ခါလိုက်တော့ သက်သာသွားသည်။

"ကောင်းသွားပြီ ကိုကို၊ မနာတော့ဘူး"

မေ့မရ ပြောဆိုနေပုံလေးကို ဝဠာ ငေးကြည့်နေမိသည်။ သွက်သွက်လက်လက်ရှိလှပြီး ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်နဲ့ လှပလွှန်းလှတဲ့ မေ့မရကို ကြည့်လို့မဝနိုင်တော့။ ရင်ထဲမှာ



လှပ်လှပ်ကလေး ခုန်လာသည်။ ရင်ခုန်ချင်စရာ ကိုကိုလို့ ခေါ်သံလေးကိုလည်း နားထဲမှာ အထပ်ထပ် ကြားနေမိသည်။

တစ်သက်နဲ့တစ်ကိုယ် မိန်းကလေးတစ်ယောက်ကို သည်မျှအထိ အချိန်အကြာကြီး ကြည့်မနေခဲ့ဖူးပါ။ အခုတော့ ဝဠာ ကြည့်နေမိခဲ့ပြီ။

"ဟင်"

ထက်ဝဠာ ကြည့်နေမှန်းသိတော့မှ မေ့မရ ရှက်သွားသည်။

"သွားလေ"

ထက်ဝဠာ ပြန်လှည့်ထွက်ခဲ့သည်။ ကြက်တောင်ရိုက်ရတာကို ဝဠာ စိတ်မပါတော့ပါ။ မေ့မရဘက်က အမှတ်တွေတစ်မှတ်ပြီးတစ်မှတ် ရနေသည်။ နောက်ဆုံးတော့ နှစ်ပွဲသုံးပွဲဖြင့် ကိုကိုရှုံးခဲ့ပြီ။ နောက်ဆုံး အနိုင်မှတ်ကို ရလိုက်ချိန်တွင် ကလေးတစ်ယောက်လို မေ့မရ ထအော်တော့သည်။

"ဟေး...ကိုကို ရှုံးပြီကွနော်"

ကိုကို ရယ်ရုံသာ ရယ်နေမိသည်။

"ကဲပါ ချန်ပီယံကြီးရယ်၊ ကတိအတိုင်း လမ်းထိပ်မှာ အအေးထွက်တိုက်ပါ့မယ်၊ ကိုကို အရှုံးပေးပါတယ်ဗျာ"

မေ့မရတစ်ယောက် အနိုင်ရလိုက်သည်မို့ ပျော်ပြီး ကိုကို့

www.burmeseclassic.com



အတူ လိုက်သွားသည်။ ကိုကိုတိုက်သော ထောပတ်သီးဖျော်ရည်ကို ဂုဏ်ယူဝင့်ကြွားစွာ သောက်သည်။

"မရ"

ကိုကိုက အအေးခွက်ကို ငုံ့သောက်နေရာမှ မေ့မရ နှာမည်လေးကို တို့းတို့းခေါ်သည်။

"ပြီးရင် ပြန်ကြမယ်လေ၊ သိပ်ကြာနေရင် မကောင်းဘူး"

ကိုကို့မျက်နှာက တည်နေသည်။ အဲဒီက အပြန်မှာ ကို ကြီးနဲ့ ဆုံမိခြင်းဖြစ်သည်။ အဲဒါကို ကိုကိုကြီး ပြောနေတာပါ

□ □ □



"တို့ဘဝအခြေအနေက သူများအိမ်မှာ ခိုကပ်နေရတဲ့ဘဝဆိုတာ နှင် ဘယ်တော့မှ မေ့မပစ်နဲ့၊ ညီမလေး တို့ဘဝကို တို့ နားလည်ရမယ်၊ တို့ အရင်လိုနေရာတကာ စွာကျယ်စွာကျယ် လုပ်နေလို့မရတော့ဘူး"

ကိုကိုကြီး စိတ်ပျက်အားငယ်စွာ ပြောနေသည်။ အခုတလော ကိုကိုကြီး အရမ်းမှိုင်နေသည်။ အလုပ်လည်း အဆင်မပြေဖုံမရ။ ကိုကိုကြီး မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး ချောင်းကုပ်အကဲခတ်နေသူက မေ့မရ။ မေ့မရ ရင်နာလှပါသည်။ အတိတ်က အဖြစ်တွေကိုလည်း ပြန်မတွေးချင်။ ဟိုတုန်းက ရွှေထီးဆောင်းခဲ့တာတွေကိုလည်း နှလုံးသားထဲက မောင်းထုတ်ပစ်လိုက်ချင်သည်။ ဖေဖေကြောင့် မေမေ့မိုက်ပြစ်တွေကြောင့် ဖေဖေသာ လိမ္မာပါးနပ်ခဲ့လျှင် မေ့မရတို့ မျက်နှာငယ်စရာအကြောင်း ဘာရှိတော့မှာလဲ။ အိပ်လိုက်စားလိုက် ကျောင်းတက်လိုက်နှင့် တကာယ့်ကို စမတ်ကျနေမှာ သေချာသည်။

"ဟဲ့…မေ့မရ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ငါ ပြောနေတာတွေကိုရော ကြားရဲ့လား"

"ကြားပါတယ် ကိုကိုကြီး"

နေ့လယ်ကအဖြစ်ကြောင့် ကိုကိုကြီး မျက်နှာမှုန်နေပါ သည်။

"ညီမလေးလည်း အနေအထိုင် ဆင်ခြင်၊ ဟိုအဘွားကြီး နဲ့လည်း တည့်အောင်ပေါင်းထား၊ သိပ်လည်း ဂျစ်ကန်ကန် လုပ်မနေ နဲ့၊ ခေါ်ရင်သွားလိုက်၊ သူခိုင်းတာ ကျေနပ်အောင်လုပ်ပေး ကြားလား"

မေ့မရ ဝမ်းနည်းနေမိသည်။ သည်အလုပ်မျိုးတွေကို မေ့မ မလုပ်ချင်ပါ။ အခုတော့ နေစရာလေးတစ်ခုအတွက်နဲ့ လုပ်ပေး ရသည်။ အင်းလေ ကိုယ့်ဘဝနဲ့ ကိုယ်ပဲပေါ့။ ကိုယ့်မှာက အ အနေမှဲ့နေပြီကိုး။ ဝမ်းနည်းလွန်း၍ မေ့မရတစ်ယောက် မျက်ရည် များပင် လည်လာသည်။

"မေ့မရ…မေ့မရ"

"မေ့မရ မရှိဘူးလားဟေ့"

"ဟင်"

အိမ်အပြင်ဘက်က ခေါ်သံကြောင့် မေ့မရ ရင်ထဲ ဒိန်း ခုန်သွားသည်။ ခေါ်ထားခင် အသံ။

[redacted]



"ရှင်လာပါပြီ ကြီးကြီး"

မေ့မရ အပြေးကလေး ထွက်လာခဲ့သည်။ အိမ်အပြင် ရောက်တော့ အိမ်ပေါက်ရှေ့မှ ခါးကြီးထောက်လို့ရပ်နေသော ခေါ်ထားခင်။

"ညည်းအားလား"

"အားပါတယ် ကြီးကြီး"

"အားရင် ငါနဲ့လိုက်ခဲ့စမ်း"

"ဟုတ်ကဲ့"

မေ့မရ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်မိသည်။ ဒီပုံစံနဲ့တော့ တစ်ခါတည်း လိုက်သွားလို့ မဖြစ်သေးပါ။

"ကြီးကြီး"

"ဘာတုန်း"

"ခဏလေးနော် မရ၊ အဝတ်အစား လဲလိုက်ဦးမယ် လေ"

"ကောင်မလေးနော် ညည်းကို ဘယ်သူမှ မကြည့်ဘူး၊ ဘာမှမပူနဲ့ ဒီအတိုင်းလိုက်ခဲ့"

မေ့မရ ဆက်မပြောရဲတော့ပါ။ ထပ်ပြောနေရင် သက်သက်မဲ့ အအော်အဟောက်ခံနေရဦးမယ် မဟုတ်လား။

"မောင်သန်းရေ မောင်သန်း"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

ဒရိုင်ဘာ ကိုမောင်သန်းက တိုက်နောက်ဘက်ဆီမှ ပြေးထွက်လာသည်။

"ကား အဆင်သင့်ဖြစ်ပြီလား"

"ဖြစ်ပါပြီ ကြီးကြီး"

"အေး...သွားမယ်"

အခုချိန်ထိ ဘယ်ကိုသွားမလဲဆိုတာ မေ့မရ မသိသေး။ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ရင်' ကြီးကြီးဘေးမှာ ဝင်ထိုင်လိုက်ရသည်။ ကြီးကြီးကတော့ တကယ့်ကို သားသားနားနား အကောင်းဆုံးတွေဝတ်လာသည်။ စိန်တွေဆိုလည်း တစ်ကိုယ်လုံးမှာ ပြောင်လက်၍ ညွတ်နေသည်။ ကြီးကြီး လည်ပင်းမှာဆွဲထားတဲ့ ဆွဲကြိုးရဲ့လော့ကက်က မဟူရာကျောက်ကို စိန်ကွပ်ထားတဲ့ လော့ကတ်ဖြစ်ပြီး ထင်းနေကာ ဒေါ်ထားခင် ဝတ်ထားသော ဝတ်စုံနှင့်လိုက်ဖက်လေသည်။

ကားလေးက သဇင်မြိုင်ခြံကြီးထဲမှ အသာအယာ မောင်းထွက်လာခဲ့သည်။

"ဟဲ့...မေ့မရ"

"ရှင် ကြီးကြီး"

"ဟိုရောက်ရင် ညည်းဟာညည်း ဣန္ဒြေရရနေနော်



ဟိုစပ်စပ် ဒီစပ်စပ် လျှောက်မမေးနဲ့၊ လျှောက်မပြောနဲ့"

"ဟုတ်ကဲ့"

"မောင်သန်း"

"ဗျာ"

"မင်းလည်း ကားထဲမှာပဲထိုင်နေ ကြားလား"

"ဟုတ်ကဲ့"

နှစ်ယောက်စလုံးကို အမိန့်ထုတ်နေသည်။ မောင်သန်းကတော့ မိမိအကြောင်းကို သိပြီးသားပါ။ မန္တလေးမှာကတည်းက မိမိနဲ့အတူတူ နေလာဖူးသူ။ ဟို...မေ့မရဆိုတဲ့ ရုပ်ပျာမလေးကတော့ လန့်မိသည်။ ဒေါ်ထားခင်မှာ တစ်ယောက်တည်းတွေးရင်း သက်ကိုသာ ကျိတ်ချလိုက်သည်။ စိုးရိမ်စိတ်ဖြင့် တွေးပူနေစဉ် ကားက တုံ့ခနဲ ထိုးရပ်သွားသဖြင့် ဒေါ်ထားခင်တစ်ယောက် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားသည်။

"စက်ရပ်သွားပြီ ကြီးကြီး၊ ပြဿနာပဲ"

"ထင်တယ်၊ ထင်တယ်၊ ဒီကားကို စီးရတော့မယ်ဆိုကတည်းက ငါ့စိတ်ထဲ ထင့်နေတာ"

"လုပ်စမ်း မောင်သန်း၊ ကားစက်ကို သေသေချာချာ ဖွင့်ကြည့်စမ်း"

ကိုမောင်သန်းတစ်ယောက် ကားတံခါးကို ခပ်သွက်သွက်

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဆင်းရင်း ကားစက်ဖုံးကိုပါ ဖွင့်လိုက်သည်။ ပြီးတော့ ဟိုနှိုက် သည်နှိုက် လုပ်နေသည်။ နောက် ကားပေါ်ပြန်တက်ပြီး စက်နှိုး ကြည့်သည်။

"ဂျီ...ဂျီ"

"ဂျီ...ဂျီ"

နောက်တစ်ခါ ထပ်နှိုးတော့လည်း မရ။

"တွန်းမှရမယ် ကြီးကြီး"

ကိုမောင်သန်းက သူ့ကားအကြောင်း သိသူပီပီ တစ်ခွန်း တည်းပြောသည်။

"ကဲ...မေ့မရ၊ ညည်းကို ခေါ်လာတာ အဲဒါကြောင့်မို့ ခေါ်လာတာ၊ ကားတွန်းပေးဖို့လေ"

"ရှင်"

မေ့မရ ငိုချင်နေပြီ။ လမ်းလယ်ခေါင်မှာ မရကို ကား ဆင်းတွန်းခိုင်းဖို့ ခေါ်လာတာ ဆိုပါလား။

"ဟဲ့...ငါ့ကို ဘာကြောင်ကြည့်နေတာလဲ၊ ဆင်းတွန်း လေ"

"ဟုတ်...ဟုတ်ကဲ့"

မေ့မရ မဆင်းချင်ဆင်းချင် ဆင်းရသည်။ ထဘီကို အတို ဆုံးဖြစ်အောင် ပြောင်းဝတ်ရင်း ကားတွန်းနေရသည့်အဖြစ်ကို တခြား



သူတွေသာ မြင်သွားခဲ့ရင် မေ့မရ အမြဲတမ်း မာနထောင်ကာ ပြောဆိုခဲ့တာတွေကို ခံခဲ့ရသူတွေက ဘယ်လိုတုံ့ပြန်ကြမလဲ။ စိတ်တွေညစ်လိုက်တာနော်။ ကိုယ့်ကိုယ်ကိုယ်တောင် သတ်ပြီးသေ ချင်နေပြီ။ မေ့မရ ရှက်လွန်းကာ မျက်နှာလေးတစ်ခုလုံး ရဲတွတ်နေ သည်။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုအလုပ်မျိုး လုပ်ဖူးဖို့နေနေသာသာ အိပ်မက်တောင် ထည့်မမက်ဘူး။

"ဟော"

ဂူးခနဲ ကားစက်သံကို ကြားလိုက်ရသဖြင့် မေ့မရ အရမ်း ဝမ်းသာသွားသည်။

"ရပြီ မေ့မရရေ ရပြီဟ"

ကိုမောင်သန်းက ဝမ်းသာအားရ လှမ်းအော်ပြောသည်။

"မဖြစ်ဘူး...မဖြစ်ဘူး၊ ဒီကားကိုတော့ ရသလောက်ဈေး နဲ့ ပြန်ရောင်းပစ်လိုက်တော့မယ်၊ ဟင်း ဒီနေ့မှ သားတော်မောင်က လည်း ကားကို ယူသွားရတယ်လို့"

ဒေါ်ထားခင်တစ်ယောက်တည်း မကျေမနပ် ပြောနေ သည်။ မေ့မရကတော့ နဖူးပေါ် စို့တက်လာသော ချွေးစက်ကလေး များကို သုတ်ရင်း ဒေါ်ထားခင်အားမှာ အသာအယာ ဝင်ထိုင်လိုက် ပါသည်။ ဘာစကားမှလည်း ပြောချင်စိတ် မရှိတော့ပါ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၆]

ရဲရင့်တစ်ယောက်တည်း ဆိုင်မှာထိုင်ရင်း ငိုင်နေသည်။ မေ့မရအကြောင်းကို စဉ်းစားနေမိသည်။ မေ့မရတစ်ယောက် အခု တလောဆိုင်ကိုပင် သိပ်မလာတော့ပါလား။ သော်မော် ပြောတော့ ခြံထဲမှာ အလုပ်ရှိနေလို့တဲ့။ မေ့မရကို မမြင်ရတာကြာတော့လည်း ရဲရင့် သတိရနေမိသည်။ အင်းလေ ကိုယ်ကသာ တစ်ဖက်သတ် လွမ်းနေ သတိရနေရတာ ဟိုကတော့ မိမိကို သတိရဖို့ဆိုရာ ဝေလာဝေး။ ကိုယ်က တိတ်တိတ်လေး ချစ်နေရသူ။ သူမကို ချစ်နေတဲ့အကြောင်းကိုတောင် ဖွင့်ပြောရသေးတာမဟုတ်။ မလှမ်း နိုင်မှန်းသိသော်လည်း အချစ်အတွက် မျှော်လင့်ချက် ရင်မှာရှိနေ ခြင်းသည် အပြစ်ဟု ခေါ်နိုင်ပါသလား။ ရဲရင့်မသိပါ၊ နားမလည် ပါ။ ရဲရင့်သိတာတစ်ခုပဲရှိသည်။ မေ့မရကို မိမိ နှစ်နှစ်ကာကာ ချစ်နေမိသည်။





"ရဲရင့်"

"ဟင်"

ရဲရင့် အံ့သြသွားသည်။ မိမိရှေ့ကို ရောက်နေသူက မေ့မရ။

"မေ့မရ"

"ဘာဖြစ်တာလဲ ရဲရင့်ရာ၊ မရကိုမြင်လိုက်တာ တစ္ဆေ သရဲကို မြင်လိုက်တာကျနေတာပဲ"

မေ့မရအကြောင်း စဉ်းစားနေတုန်း ရုတ်တရက် တွေ့လိုက် ရသဖြင့် ရဲရင့်တစ်ယောက် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားရ သည်။

"တို့ ကိုကိုလေးရော"

ကိုလေးသော်မော့်ကို မမြင်သဖြင့် မရ မေးလိုက်ခြင်းဖြစ် သည်။

"လာလိမ့်မယ် ဘုရားပေါ် ခဏတက်သွားတယ်"

ရဲရင့်ဘေးက ခုံလွတ်မှာ မေ့မရ ဝင်ထိုင်သည်။

"မေ့မရ"

"အင်း…ဘာလဲ"

"ကျောင်းဆက်တက်မယ်ဆို"

"တက်မှာပေါ့ ရဲရင့်ရဲ့၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး မေ့မရရယ်၊ တမင် မေးကြည့်တာ ပါ"

ရဲရင့်တစ်ယောက် မေ့မရ မျက်နှာလေးကို စူးစူးစိုက်စိုက် လေး ကြည့်ပစ်လိုက်သည်။ မမြင်ရတာကြာလို့လားမသိ မျက်နှာ လေးမှာ ပြည့်ဖြိုးအိစက်နေသည်။ နှုတ်ခမ်းလေးတွေက ပိုထူပြီး ပိုဝင်းလာသလိုရှိ၏။

"မေ့မရ"

"ပြောလေ ဘာပြောမလို့လဲ၊ ဒီမှာ နားထောင်နေတာပဲ ဥစ္စာ"

"နင့်ကိုငါ စိတ်မချဘူး"

"ဘာ"

မေ့မရ ကိုယ်ကလေး ဆတ်ခနဲ တွန့်သွားသည်။ ရဲရင့် မျက်နှာကို ချာခနဲ လှမ်းကြည့်မိပြီးသားလည်း ဖြစ်သွား၏။

"ဘာပြောတယ် ရဲရင့်၊ မရကို စိတ်မချဘူး ဟုတ်လား"

"အင်းလေ"

"ရဲရင့်စကားက ဘာစကားလဲ၊ ရဲရင့် ဘာတွေလာပြော နေတာလဲ"

"ငါ ဘာပြောချင်တယ်ဆိုတာ နင်အသိဆုံးပါ၊ ငါ နင့်ကို စိတ်မချတာ ဘာဖြစ်လို့လဲဆိုတော့ နင့်ကိုချစ်လို့"

[redacted]



မေ့မရ မျက်နှာရဲရဲလေးဖြစ်သွားပြီး နားရွက်နှစ်ဖက်စလုံး လည်း ထူပူသွားသည်။

"ရဲရင့် ရူးနေပြီလား၊ ဘာတွေဖြစ်နေတာလဲ"

"မေ့မရရယ် ငါ့ရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ နင်သိ ပါတယ်"

"အင်း...သိတယ်၊ သိတယ်၊ အူတွေ အသည်းတွေ ကလီစာတွေ၊ ကျောက်ကပ်တွေ"

"မနောက်ပါနဲ့ မေ့မရ"

ရဲရင့်ခေါင်းကို အဆက်မပြတ် ကုတ်လိုက်မိသည်။ မလွယ်ပါလား မေ့မရရယ်။ နင့်ကိုချစ်တဲ့အကြောင်းပြောလို့ လှောင် မယ်၊ ရယ်မယ်ဆိုတာ သိပါတယ်။

"ဒီမှာ မေ့မရ"

"ဘာလဲ"

"နင် ငါ့ကို နှလုံးသားနဲ့ဆုံးဖြတ်ပြီးတော့ ခေါင်းအေး အေးထားပြီး ငါ့ကို"

"အဖြေပေးရမယ်ဆိုပါတော့"

မိမိပြောမည့်စကားကို မေ့မရက ဖြတ်ဝင်ပြောလိုက်သဖြင့် ရဲရင့် အောင့်သက်သက် ဖြစ်သွားသည်။

"အင်း"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ရဲရင့် သိချင်တဲ့အဖြေကို တစ်ခါတည်း ပေးလိုက်မယ်၊ ရဲရင့်ကို မေ့မရ လုံးဝမချစ်ဘူး"

"ဟင်"

မေ့မရ ထိုင်နေရာက ထခဲ့လိုက်၏။ သူမ ဆိုင်ကလေးမှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။ ရဲရင့် မေ့မရနောက်က ထပ်ကြပ်မကွာ လိုက်ခဲ့ရပါသည်။ ကိုယ်က ချစ်နေရသူမဟုတ်လား။ မေ့မရမျက်နှာလေး အိုမှာ ညှိုးမှာကို ကမ္ဘာပျက်မတတ် ကြောက်နေသူက မိမိပဲမဟုတ်ပါလား။

"မေ့မရ"

"........"

သူမ ငြိမ်နေသည်။ ရဲရင့်အမေးကို လုံးဝပြန်မဖြေသည့်အပြင် ရဲရင့်မျက်နှာကိုပါ လုံးဝမကြည့်တော့။

"ငါ့ကို သိပ်စိတ်ဆိုးသွားလား မေ့မရ"

"တော်တော့ ရဲရင့်၊ ရဲရင့် ဘာမှထပ်မပြောနဲ့တော့၊ မရ ဘာမှမကြားချင်တော့ဘူး"

"မေ့မရရယ်"

"ဒီမှာ ရဲရင့် သိအောင်ပြောထားလိုက်မယ်၊ မရမှာ ချစ်သူရှိတယ်"

"ဘာရယ်"





ရဲရင့်တစ်ယောက် ထိတ်လန့်တုန်လှုပ်သွားရသည်။ မေ့မရက သူ့မှာ ချစ်သူရှိတယ်ဆိုပါလား။

"ဟုတ်တယ်၊ မရမှာ ချစ်သူရှိတယ်၊ အဲဒီချစ်သူနာမည်က ကိုကိုတဲ့"

"ကို..ကို"

ကိုကိုဆိုသော နာမည်လေးကို ရဲရင့်တစ်ယောက် ထိတ်ထိတ်လန့်လန့်နှင့် နှုတ်က အထပ်ထပ်အခါခါ ရွတ်ကြည့်နေမိသည်။ ကိုကိုတဲ့။ ဘယ်က ကိုကိုလဲ၊ ကိုကိုဆိုတာ ဘယ်သူလဲ၊

"မေ့မရရယ် ငါ့ကိုမညာပါနဲ့ဟာ၊ နင့်မှာ ရည်းစားမရှိသေးတာ ငါသိပါတယ်၊ ငါ့ စိတ်ဆင်းရဲအောင်တော့ တမင်မပြောပါနဲ့"

"တကယ်..တကယ်၊ ရဲရင့်ကို လိမ်ပြောနေတာမဟုတ်ဘူး၊ ရဲရင့် မမြင်ဖူးရင် ဒီကိုလက်ဆွဲပြီး ခေါ်လာပြမယ်"

မေ့မရက ခပ်တည်တည်လေး လုပ်ပြောနေသည်မို့ ရဲရင့်တစ်ယောက် ယုံရအခက် မယုံရအခက် ဖြစ်သွားသည်။

"ကိုကိုကလေ အရပ်မြင့်မြင့် အသားဖြူဖြူနဲ့"

"တော်ပြီ မေ့မရ"

ရဲရင့် ဆက်မကြားချင်တော့ပါ။ မေ့မရကို ဆုံးရှုံးလိုက်ရပြီဆိုတဲ့အသိက ရဲရင့် ရင်တစ်ခုလုံး ပြောင်းဆန်လှုပ်ခတ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မေ့မရရယ် နင် ဘယ်သူနဲ့ပဲချစ်ချစ် နင့်ကို ပထမဆုံး ချစ်ခဲ့ရတာပါ ငါပါ၊ ဒါပေမဲ့ ငါ နောက်ကျခဲ့တယ်၊ ငါ့မျှော်လင့်ချက်တွေအားလုံး ဆုံးရှုံးသွားပြီဆိုပေမယ့် နင့်ကိုချစ်ခဲ့တဲ့ အချစ်တွေကတော့ ဘယ်တော့မှ ဆုံးရှုံးသွားမှာမဟုတ်ဘူး၊ ငါ့ဘဝ တစ်သက်လုံး နင့်ကိုပဲ အမြဲချစ်နေမှာပါ၊ ငါ့ဘဝ ငါ့အသည်းနှလုံးထဲမှာ နင် အမြဲရှိနေမှာပါ မေ့မရရယ်"

ပြောပြီးသည်နှင့် ရဲရင့် ချာခနဲလှည့်ထွက်ခဲ့တော့သည်။ ရဲရင့် ပြောချင်သည့်စကားတွေကို ပြောခဲ့ရပြီမဟုတ်လား။

□ □ □

## အခန်း [၁၇]

ပြောပြီးမှ မျက်နှာပူနေရသူက မေ့မရ။ မရမှာ ရည်းစားရှိသေးတာလည်း မဟုတ်ဘဲနဲ့ ရဲရင့်ကို စိတ်ပေါက်ပေါက်နှင့် ပြောပစ်ခဲ့သည်။ ဟင်း…ရှိပါစေတော့။ ရဲရင့်ကိုတော့ မရ ဘယ်လိုမှ ချစ်လို့မရပါ။ တစ်ယောက်တည်းတွေးရင်း မေ့မရ လမ်းလျှောက်ပြန်လာခဲ့သည်။

"ဟင်…ကိုကို"

ကိုကို့ကို မထင်မှတ်ဘဲ တွေ့လိုက်ရသဖြင့် မေ့မရ အံ့သြသွားသည်။ ကိုကိုရှိရာကို သေသေချာချာ လှမ်းကြည့်လိုက်တော့ ကိုယ့်မျက်လုံးတွေကိုပင် ကိုယ် မယုံချင်တော့ပါ။ မျက်လုံးတွေပြာပြီး ရင်ထဲမှာပါ တုန်ခါသွားသည်။ ကိုကို့ဘေးမှာ မိန်းကလေးတစ်ယောက်။ ကိုကိုနဲ့ သက်တူရွယ်တူလောက်ရှိသည်။

"မေ့မရ"

www.burmeseclassic.com



ကိုကို့ခေါ်လိုက်သံကို မေ့မရ ကြားပါသည်။ မျက်လုံးကလေးပြူးပြီး ကိုကို ကြည့်နေသည်ကိုလည်း မေ့မရ မြင်ပါသည် ဒါပေမဲ့ မေ့မရကတော့ တောင်တောင်လေး ရပ်နေမိဆဲ။

"မေ့မရ"

"ဟင်"

သတိရတော့မှ မျက်တောင်လေးပုတ်ပြီး ကိုကို့မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ဘာကြောင့်ကြည့်နေတာလဲ မေ့မရရဲ့"

"ဪ...အင်း"

မေ့မရ ကိုကို့ကို ဘယ်လိုပြန်ပြောရမှန်းပင် မသိတော့။

"မေ့မရကို မိတ်ဆက်ပေးမလို့"

"ဟုတ်ကဲ့"

"သူ့နာမည်က ရွှန်းလဲ့တဲ့၊ မေ့မရ မှတ်ထားနော်"

"ဟုတ်ကဲ့"

"လဲ့..ဒါ ကိုယ် အမြဲပြောနေတဲ့ ကိုယ်တို့ခြံထဲက မေ့မရလေ"

"နာမည်လေးက ချစ်စရာလေးနော်"

ရွှန်းလဲ့ဆိုသည့် မမက မေ့မရကို ချစ်စဖွယ်ပြုံးပြသည်။

"မရကို မှတ်ထားပါ မမ"





"မမကိုလည်း မှတ်ထားနော်"

"ဟုတ်ကဲ့"

စကားပြောနေရသော်လည်း မေ့မရ တစ်ကိုယ်လုံး နုံးခွေညှိုးနွမ်းသွားသလို ခံစားနေရသည်။ ရွှန်းလဲ့ဆိုသော မမသည် ကိုကို့နှင့် မည်သို့ပတ်သက်နေပါသနည်း။ ချောတာကတော့ မိန်းမချင်းတောင် ငေးယူရလောက်အောင် ချောသည့် မမ။ ဆံပင်နက်နက်လေးတွေနဲ့ နာမည်နဲ့လိုက်အောင် လှပလွန်းတဲ့ မျက်ဝန်း၊ နှုတ်ခမ်း မို့အိအိလေးတွေ။

အို...

အားလုံး..အားလုံး အပြစ်တစ်ခုမှမရှိသည့် မမပါ။

"ကိုကို...ကိုကိုနဲ့မမက ဘယ်ကပြန်လာကြတာလဲ ဟင်"

မေ့မရ အရဲစွန့်၍မေးလိုက်သည်။

"ဘုရားကလေ မေ့မရရဲ့၊ လဲ့က မွေးဆောင်မှာ ဆီမီးပူဇော်ချင်တယ်ဆိုလို့ ကိုကို လိုက်ပို့လိုက်တာ"

"ဪ"

ဪ..ဆိုသော အသံလေးကို တုန်မသွားအောင် စိတ်ကို မနည်းထိန်းလိုက်ရသည်။

"မေ့မရကို သွားခွင့်ပြုပါဦးနော် မမ"



www.burmeseclassic.com

www.burmeseclassic.com



မမက ခေါင်းလေးကို အသာအယာဆတ်ပြသည်။

"ကိုကို မေ့မရ သွားမယ်"

"ကောင်းပြီ"

"ဟင်း"

ကြည့်ပါဦး၊ သူများကို နှုတ်ဆက်တာတောင် ခုတော သူစိမ်းတွေလို နှုတ်ဆက်တာပါလား။

ကိုကိုရယ်။

မရ ရင်ထဲမှာ ဘယ်လိုခံစားနေရပြီလဲဆိုတာ ကိုကို သိစေ ချင်လိုက်တာ။ ရဲရင့်ကို ပြောခဲ့မိတဲ့စကားတွေ ဝဋ်လည်ပြီထ တယ်။ တွေးရင်းနှင့် ကိုကို့ကို နာကြည်းသွားမိသည်။ ဒေါသလည်း ဖြစ်သွားမိသည်။ ဒီကတော့ တိတ်တိတ်လေး ချစ်ခဲ့လိုက်ရတာ

"မွမ်"

"အမယ်လေး"

အနားက ပွတ်ကာသီကာ ဖြတ်သွားသော ကားတစ်စီး ကြောင့် မေ့မရ လန့်အော်လိုက်မိသည်။

"ဘာတွေများ ဒီလောက်တောင် စဉ်းစားလာတာ ဒါ နားလည်းမဟုတ်ဘူး၊ ကား သိရဲ့လား၊ သံနဲ့လုပ်ထားတာ တိုက်ရင် သေတတ်တယ်"

ကားဆရာက လှမ်းအော်ဖြစ်အောင် အော်သွားလို

[redacted]



သားသည်။

ကားဆရာကိုလည်း ပြန်ရန်မတွေ့နိုင်တော့ပါ။ မေ့မရ ထဲမှာ မျှော်လင့်ချက်တွေအားလုံး ပြိုလဲပျက်စီးခဲ့ရပြီမဟုတ်လား။ ကိုရယ် ရက်စက်လိုက်တာ။

□ □ □

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၈]

"ဟဲ့...ဒီကောင်မလေး ငိုင်တိုင်တိုင်နဲ့ ဘာဖြစ်နေတာလဲ"

"ရှင်"

"အစောကြီးကတည်းက ညည်းကို ငါရပ်ကြည့်နေတာ ဟင်..ညည်း ငိုနေတယ်"

ဒေါ်ထားခင်တစ်ယောက် မေ့မရကိုကြည့်ပြီး ရင်ထဲမှာ တစ်မျိုးဖြစ်သွားသည်။

"အို...ကြီးကြီး"

"ညည်း ငါ့ကိုမှန်မှန်ပြောစမ်း၊ ညည်း ဘာဖြစ်နေတာလဲ"

ရုတ်တရက်မို့ ဘယ်လိုဖြေရမှန်းပင် မသိ။

"ဟို...ဟို...ဘာမှ..မဖြစ်"



"ဟဲ့...ညည်းရုပ်က ဘာမှမဖြစ်တဲ့ရုပ်လား၊ ကိုယ့်ရုပ်ကိုယ် မှန်ထဲပြန်ကြည့်စမ်းပါဦး"

ဒေါ်ထားခင်ရှေ့မှာမို့ မျက်ရည်တွေကို ကပျာကယာသုတ်လိုက်ရသည်။

"ဘာလဲ..ညည်းက ငါ့အိမ်ကအလုပ်တွေလုပ်ရတာ သိမ်ငယ်တယ်ထင်လို့လား၊ ပြောစမ်းပါအေ"

"မဟုတ်ပါဘူး ကြီးကြီးရယ်"

"မဟုတ်ရင် ဘာလဲ"

မေ့မရ မဖြေတတ်ပါ။ မေ့မရ ရင်ထဲမှာ ငိုချင်နေတာပဲ သိသည်။ ကိုကိုကြီးတို့ရှေ့မှာမို့ မငိုမိအောင်ထိန်းရင်း သည်နေရာလေးမှာ တစ်ယောက်တည်းထိုင်၍ မျက်ရည်ကျနေမိခြင်းဖြစ်သည်။

"ညည်း ငါ့ကိုမှန်မှန်ပြောစမ်း မေ့မရ၊ ညည်းမှာ ရည်းစားရှိနေပြီလား"

"အို"

"ရှက်မနေစမ်းပါနဲ့အေ၊ ရှိ ရှိတယ်ပေါ့"

"ဟင့်အင်း...ဟင့်အင်း၊ အဲဒါမဟုတ်ဘူး၊ ရည်းစားဆိုတာ တစ်ယောက်မှမရှိဘူး၊ မေ့မရ ကိုယ့်ဘာသာကိုယ် ငိုချင်သို့ငိုတာ"

"မယုံဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ ကြီးကြီးရယ်၊ မရ ကြီးကြီးကို မညာပါဘူး"

"ဒီမှာနော် ညည်းကို အခုကတည်းက ကြိုပြောထားလိုက်မယ်၊ ညည်းတို့ဟာညည်းတို့ ဘယ်လိုပြဿနာတွေပဲရှုပ်ရှုပ် ငါ့ခြံထဲမှာ ငိုတာ နည်းနည်းမှမကြိုက်ဘူး၊ ငိုချင်ရင် ခြံပြင်ထွက်ငိုကြ၊ ဟင်း"

ပြောပြီး ဒေါ်ထားခင်က ချာခနဲ လှည့်ထွက်သွားသည်။ ရင်ထဲ နင့်လို့ကျန်ရစ်ခဲ့ရသူက မေ့မရပါ။

တကယ်တော့ ကိုယ့်ဘဝကိုယ် တွေးမိပြီး မေ့မရ တစ်ယောက်တည်း မျက်ရည်ဝဲမိနေခြင်းဖြစ်သည်။

ကိုကိုရယ်။

မေ့မရ ရင်ထဲမှာ ခံစားနေရတာတွေကို ကိုကိုမှသိရဲ့လားဟင်။ မရလေ ကိုကို့ကို ချစ်နေမိပြီဆိုတာ အခုတော့ တကယ်သိခဲ့ရပါပြီ။ ဒါပေမဲ့ ကိုကိုရယ် ကိုယ်မြတ်နိုးတဲ့ ပန်းကလေးတစ်ပွင့်ကိုတောင် ပန်ခွင့်မရှိတော့ဘူးဆိုတာ နားလည်ခဲ့ပါပြီ ကိုကို။ ဝဲတက်လာသော မျက်ရည်ပေါက်ကြီးများကို မျက်တောင်ပုတ်ရင်း ဖယ်ထုတ်ပစ်လိုက်သည်။ ပြီးတော့ ထိုင်နေရာမှ ထသည်။

"မေ့မရ"

ဟော...ကြီးကြီးအသံ။



"ရှင်...လာပါပြီ ကြီးကြီး"

"ဒီကို မြန်မြန်လာစမ်း"

ကပျာကယာ ပြေးရသည်။ နောက်ကျနေရင် ထိပ်အခေါက်ခံနေရဦးမယ် မဟုတ်လား။

"ကိုဒေါင်ထဲက စက်ဘီးထုတ်သွား၊ ဈေးထဲက ကုန်ခြောက်ဆိုင်မှာ ပစ္စည်းတွေကျန်ခဲ့လို့ ဒေါ်ထားခင်က လွှတ်လိုက်တယ်ပြော"

"ဟုတ်ကဲ့...ကြီးကြီး"

"သွား...သွား"

စက်ဘီးထုတ်ပြီး ဈေးဘက်ကို နင်းထွက်ခဲ့ရသည်။ ကြီးကြီး အမြဲဝယ်နေကျဆိုင်ကို မေ့မရ သိပါသည်။

"ဒေါ်လေး...ဒေါ်လေး"

"ဟဲ့...နင် မသီတာခြံထဲက ကောင်မလေးမဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်လေး"

"အေးပဲ၊ ဒီမှာ မသီတာကျန်ခဲ့တဲ့ပစ္စည်းတွေ တစ်ခါတည်းယူသွား"

မသီတာတဲ့။ သည်နာမည်ကို ကြားရပြန်ပြီ။ သည်တစ်ခါတော့ မေ့မရ မမေးဘဲ မနေနိုင်တော့ပါ။ ကုန်ခြောက်ရောင်း

www.burmeseclassic.com



သော ဒေါ်လေးဆိုင်ရှေ့က ခုံမှာထိုင်ပြီး

"ဒေါ်လေး"

"ဘာတုန်းကွယ့်"

"ဒေါ်လေးကို မေ့မရ မေးစရာရှိလို့"

ဒေါ်လေးက မေ့မရကို အထူးအဆန်းတစ်ခုလို လှည့်ကြည့်သည်။

"ဟိုလေ ကြီးကြီးခင်နှာမည်ကို ဘာဖြစ်လို့ မသီတာလို့ ခေါ်တာလဲဟင်၊ ကြီးကြီးနှာမည်က ခေါ်ထားခင် မဟုတ်ဘူးလား"

ဒေါ်လေးမျက်နှာ ပြုံးသွားသည်။

"ညည်းက ဒါကိုသိချင်တာလား"

"ဟုတ်တယ် ဒေါ်လေး"

"အရင်တုန်းက မသီတာက အရမ်းဆင်းရဲတာကွယ့်"

"ရှင်"

"ဘာလဲ..တူမကြီး အံ့ဩသွားပြီလား၊ တူမကြီး အံ့ဩသလို ဒေါ်လေးတို့လည်း မသီတာကိုပြန်တွေ့ရတော့ အရမ်းအံ့ဩသွားရတာပဲ ကလေးမရေ"

ဒေါ်လေးက ရယ်ကာမောကာ ပြောနေသော်လည်း မေ့မရကတော့ မရယ်နိုင်ပါ။ ဒေါ်လေး စကားကိုသာ အသေအချာ

[redacted]



နားစွင့်ထားလိုက်မိသည်။

"တစ်ခါတုန်းက အရမ်းဆင်းရဲခဲ့သလောက် ခုတော့လည်း ချမ်းသာသွားလိုက်တာ၊ ကံကြမ္မာပေါ့ ကံကြမ္မာ ကံကြမ္မာ"

ဒေါ်လေးပြောနေသည့် ကံကြမ္မာဆိုသော စကားကို မေ့မရနားထဲမှာ အကြိမ်ကြိမ် ကြားနေမိသည်။

သူမတို့ ဘဝသည်ပင်...

ကံကြမ္မာကြောင့် ပြောင်းလဲနိမ့်ပါးခဲ့ရသည်မဟုတ်လား။

"တစ်နေ့တော့ မသီတာရဲ့အကြောင်းတွေကို တူမကြီး သိလာမှာပါကွယ်၊ ကဲ...တူမကြီး အပြန်နောက်ကျလို့ ဆူခံထိနေဦးမယ်၊ သွားတော့...သွားတော့"

"မေ့မရ ပြန်တော့မယ် ဒေါ်လေး"

"အေး...အေး"

ဒေါ်လေး နှုတ်ဆက်ပြီ မေ့မရ ပြန်ထွက်ခဲ့သည်။

လမ်းမပေါ်အရောက်

"ကျွီ"

ကားဘရိတ်အုပ်သံနှင့်အတူ မေ့မရ စက်ဘီးဘေးမှာ ထိုးရပ်လာသော ကားတစ်စီးကြောင့် ကားထဲကို မေ့မရ လှမ်းကြည့်လိုက်သည်"

"ကိုကို"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကပြန်လာတာလဲ မရ"

"ဈေးက"

ကိုကို့ကို တွေ့လိုက်ရသဖြင့် နာကြည်းစိတ်က ရင်ထဲ တက်လာသည်။ စက်ဘီးလေးကို ပြန်ပြီးနင်းထွက်တော့မယ်အလုပ်

"နေဦး မရ"

ကိုကို့ထံမှ လှမ်းတားလိုက်သံကို ကြားသည်။

"နောက်ကျနေပြီ၊ ကြီးကြီး ဆူနေလိမ့်မယ်"

"အောင်မယ်...ညည်းကို မုန့်ကျွေးမလို့ခေါ်တာ၊ လာခဲ့ ဟိုးရှေ့က မုန့်ဆိုင်မှာ ကိုယ်စောင့်နေမယ်"

ကိုကို ကားကို ဝူးခနဲကျော်တက်သွားသည်။ မေ့မရ ကိုကို့နဲ့ လုံးဝစကားမပြောချင်တော့ပါ။ ကိုကို့ကို မုန်းတီးစိတ်က သာ ရင်ထဲရောက်နေသည်။ ကိုကို့ကားလေး လမ်းဘေးတစ်နေရာ မှာ ထိုးရပ်သွားသည်ကို မေ့မရ မြင်နေရသည်။ သွားစရာလမ်းက တစ်လမ်းတည်းမို့ ကိုကိုစောင့်နေရာ မုန့်ဆိုင်လေးရှေ့က ခပ်တည်တည်ပင် စက်ဘီးကို ဆက်နင်းခဲ့သည်။ မျက်လုံးလေးပြူးပြီး ကျန်ခဲ့ရသူက ကိုကို။

ဘယ်လိုကောင်မလေးပါလိမ့်။ နှုတ်ခမ်းကိုလည်း စူထား လိုက်တာ။ ငါ့ဘက်ကို တစ်ချက်လေးတောင် လှည့်ကြည့်မသွား ဘူး။

[redacted]



ကိုကိုက ဒီလိုတွေးနေသလို မေ့မရကလည်း အရူးမလေး တစ်ယောက်လို တစ်လမ်းလုံး စကားတွေ တစ်ယောက်တည်း ပြောလာသည်။

မုန်းတယ်..မုန်းတယ်။

တစ်သက်လုံး မုန်းလိုက်ပြီ သိလား ကိုကို။

ကိုကို့ကို တစ်သက်လုံး ဘယ်တော့မှမချစ်တော့ဘူး။

ကိုကို့ကို အထင်ကြီးခဲ့တာတွေအားလုံး အလကားပဲ။

ကိုကိုရယ်...

မေ့မရကို မခင်ပါနဲ့တော့နော်။

□ □ □

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၉]

ဒီနေ့ မေမရ ကျောင်းစတက်ရသည့်နေ့။ ဖြီးလိမ်းပြင်ဆင်ပြီး ဘတ်စ်ကားဂိတ်ကိုအထွက်…

"ဟင်"

ရှေ့မှာ ကိုကိုပါလား။

"မရ"

"ဘာလဲ"

"ကိုယ် မရကို စောင့်နေတာ"

မေမရမျက်နှာလေး မှုန်သွားသည်ကို ကိုကိုကတော့ သိပါလိမ့်မည်။

"ဘာဖြစ်လို့လဲ ကိုကို၊ မရကို ဘယ်သူနဲ့မိတ်ဆက်ပေးစရာ ကျန်သေးလို့လဲ"

[redacted]



"ဟောဗျာ"

ကိုကို့မျက်နှာ ပြုံးသွားသည်။

မေမရကတော့ မျက်နှာလေးကို ခပ်တည်တည်လုပ်ထားသည်။ ကိုကို ပြုံးသော်လည်း မရ မပြုံးမိပါ။ ကိုကို့မျက်နှာကို မကြည့်ဘဲ ခေါင်းကိုငုံ့ထားလိုက်သည်။

"မရက ဒါကြောင့် ကိုယ့်ကို အမြင်မကြည့်တာကိုး"

"အို…မဆိုင်ပါဘူး"

"ဆိုင်ပါတယ် မရရယ်၊ မရကို ကိုယ် ကြည့်နေတာကြာပြီ၊ ကိုယ့်ကိုမြင်ရင် ဘာဖြစ်လို့ မျက်နှာကို ချာခနဲလှည့်ပစ်ရတာလဲ၊ ကဲ…ပြော"

"လှည့်ချင်လို့"

"ဟား…ဟား"

ဝဏ္ဏာက အသံထွက်အောင် အော်ရယ်သည်။

"မရရယ် ခက်လိုက်တာ၊ ကိုယ့်မှာ ဘယ်ရည်းစားမှ မရှိပါဘူး၊ အဲဒီနေ့ကတွေ့တဲ့ ရွှန်းလဲ့က ကိုယ့်သူငယ်ချင်း"

"ဟင်"

သည်တစ်ခါ မျက်ခုံးတန်းလေး ကျုံ့တက်သွားရသူက မေမရ။

"တကယ်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပေါ့ကွ၊ သူငယ်ချင်းမှ ကိုယ်နဲ့အတူတူ ဆေးရုံတစ်ခုတည်းမှာ တာဝန်ကျတဲ့ သူငယ်ချင်း"

"သူငယ်ချင်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် ကိုကို မရကို ဘယ်တော့မှ လာမခေါ်နဲ့တော့၊ ကိုကို့ကို မရ မုန်းပစ်လိုက်ပြီ သိလား"

"ဟောဗျာ"

ဝဋ္ဋာတစ်ယောက် မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရပြန်ချေပြီ။ မေ့မရကတော့ စောစောကပုံစံအတိုင်း နှုတ်ခမ်းလေးကို ဆက်စူထားမိသည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ မရရယ်၊ မျက်နှာကြီးကလည်း ရှုပုပ်လို့"

"ပုပ်တယ်‥ပုပ်တယ်‥ဘာဖြစ်လဲ"

"ခက်ပါလားကွာ"

"မခက်ပါဘူး လွယ်လွယ်လေး၊ ကိုကို့မှာ ချစ်ရမယ့် ခင်ရမယ့် ဘုရားသွား ကျောင်းတက်လုပ်ရမယ့် သူငယ်ချင်းကြီး တစ်ယောက်လုံး အနားမှာရှိနေပြီဥစ္စာ၊ မရကို မခင်နဲ့တော့ မခေါ်နဲ့တော့ပေါ့"

"ဒါလည်းမဟုတ်သေးဘူး"

ကိုကို ခေါင်းခါနေပြန်သည်။ စိတ်ထဲက ကျိတ်ပြီး မေ့မရ ရယ်လိုက်မိ၏။ ကိုကိုကတော့ မေ့မရ ကျိတ်ရယ်နေတာကို ဘယ်





သိပါ့မလဲ။ ကိုကို စိတ်ညစ်နေတာ သေချာပါတယ်။

"ဒီမှာ မရ"

"ပြောလေ"

"ကိုယ့်တစ်သက်နဲ့တစ်ကိုယ် မရလောက် ခင်ရမယ့်သူ တစ်ယောက်မှမရှိသေးဘူး၊ မရကို စတွေ့ကတည်းက သံယောဇဉ် ဖြစ်နေမိတယ်ဆိုတာ ယုံ"

"ဟုတ်ကဲ့"

"မနောက်နဲ့နော်၊ ဒီက အကောင်းပြောနေတာ"

"ဒီကလည်း အကောင်းနားထောင်နေတာပဲဥစ္စာ"

ဟိုနေက တစ်ယောက်တည်း ကျိတ်ငိုခဲ့ရသလောက် အခု တော့လည်း ရင်ထဲမှာ ပျော်နေမိသည်။ ကိုကို့ကိုလည်း တမင်မခံ ချင်အောင် လျှောက်စနေမိသည်။

"ကိုယ် ဟိုနေ့တွေကတည်းက မရကို စကားပြောချင် လို့ ကြည့်နေတာ၊ တွေ့တော့လည်း ထွက်ပြေးတယ်၊ မျက်နှာလွှဲ သွားတယ်၊ အဲဒါ ဘာသဘောလဲ"

"စဉ်းစားကြည့်ပေါ့"

မေ့မရရင်ထဲမှာ ခုန်နေရပြီ။

"ဒီမှာ ဆေါသဝန်တို့၊ ကျုပ်မှာလေ မင်းလောက် ချစ်စရာ ကောင်းတဲ့ ချာတိတ်မ တစ်ယောက်တောင်မရှိဘူး၊ မင်းကို စတွေ့



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ကိုယ်...''

ထက်ဝဥ္စာ ဆက်မပြောပါ။ မေ့မရ မျက်နှာလေး
တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ လေသံကိုတိုး၍

''ကိုယ် မင်းကိုချစ်နေပြီ မေ့မရ''

''ရှင်''

မေ့မရ တစ်ကိုယ်လုံး ဖျဉ်းခနဲဖြစ်သွားသည်။ မြော
ပြောတော့လည်း တည့်တိုးကြီးပါလား ကိုကိုရယ်။

''အဲဒါ မင်းယုံပါ မရ၊ ကိုယ် တကယ်ချစ်မိတာ
ကိုယ် ညာလည်းမပြောတတ်ဘူး၊ ကိုယ့်ဘဝမှာ မိန်းကလေ
တစ်ယောက်ကို ချစ်တယ်ပြောတာ ဒီအကြိမ်ဟာ ပထမဆုံးအကြိမ်
နဲ့ နောက်ဆုံးအကြိမ်ပဲ ဖြစ်မှာပါ''

''သိဘူးလေ''

''မနောက်နဲ့နော် မေ့မရ၊ ကိုယ်ပြောနေတာ ကိုယ့်ရင်
က စကားတွေကိုပြောနေတာ''

''အဲဒါ မေ့မရက ဘာလုပ်ပေးရမှာလဲ ကိုကို''

မေ့မရ အသံလေး တိုးဝင်သွားသည်။

''ကိုယ့်ကို အဖြေပေးလေ''

''အခု''

''အင်းပေါ့ အခုပေးပေါ့၊ ဘာလဲ မရက အချိန်

[redacted]



အကြာကြီးဆွဲထားချင်သေးလို့လား'',

''သြော်...ကိုကိုရယ်၊ မရတို့က ဆင်းရဲသားတွေပါ၊
ကိုကိုနဲ့ မတန်ပါဘူး၊ ကိုကိုနဲ့တန်တာ မမရွှန်းလဲ့တို့မှ တန်တာပါ၊
မမက ချောလည်းချောတယ်၊ ပညာတတ် ဘွဲ့ရဆရာဝန်၊ ဘာလို
သေးလဲ''

ကိုကို ငြိမ်နေသည်။

''ဟုတ်တယ်နော် ကိုကို၊ မမရွှန်းလဲ့က အရမ်းချောတာ
ပဲနော်၊ မရတောင် ငေးကြည့်ရတယ်၊ မမကိုပဲ ကြိုက်လိုက်ပါလား
ကိုကိုရာ၊ ကိုကို မပြောရဲရင် မရ လိုက်ပြောပေးမယ်လေ''

ကိုကို့မျက်နှာ ရဲတွတ်သွားသည်။ မေ့မရကတော့ အသံ
လေးထွက်အောင် ရယ်လိုက်မိသည်။

''ဒီမှာ''

''အင်း''

''မင်း ကိုယ့်ကိုနောက်နေတာလား''

''မနောက်ပါဘူး ကိုကိုရဲ့''

''နောက်တစ်ခါ နောက်ရဲနောက်ကြည့်၊ လမ်းမပေါ်မှာ
ပတ်နမ်းပစ်မယ်''

''ဟယ်''

မေ့မရ ရှက်ရွံ့စွာဖြင့် ဘာမှမပြောနိုင်တော့ဘဲ ခေါင်းကို

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ငုံ့ထားမိသည်။

"ကဲ…နောက်ဦးလေ"

"ဟင့်အင်း…မနောက်တော့ဘူး"

"မနောက်ရင် ကောင်းကောင်းဖြေ"

"ဘာဖြေရမှာလဲ"

"ချစ်တယ်လို့"

သည်အဖြေကိုတော့ မေ့မရ မပေးရဲသေးပါ။ ရင်ထဲမှာ ကျိတ်မျှော်နေရပေမယ့် ဘဝအခြေအနေတွေက ရှိသေးတယ်လေ

ကိုကိုရယ်…

ကိုကိုနဲ့ မေ့မရက မိုးနဲ့မြေပါ။ ကိုကို့ကို စတွေ့ကတည်းက မေ့မရ ရင်တွေခုန်ခဲ့ရပေမယ့် တကယ်ချစ်ဖို့ကိုတော့ မေ့မ သတ္တိမရှိဘူး ကိုကို။ ကိုကို လိုချင်တဲ့အဖြေကို မရ မပေးပါရစေ နဲ့ ကိုကိုရယ်။

"ဟောဗျာ…ဘယ်လိုဖြစ်လို့ ဒီမျက်ရည်က ကျရပြ တာလဲ မရရယ်"

တကယ်လည်း မေ့မရ မျက်ရည်ကျခဲ့ရပါပြီ။

"ဘာလဲ မရ၊ ကိုယ့်ကို စိတ်ဆိုးလို့လား၊ ကိုယ် အခု ပြောတာကို မကျေနပ်လို့လား၊ ပြောလေ မရ ပြောလေ"

ကိုကိုက မေ့မရ လက်မောင်းကို အဆက်မပြတ်ကိုင်လှု





ရင်း မေးလိုက်သည်။ တကယ်လည်း ဝေဒနာ မနေတတ်တော့ပါ။ ိမိအချစ်က အားငယ်နေသူ မိန်းကလေးတစ်ယောက်အပေါ်မှာ အထင်သေး စော်ကားရာ ကျခဲ့ပြီလား။ ယုံပါ မေ့မရရယ်။ ကိုယ် င်းကို တကယ်ချစ်တာပါ။

"ကဲပါ မရရယ်၊ မျက်ရည်တွေ သုတ်လိုက်စမ်းပါ၊ ကျောင်းထဲအထိ ကိုယ်လိုက်ပို့ပေးမယ်၊ ဘတ်စ်ကားနဲ့ မသွားနဲ့ တော့"

ဖြုတ်မောင်းလာသော တဘ္ဘစီတစ်စီးကို ကိုကို လက်ပြ တားလိုက်သည်။ မေ့မရကို ကားပေါ်တက်စေသည်။ ကားပေါ် ရောက်တော့ မေ့မရ ပါးပြင်ပေါ်က မျက်ရည်စတွေကို ကိုကို သုတ်ပေးနေပြန်သည်။

"ကိုယ်လေ မေ့မရကို တကယ်ချစ်တာ သိလား၊ မရတို့ ဘဝအခက်အခဲကိုသိလို့ အကျုပ်ကိုင် ချစ်ခွင့်တောင်းတာမဟုတ် ဘူး၊ အဲဒါတော့ မရ ယုံ၊ ကိုယ် မင်းကို တကယ်ချစ်တာပါ"

မေ့မရတစ်ယောက် ကိုကို့ အယုအယ အပြုအမူတွေကြား ထဲမှာ ငြိမ်နေလိုက်မိသည်။ တစ်လမ်းလုံးလည်း ကိုကို စကားတွေ တတွတ်တွတ်ပြောလာသည်။

"ကိုယ့်ဘဝမှာ မရက ကိုယ့်ရဲ့ပထမဆုံးချစ်သူပါ၊ ဘယ် မိန်းကလေးကိုမှ ကိုယ် မမြတ်နိုးခဲ့မိသေးဘူး၊ မရ ငိုတော့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝမ်းနည်းတယ်၊ မရ ပျော်နေရင် ကိုယ်လည်းပျော်တယ်''

ကျောင်းထဲရောက်တဲ့အထိ ကိုကို့စကားတွေက မဆုံးနိုင်တော့ပါ။

''ကဲ…မရ ကိုယ် ဒီကပဲထိုင်စောင့်နေတော့မယ်၊ မရနဲ့ပဲ အတူတူပြန်မယ်''

''ဟင့်အင်း…ဟင့်အင်း၊ ကိုကို ပြန်တော့၊ မရကို မစောင့်နဲ့တော့''

''ဟာကွာ…မရကို ကိုယ်စိတ်မချဘူး၊ မရ အတန်းချိန်ပြီးတဲ့အထိ ကိုယ်စောင့်နေမယ်၊ မရနဲ့ အတူတူပြန်မယ်''

မေ့မရ ဘာမှထပ်မပြောမိတော့။ စိတ်ကို ယတိပြတ်ဆုံးဖြတ်ပြီး ကိုကို့နားက ချာခနဲ လှည့်ထွက်လာခဲ့သည်။

ကိုကိုရယ်…

မေ့မရရင်ထဲက ဝေဒနာတွေကို မရ တစ်ယောက်သာနားအလည်ဆုံးပါ။ မရဟာ ကိုကိုတို့ခြံထဲက အလုပ်သမားတစ်ယောက်ပါ ကိုကို။ ကိုကို့နဲ့ မေ့မရ မတန်ပါဘူး။

''မရကို မချစ်ပါနဲ့လား။ မရကို မေ့လိုက်ပါလား ကိုကိုရယ်။

□ □ □

# အခန်း [၂၀]

''မေ့မရ''

''ရှင်''

ကိုကိုကြီးခေါ်သံက ကျယ်လောင်လွန်း၍ မရ အသံလေးတွေပင် တုန်သွားရသည်။ ကျောင်းကပြန်ရောက်လို့ အိမ်ပေါ်သို့ တက် ကိုကိုကြီးအသံကြောင့် ခြေလှမ်းလေးတွေပင် တုံ့ခနဲ သွားခဲ့သည်။

''နင် အခုဘယ်ကပြန်လာတာလဲ''

''ကျောင်း…ကျောင်းကနေ ကိုကိုကြီးရဲ့''

''နင်မှန်မှန်ပြောစမ်း၊ နင် ကျောင်းသွားတာရောက်ရဲ့လား မေ့မရ''

သော်ဇင် အံကို တင်းတင်းဖိကြိတ်ထားသည်။ သော်ဇင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မီးတောက်နေသည်။ မနက်က အငှားကားတစ်စီးပေါ် ပါသွားသော သူမနဲ့ ထက်ဝဋ္ဌာဆိုသည့် ဆရာဝန်ကို မိမိကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ခဲ့ရသည်။

"ဟော့...ငါမေးနေတာ မကြားဘူးလား၊ နားပင်းနေလား"

"မရ ကျောင်းသွားတာပေါ့၊ ဘယ်သွားလို့လဲ"

"နင် ကျောင်းသွားတာဆို ဟိုကောင်နဲ့ တက္ကစီပေါ်မှာ ဘာဖြစ်လို့ အတူတူရှိနေရတာလဲ"

"အဲဒါက ညီမလေးကို သူ..သူက ကျောင်းလိုက်ပို့တာပါ"

"တက္ကစီတစ်စီးတည်းကို အတူတူစီးပြီး ကျောင်းလိုက်ပို့ရအောင် နင်နဲ့ ဟိုကောင်နဲ့က ဘယ်အဆင့်ထိ ရောက်နေပြီလဲ"

"ခင်တာ၊ ခင်တာပါ"

"အောင်မယ်...နင်တို့ခင်တာကြီးက ပူးကပ်ပြီးထိုင်ရလောက်အောင် ခင်တာလားဟ၊ ဟင်း...ငါမပြောလိုက်ချင်ဘူးနော်၊ ငါ့ပါးစပ်က ထွက်မိတော့မယ်"

"ဘာဖြစ်နေကြတာလဲကွယ်၊ အဟွပ်..အဟွပ်"

ဆူညံဆူညံ အသံတွေကို ကြားလိုက်ရကတည်းက ဦးအောင်ဇော်တစ်ယောက် အိပ်ရာထက်မှာ စိတ်ညစ်နေရပြီ။ မိမိ





ကလည်း ရောဂါဝေဒနာသည်ဆိုတော့ သားသမီးအရေးအနေကို ဘာတစ်ခုမှပြန်မကြည့်နိုင်ခဲ့။ ချောင်းတဟွပ်ဟွပ်ဆိုးရင်း အိပ်ရာထက်မှ လှမ်းမေးနေမိသည်။

"ဖေဖေ့သမီးလေ တက္ကသိုလ်တက်မယ်မှ မကြီးရသေးဘူး၊ ပြဿနာရှာနေပြီ"

"ခက်ပါတယ်ကွယ်၊ လာစမ်း သမီး၊ ဖေဖေ့နားကို လာခဲ့စမ်း"

ဦးအောင်ဇော်မှာ အားယူ၍ ထထိုင်ရင်း သမီးလုပ်သူ မေ့မရမျက်နှာကို စိုက်ကြည့်နေလိုက်မိသည်။

"သမီး ဘာတွေလုပ်နေလို့လဲ သမီးရယ်"

"သမီးကို ကြီးကြီးဒေါ်ထားခင်သားက တက္ကစီနဲ့ ကျောင်းလိုက်ပို့တာကို ကိုကိုကြီးက ဆူနေတာ"

"ဟင်"

ဦးအောင်ဇော် စိတ်ထဲ ထင့်ခနဲခံစားလိုက်ရသည်။ ဒေါ်ထားခင်သားက တက္ကစီနဲ့တောင် လိုက်ပို့တယ်တဲ့။

"သမီး"

ဦးအောင်ဇော် အသံက တုန်ယင်နေသည်။

"ရှင်...ဖေဖေ"

"သမီးကို ဖေဖေပြောမယ် သမီး၊ ဖေဖေ ပြောမယ့်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စကားကို သေသေချာချာ နားထောင်ပါ သမီးရယ်"

ဦးအောင်ဇော် ရင်ထဲ ဘယ်လိုမှမကောင်းတော့ပါ။ ပြောချင်နေသည့်စကားများကို ကြိုးစားပြီး ပြောလိုက်ရသည်။

"သမီးလေးရယ် ဖေဖေတို့ဘဝကို သမီးလေး သိပါတယ်၊ ဖေဖေတို့ဘဝတွေ နိမ့်ကျနေတဲ့အချိန်မှာ စိတ်ဆင်းရဲရမယ့် အဖြစ်အပျက်တွေကို ဖေဖေတို့ ရင်မဆိုင်ပါရစေနဲ့ သမီးရယ်၊ သမီးနဲ့ အဲဒီသူငယ်နဲ့ ချစ်ကြိုက်နေကြရင်လည်း ဖြတ်လိုက်နော် သမီး"

"အို"

မေ့မရတစ်ယောက် ခေါင်းလေးကို အဆက်မပြတ်ခါရင်း မျက်လုံးအိမ်ထဲက မျက်ရည်ပေါက်တွေ စီးကျလာတော့၏။

ဖေဖေရယ်...

ဖေဖေတို့အားလုံး သမီးကို အထင်လွဲနေကြပါပြီ။

"သမီး"

"ဟင့်...ဟင့်"

မေ့မရ ရှိုက်သံလေးက အဆက်မပြတ် ပေါ်ထွက်နေသည်။

"အဲဒီသူငယ်ကို သမီး ဖြတ်လိုက်နော်၊ သူတို့က အရမ်းချမ်းသာတယ်၊ ဖေဖေ့သမီးလေးက ဆင်းရဲတယ်။ တစ်နေ့ကျရင် သူတို့အားလုံးက သမီးလေးကို အထင်သေးပြီး ဝိုင်းနှိမ်ကြလိမ့်



မယ်"

"မဟုတ်ဘူး ဖေဖေ၊ ဖေဖေတို့ထင်တာတွေ တစ်ခုမှ မဟုတ်ဘူး၊ သမီးနဲ့ ကိုကိုနဲ့ ရိုးရိုးခင်ကြတာ"

ဦးအောင်ဇော်တစ်ယောက် ပင့်သက်ကိုသာ ချလိုက်ပါသည်။

"အင်းလေ၊ ရိုးရိုးသားသား ခင်ကြတာဆိုလည်း ဖေဖေ သမီးကို အပြစ်မပြောပါဘူးကွယ်၊ ဒါပေမဲ့ အနေအထိုင်ကိုတော့ သမီး ဆင်ခြင်နော်၊ ကိုကိုကြီးတို့ ကိုကိုလေးတို့ ပြောတဲ့စကားတွေကို သမီး သေသေချာချာ နားထောင်၊ ကြားလား သမီး"

"ဟုတ်ကဲ့...ကြားပါတယ် ဖေဖေ"

"ကဲ...သွားတော့၊ သမီး လုပ်စရာရှိတာလုပ်တော့၊ အင်း..သားကြီးလည်း ဝပ်ရှော့ကို သွားရဦးမယ်ဆို"

"ဟုတ်ကဲ့...ဖေဖေ"

မေ့မရတစ်ယောက် အခန်းထဲက ပြန်ထွက်တော့မယ့် အလုပ်

"မေ့မရ"

"ဟင်"

"လာစမ်း ဒီနားကို"

ကိုကိုကြီးက ခေါ်နေပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောတာ အမှန်ပဲနော်"

"မရ မလိမ်တတ်ဘူး"

"အေး...သွားတော့၊ နောက်တစ်ခါ တွဲပြီးသွားတာလာတာ ငါ လုံးဝမတွေ့ချင်ဘူး၊ တွေ့ရင်တော့ လက်သီးစာမိပြီမှတ်၊ ဟင်း"

ကြိမ်းဖြစ်အောင် ကြိမ်းလိုက်သေးသည်။

ကိုကိုရယ်...

မေ့မရှာဝကာ အဲဒီလို ဘဝပါ။ အဲဒါကြောင့်လေ ကိုကို့ကို မေ့မရ မချစ်ရဲဘူး ကိုကို၊ ဒါပေမဲ့ ကိုကိုရယ်။

□ □ □

[redacted]

## အခန်း [၂၁]

"ဟောဗျာ..ဒါက ဘယ်လိုဖြစ်ရတာလဲ"

မျက်မှောင်လေး ကျုံ့ကြည့်လိုက်သော ကိုကို့မျက်လုံးတွေကြောင့် မေ့မရ ဝိုလို့ငိုချင်သွားသည်။ ကိုကို့ကို မေ့မရ ရင်မဆိုင်ချင်တော့ပါ။ ကိုကို့နဲ့ မေ့မရ မဆုံစည်းချင်တော့ပါ။ ကိုကို့နဲ့ သူမသည် အလှမ်းကွာဝေးလွန်းသော အစွန်းတစ်ဖက်ဆီသို့ ရောက်ခဲ့ကြပြီပဲ။

"ဟော့...နေဦးလေ"

ဝဋ္ဋာက လှမ်းတားနေသော်လည်း မေ့မရ နောက်ကိုလှည့်မကြည့်တော့။ ခြံဝင်းအပြင်ဘက်ရောက်အောင် ခပ်သွက်သွက် လှမ်းထွက်လိုက်သည်။

"နေဦးဆိုတာ မကြားဘူးလား"

ကိုကို အမီလိုက်လာမှန်း သိသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



''ဒီမှာ''

ဘေးချင်းယှဉ်မိသည်နှင့် ကိုကို့အသံ မာထန်ထန်လေးကို ကြားရသည်။ မေ့မရ ရင်ထဲမှာ ဘယ်လိုမှ အောင့်အည်းမျိုသိပ်ထားနိုင်စွမ်း မရှိတော့ပါ။ မပြောမဆို ဆတ်ခနဲ ထိုင်ချလိုက်ပြီး အင့်ခနဲ ငိုချပစ်လိုက်သည်။

''ဟောဗျာ''

ထက်ဝဋ္ဌာတစ်ယောက် ဒုတိယအကြိမ်မြောက် မျက်လုံးဝိုင်းသွားရပြန်ပြီ။ ခက်ပါလား မေ့မရရယ်။

ကိုယ့် မင်းကို ဘယ်လိုနားလည်ရတော့မှာလဲဟင်။

''ဘယ်လိုဖြစ်တာလဲ ကလေးရယ်၊ ထပါ --လမ်းမကြီးမှာ လူမြင်လို့မကောင်းပါဘူး''

ကိုကိုက ချော့တော့မှ မေ့မရ ပိုလို့တောင်ငိုမိပြီ။

''ကိုကို မလိုက်နဲ့၊ မေ့မရနောက်ကို ဘယ်တော့မှ မလိုက်ခဲ့ပါနဲ့ ကိုကိုရယ်''

မေ့မရ ခေါင်းလေးခါပြီး ပြောမိသည်။

''မရရယ်''

ကိုကို့ထံမှ ပင့်သက်ချသံ တိုးတိုးလေး ပေါ်လာသည်။ ပြီးတော့ မေ့မရ ပခုံးလေးနှစ်ဖက်ကို ကြင်နာစွာဆုပ်ကိုင်သည်။

''ထနော် ကလေး။ မင်းကို ကိုကို စကားတွေအများကြီးပြောစရာရှိတယ်'' တဲ့။

ဩော်--ကိုကိုရယ်

အားလုံးကို မေ့မရ ရင်ထဲ အသည်းနှလုံးထဲမှာ နားလည်ထားပြီးသားပါ ကိုကို။ ကိုကိုပြောမယ့်စကားတွေ နားထောင်ခေါင်းညိတ်ရမယ့်ဘဝမျိုး မေ့မရမှာ မရှိတော့ပါဘူး ကိုကိုရယ်။ မျက်ရည်တွေကိုသုတ်ရင်း မေ့မရ မတ်တတ်ပြန်ရပ်လိုက်သည်။

''ကိုကိုလေ မရကို သနားတယ် သိလား''

မေ့မရ မျက်လုံးလေးတွေ ဖျတ်ခနဲ ဝိုင်းစက်သွား၏။ ကိုကို့မျက်နှာကို ချာခနဲ လှည့်ကြည့်လိုက်မိသည်။ ကိုကို့မျက်နှာကတော့ တည်တည်ငြိမ်ငြိမ်နဲ့ပါပဲ၊

''ဟိုလေ မရကို ကိုကို သနားတယ်လို့ပြောတာပါ မရ''

''ဒီမှာ ကိုကို''

''အင်း''

''မရကို ဘယ်တော့မှ မသနားနဲ့၊ သနားတယ်ပြောတာ မရကို အထင်သေးတာနဲ့အတူတူပဲ၊ ကိုကို့အသနားကိုခံဖို့ မေ့မရ လူဖြစ်လာတာမဟုတ်ဘူး''

''မာနကလည်း ကြီးလိုက်တာကွာ''

ကိုကို ခေါင်းကုတ်ရင်း ရယ်နေသည်။

''ကိုကို မလိုက်နဲ့တော့''





www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လို”

“ကိုကိုနဲ့ မရက ဘာမှမဆိုင်ဘူးဆိုတာလည်း သတိထားပါဦး ကိုကို၊ ကိုကို လျှောက်လိုက်နေတော့ လူတွေက မေမရကို ဘယ်လိုထင်မလဲ”

“ထင်ချင်တာ ထင်ပါစေ”

မေမရ ပြောင်ပဲပြောပစ်လိုက်သည်။ ကိုကိုကတော့ ခြေလှမ်း တစ်ချက် တုံ့မသွားပါ။

“ဒီမှာ ကိုကို”

“ပြောလေ”

“ကိုကို့ကို မေမရ မုန်းပစ်လိုက်ပြီ သိလား”

“ဟောဗျာ”

ဝဥ္စာတစ်ယောက် မျက်လုံးပြူးရပြန်ပြီ။ ဘုမသိ ဘမသိနှင့် မိမိကို မုန်းလိုက်ပြီဆိုပါလား။

“မုန်းတယ်၊ မုန်းတာမှ အရမ်းမုန်းတယ်”

“ဘာဖြစ်လို့ မုန်းတယ်ဆိုတာတော့ ပြောပြဦးမှပေါ့ မရရယ်၊ ကိုကိုကတော့ မရကို ချစ်ပါတယ်”

“အမ်”

“ဟုတ်တယ် မရ၊ အဲဒီစကားကိုပြောချင်လို့ တမင်ထွက်လိုက်တာ ... မေမရကို ကိုကို အရမ်းချစ်နေမိပြီ ချာတိတ်

[redacted]



ရယ်”

“အို”

မော့ထားသော မျက်နှာလေး အလိုလို ငုံ့ကျသွားသည်။ ကိုကိုက အရမ်းချစ်တယ်ဆိုပါလား။

“ဟင့်အင်း ... ဟင့်အင်း၊ ကိုကိုဟာကိုကို ချစ်ချစ် ချစ်ချစ် မရကတော့ ကိုကို့ကို မုန်းတယ်”

“ကိုကိုကတော့ ချစ်တယ်”

“ဟင့်အင်း၊ မချစ်နဲ့ ... မချစ်နဲ့”

“မရရယ် ကိုကို အခုပြောနေတဲ့ စကားတွေကိုယုံပါကွာ၊ ကိုကို မင်းကို တကယ်ချစ်တာပါ”

“မရကမှ မချစ်တဲ့ဟာကို”

“မလိမ်နဲ့နော်၊ မနေ့ညနေက မရ ငိုနေတာ ကိုကိုတွေ့ပါတယ်၊ ကဲ ... ဘာဖြစ်လို့ ငိုတာလဲဆိုတာ ပြောလေ”

“ငိုချင်လို့”

“ချာတိတ်ရယ် မင်းရင်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို ကိုကို နားလည်ပါတယ်ကွာ”

မေမရ ဘယ်လိုပြောရမှန်း မသိတော့ပါ။

“ကိုကိုလေ မေမရကို စတွေ့ခဲ့ရတဲ့နေ့ကစပြီး ကိုကို့ရင်ထဲမှာ လှုပ်ရှားခဲ့ရတယ်၊ တိတ်တိတ်လေး ခိုးချစ်ခဲ့ရတယ်ကွ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လည်း ယုံပါ မရ၊ ကိုကို မညာတတ်ပါဘူး”

မေ့မရ ရင်ထဲမှာ နင့်နင့်မောမောလေး ခံစားနေရသည်။ ကိုကို့လို မိမိသည်လည်း ကိုကို့ကို ချစ်နေမိပြီထင်သည်။

မနေ့ကတော့ မေ့မရ တိတ်တိတ်လေး မျှော်လင့်ခဲ့ရတာတွေ အားလုံး ပျက်စီးရပြီအထင်နဲ့ ငိုခဲ့ရတာပါ။

ကိုကိုရယ်..

မေ့မရ ဘယ်လိုဖြေရမှာတော့မှာလဲ။

□ □ □



နောက်တော့လည်း မေ့မရ ကြာကြာဟန်မဆောင်နိုင်တော့ပါ။ ကိုကို လိုချင်သော အဖြေကိုပေးပြီး ကိုကို့နဲ့ အပျော်ကြီး ပျော်ခဲ့ကြသည်။

“ကိုကို”

“ဟင်”

“ကိုကို့နဲ့မရ ချစ်သူတွေ ဖြစ်နေကြပြီနော်”

“အင်းလေ”

“မရ ကြောက်တယ် ကိုကိုရယ်”

“ဩော်...ကလေးရယ်”

“မရတို့အကြောင်းကို ကြီးကြီး သိသွားရင် မရတို့ကို ခြံထဲကတောင် မောင်းထုတ်မလား မသိဘူးနော်”

မေ့မရတစ်ယောက် အသံတုန်တုန်လေးနဲ့ ပြောနေမိသည်။ သူမဘဝကို သူမသာ အသိဆုံးမဟုတ်လား။ ကြီးကြီးထံမှ ခွင့်ပြုချက်ဖြင့် မိမိတို့မိသားစုလေး သည်ခြံမှာ ခိုကပ်နေခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ မိမိကြောင့် အသိုက်အမြုံလေး ပျက်ရရင်ဖြင့်··

"ကိုကို နားလည်ပါတယ် ချာတိတ်ရယ်၊ ကိုကို မင်းရှေ့မှာ အမြဲရှိနေမှာပါ၊ ဘာမှမစိုးရိမ်မနေနဲ့နော်"

ကိုကို အားပေးရင်း မေ့မရ လက်လေးကို တင်းတင်းကျပ်ကျပ်လေး ဆုပ်ကိုင်ထားသည်။ ပင့်သက်ကို ဖွဖွလေးချလိုက်မိသူက မေ့မရပါ။ ကိုကို့ရင်ခွင်ထဲ မေ့မရ ခေါင်းလေးတိုးလို့ဝင်လိုက်သည်။

အခုချိန်မှာတော့ ကိုကို့ရင်ခွင်သည်သာ မေ့မရအတွက် အေးချမ်းရာအရပ်၊ သောကဝေဒနာများကို မေ့ပစ်နိုင်စွမ်းရှိသောနေရာ။

ကိုကိုရယ်···

ကိုကို့ကို မေ့မရ အရမ်းချစ်ပါတယ်။ မေ့မရအချစ်ကို ကိုကို ယုံပါနော်။ ကိုကို့ကိုလည်း မေ့မရ ယုံပါတယ်။

□ □ □

[redacted]

## အခန်း (၂၂)

"ဒီမှာ မေ့မရ"

"ရှင်···ကြီးကြီး"

"ညည်းကို မေးစရာရှိလို့ တမင်ခေါ်ခိုင်းလိုက်တာ"

"မေး···မေးပါ ကြီးကြီး"

မေ့မရအသံလေးက သိသိသာသာ တုန်ခါသွားသည်။ မေးစရာရှိလို့တဲ့။ မျက်တောင် တဖျပ်ဖျပ်ပုတ်ရင်း ကြီးကြီး ခေါ်ထားခင် နှုတ်မှ ထွက်လာမည့်စကားကိုသာ မေ့မရ ရင်တထိတ်ထိတ်ဖြင့် နားစွင့်ထားလိုက်ရသည်။

"ညည်းနဲ့ ငါ့သားနဲ့ ချစ်နေကြပြီဆို"

"ရှင်"

မေ့မရ တစ်ကိုယ်လုံး သိမ့်ခနဲ မြောက်တက်သွားသလို ခံစားလိုက်ရသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟော့…ငါမေးနေတာကို ဖြေစမ်း၊ ဝဋ္ဌာနဲ့ ညည်း ချစ်သူတွေဖြစ်နေကြပြီဆို"

"မဟုတ်…မဟုတ်"

"စကားပြောရင် ကောင်းကောင်းပြောစမ်း၊ မျက်ရည်က ထွက်မလာနဲ့ဦး၊ ညည်းကို ငိုပြ ချွဲပြနိုင်းနေတာ မဟုတ်ဘူး"

မျက်လုံးအိမ်ထဲက စိမ့်၍ထွက်လာနေပြီဖြစ်သော ကျလုလု မျက်ရည်များကို အားတင်း၍ မေ့မရ ထိန်းလိုက်ရသည်။

"ဒီမှာ ညည်းဟာညည်း ငိုချင်ရင် နောက်မှငို၊ ငါမေး နေတာကိုပဲ မှန်မှန်ဖြေ၊ ဖြေလေ"

"ဟုတ်…ဟုတ်ပါတယ် ကြီးကြီး"

"ဟင်း…ဟင်း၊ ကောင်းတယ်…ကောင်းတယ် သိပ်ကောင်းတယ်၊ ငါထင်ထားတာတွေ အခုတော့ သွေးထွက် အောင်ကို မှန်နေပြီပေါ့"

"ရှင်"

"ညည်းကို ငါ ထပ်မေးမယ်၊ ညည်း ဝဋ္ဌာကို ဘယ် လောက်ချစ်သလဲဆိုတာ ငါ့ကိုပြောစမ်း၊ မရှက်ပါနဲ့၊ ငါက ရှင်းရှင်း လင်းလင်းသမား"

"ဟို…ကြီးကြီး"

"ဟော့…ပြောစမ်းပါဆို၊ ဘာ ကြောက်သလို ရှုံ့သလို



လုပ်နေတာလဲ၊ ညည်းရင်ထဲမှာရှိတဲ့ စကားတွေ အားလုံးပြော၊ ငါ နားထောင်မယ်၊ ပြောလေ"

"မေ့…မေ့မရလေ ကိုကို့ကို အရမ်းချစ်…ချစ်ပါတယ် ကြီးကြီး"

မေ့မရ အသံလေးတွက ကြောက်ကြောက်ရွံ့ရွံ့နဲ့ တုန်တုန် ရီရီလေး ထွက်လာသည်။

"အေး…ဟုတ်ပြီ"

ခေါင်းလေးငုံ့ပြီး ပြောနေရသော်လည်း မေ့မရ တစ်ကိုယ် လုံး တဆတ်ဆတ် တုန်နေသည်။

"ဒါ ငါသိတယ် မေ့မရ၊ ညည်း ဒါကိုထည့်မပြောနဲ့၊ ညည်း ဘယ်လောက်ချစ်တယ်ဆိုတာကို သိချင်လို့ ငါမေးနေတာ၊ ဆက်ပြောစမ်း ညည်းရင်ထဲက အချစ်တွေကို"

"မေ့မရ ကိုကို့ကို တကယ်ချစ်တာပါ ကြီးကြီး၊ မရ လေ ကိုကို့လောက် ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးပါဘူး"

"အင်း…အင်း"

"မရ…မရ အဲဒီလောက်ပဲ ပြောတတ်တယ် ကြီးကြီး"

"ယော"

ခေါ်ထားခင် မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် မေ့မရ လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

[redacted] [redacted]

www.burmeseclassic.com



"ငါ မယုံဘူး မေ့မရ၊ ညည်း အပြောကောင်း အခွဲကောင်းလို့ ငါ့သားက ညည်းကို ချစ်သွားတာနေမှာပေါ့ဟဲ့"

"ရှင်"

မေ့မရ တစ်ကိုယ်လုံး သိမ့်ခနဲ တုန်ခါသွားရပြန်ပြီ။ သည်စကားက မိမိရဲ့နှလုံးသားကို ထိပါးစော်ကားလိုက်သော စကားတစ်ခွန်းမဟုတ်လား။

"ဘာလဲ…ငါက ဒီလိုပြောလိုက်လို့ ညည်းက ဆတ်ဆတ်ခါ နာသွားတယ်ပေါ့လေ၊ ဒီမှာ"

ဒေါ်ထားခင် မျက်ဝန်းတွေ မီးဝင်းဝင်းတောက်နေပြီ။ မိမိကို ကြည့်နေသော အကြည့်ကပင် ပြာကျသွားစေနိုင်သော အကြည့်။

"လူဆိုတာ ကိုယ်နဲ့တန်ရာတန်ရာကိုသာ မှန်းရတယ်၊ ညည်းက ငါ့သားစီးတဲ့ ဖိနပ်တစ်ရန်စာလောက်တောင် တန်ဖိုးရှိလို့လား၊ ဟင်း..ဟင်း..တော်တော်လာတဲ့ မိန်းမလည်မ"

"အို"

မေ့မရ အသားတွေ တဆတ်ဆတ်တုန်သွားရပြီ။ မေ့မရ အံလေးကိုကြိတ်၍ နှုတ်ခမ်းကို ဖိကိုက်ထားမိသည်။

"ညည်း ငါ့ရှေ့က အခုထွက်သွားစမ်း မေ့မရ၊ ညည်းတို့ အားလုံးမျက်နှာကို ဒီနေ့ကစပြီး ငါ မမြင်ချင်တော့ဘူး"





"မေ့မရ ရှင်းပြပါရစေဦး ကြီးကြီးရယ်"

"ညည်း ငါ့ကို ဘာမှထပ်မပြောနဲ့တော့"

မေ့မရ လှမ်းဆွဲလိုက်သော လက်ကို ဒေါ်ထားခင် နားမှာ ကြည်းကြည်း ပုတ်ချသည်။ ပြီးတော့ မေ့မရ မထင်မှတ်ထားသော အရာကို လုပ်ချလိုက်၏။

"ဖြန်း"

"အား"

မေ့မရကိုယ်လေး ချာချာလည်ကာ ကြမ်းပြင်ပေါ်သို့ ခွေခနဲ ပုံလဲကျသွားသည်။

"ဟာင်…မေမေ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ထိတ်လန့်အံ့သြသွားရသူက ကိုကိုပါ။

"ဟော့ကောင်…မင်းနေရာမှာမင်းနေ၊ သူ့ကို ဘာမှ တောင်းပန်နေစရာမလိုဘူး"

"ဘယ်လိုဖြစ်တာလဲ မေမေရယ်"

"ဘယ်လိုဖြစ်ရမှာလဲ၊ ရေချိုးခန်းထဲမှာ ကျန်ခဲ့တဲ့ မေမေ့ စိန်လက်စွပ်ကို ခိုးလို့လေ"

"ဗျာ"

ဝဠာရှေ့က မြင်ကွင်းအားလုံး ချာချာလည်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့မရက မေမေ့စိန့်လက်စွပ်ကို ခိုးလို့တဲ့။

"ဟင်း...ဟင်း၊ မေမေသာ အချိန်မီမသိရင် ပါသွားပြီ သိလား၊ ဟဲ့...သူခိုးမ"

"ဘုရား...ဘုရား"

မေ့မရတစ်ယောက် ဘုရားကိုသာ တမိနေပါသည်။ မိမိသည် ချက်ချင်းပင် ယုတ်ညံ့နိမ့်ကျသော သူခိုးမတစ်ယောက် ဖြစ်သွားရသည်။

"နောက်နောင် ညည်း ငါ့အိမ်ထဲ ဝင်ထွက်စရာမလိုတော့ဘူး"

ဒေါ်ထားခင်ပြောနေသော စကားသံများကို သူမ နားမဝင်တော့၊ မကြားတစ်ချက် ကြားတစ်ချက်ဖြင့်။

မေ့မရကို အကြည့်စူးစူးတို့ဖြင့်ကြည့်ကာ ကိုကို ချာခနဲ လှည့်ထွက်သွားသည်။

ကိုကိုရယ်...

ကိုကို မေ့မရကို နာကြည်းသွားပြီအား။ အထင်သေး သွားပြီလား။

ပြီးတော့ ကိုကို့နောက် လိုက်သွားသည့် ဒေါ်ထားခင် ခြေသံ။ အခုမှပင် မေ့မရတစ်ယောက် ရှိုက်ကြီးတငင် ငိုချပစ် လိုက်မိတော့သည်။

[redacted]



ကြီးကြီးရယ်...

ရက်စက်လိုက်တာ။

□ □ □

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၉]

"အဲဒီသစ်ပင်မှာ ကပ်လိုက်စမ်း မေ့မရ"

သော်ဇင့်အသံတွေ တုန်နေပါသည်။ သော်ဇင့်မျက်နှာ တစ်ခုလုံး ဒေါသကြောင့် နီမြန်းနေသည်။ သော်ဇင့် တစ်သက်နဲ့ တစ်ကိုယ် သည့်မျှလောက် ရင်တွေမလှုပ်ရှားခဲ့ဖူးပါ။ အခုတော့ သော်ဇင့်အသည်းနှလုံးတွေ တစ်စစီ ကွဲကြေမတတ် ဖြစ်နေရပြီ။

"ဟော့...သစ်ပင်မှာ ကပ်ထားဆိုတာ မကြားဘူးလား"

"ကြား...ကြားပါတယ် ကိုကိုကြီး"

"ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း"

နှုတ်ခမ်းနှစ်ခုကို ခပ်တင်းတင်းဖိကိုက်၍ ကိုကိုကြီး မျက်နှာကို မေ့မရ လှမ်းကြည့်လိုက်သည်။ ကိုကိုကြီး မျက်လုံးတွေ ရဲနေသည်။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေသည်။





"နင့်မှာ အရှက်ဆိုတာရော ရှိသေးရဲ့လားဟင်၊ နင် ဘယ်လိုမိန်းမစားလဲ၊ ငါ့ကိုပြောစမ်း"

ကိုကိုကြီးအသံက တစ်ခြံလုံးကြားအောင် ဟိန်းထွက်နေသည်မို့ ခြံထဲကလူတွေအားလုံး သစ်ပင်အောင်ကို ရောက်လာကြသည်။ အနားကိုတော့ ဘယ်သူမှမကပ်ရဲကြ။ ခပ်လှမ်းလှမ်းကသာ အခြေအနေကို အကဲခတ်ကြည့်နေကြသည်။

"ငါတို့မျိုးရိုးမှာ သူခိုးမရှိဘူး၊ ငါတို့သွေးက သူခိုးသွေး မပါဘူး၊ ပါရင်လည်း ပါတဲ့သွေးကို ဖောက်ထုတ်ပစ်မယ်၊ နင် နားလည်လား"

သော်ဇင်မှာ အရူးတစ်ယောက်လို ဖြစ်နေရှာသည်။ ရှက်စိတ် ဒေါသစိတ်ကြောင့် ထူပူပြီး အော်ဟစ်နေမိသည်။

မေ့မရ စိတ်ကိုတင်းလိုက်၏။ ရင်ထဲမှာရှိနေသော စကားကို ပြောချပစ်လိုက်သည်။

"ဒီမှာ ကိုကိုကြီး"

ကိုကိုကြီးက နီရဲနေသော မျက်လုံးများဖြင့် သူမမျက်နှာကို လှမ်းကြည့်သည်။

"ညီမလေး သူများပစ္စည်းကို ဘယ်တော့မှမခိုးဘူး၊ ခိုးမိရင်လည်း ကိုကိုကြီး သတ်စရာမလိုဘူး၊ ညီမလေးကိုယ် ညီမလေး သတ်သေပစ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်၊ နင် မခိုးဘူး ဟုတ်လား၊ နင် မခိုးဘဲနဲ့ ဒေါ်ထားခင် လာမတိုင်ဘူး"

"အဲဒါ ယုတ်မာပြီးပြောတာ"

"ဘာရယ်"

ကိုကိုကြီး မျက်မှောင်တန်းနှစ်ခု ဆတ်ခနဲ စုတက်သွားသည်။

"ဟော့..ဟော့..ညည်းက ငါ့ကိုဘာပြောတာလဲ"

"ဟင်"

ဒေါ်ထားခင်။

ခါးကြီးထောက်ပြီး စံပယ်အိုးပုတ်ပင်တွေနောက်က ထွက်လာသည်။

"မေ့မရ မခိုးလို့ မခိုးဘူးပြောတာ ဘာဖြစ်လဲ၊ မကျေနပ်လည်း မတတ်နိုင်ဘူး"

မေ့မရ ရင်ထဲကဝေဒနာတွေ ပေါက်ကွဲခဲ့ရပြီ။ မာနကို မေ့ထားခဲ့သော မေ့မရ၊ ဆတ်ဆတ်ထိမခံတတ်သော စိတ်ဓာတ်များကို ရင်ထဲမှ မောင်းထုတ်ဖယ်ရှား၍ ဘဝအတွက် နေစရာလေး တစ်ခုအတွက် အားလုံးကို ခေါင်းငုံ့အရှုံးပေးထားခဲ့သော မေ့မရ။

အခုတော့ မေ့မရ ရင်ထဲက မာနတွေ ခေါင်းထောင်ထခဲ့ရပါပြီ။

[redacted]



"ဟယ်...ကြည့်စမ်း..ကြည့်စမ်း မိုက်ရိုင်းလိုက်တာ၊ ငါ့ကိုများ အော်လား ဟစ်လားနဲ့၊ သော်ဇင် မင်းနှမကို မင်းပြောစမ်း"

"ဒါတွေအားလုံး ကိုကိုကြီးနဲ့ဘာမှမဆိုင်ဘူး ကြီးကြီး၊ ကြီးကြီးဟာ လူကြီးတစ်ယောက်၊ ကြီးကြီးကို လေးစားပါတယ်၊ ရှိသေပါတယ်၊ ဒါပေမဲ့ အခုတော့ အဲဒါတွေအားလုံး မေ့ပစ်လိုက်ပြီ"

"အောင်မယ်...ကြီးကျယ်လိုက်တာ"

ဒေါ်ထားခင် မျက်နှာကြီး ရဲတွတ်သွား၏။ မေ့မရစကားက ဒေါ်ထားခင်၏ သိက္ခာတရားကို တိုက်ရိုက်ထိပါးလိုက်ပြီ မဟုတ်လား။

"ဒီမယ် မောင်သော်ဇင်၊ ငါ အခုဆင်းလာတာ မင်းကို ပြောစရာတစ်ခုကျန်ခဲ့လို့ ဆင်းလာတာ၊ မင်းနှမနဲ့ ငါ့သား ထက်ဝဏ္ဏနဲ့ ကြိုက်နေကြတဲ့ကိစ္စ"

"ဘယ်လို"

သည်စကားက မိမိ မထင်မှတ်ခဲ့သော စကားပါလား။ သော်ဇင့်တစ်ကိုယ်လုံး ကျောက်ရုပ်တစ်ရုပ်လို တောင့်တင်းအေးစက်သွားရပြန်သည်။

"ဘာလဲ...မင်း သိပ်အံ့ဩသွားပြီလား၊ ဟုတ်တယ်၊

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မင်းနှမနဲ့ ငါသားနဲ့ ကြိုက်နေကြတယ်၊ ဒီမှာ မင်းတို့သိအောင် ရှင်းရှင်းပြောရရင် ငါသားနဲ့တူတဲ့ တန်တဲ့ လိုက်ဖက်တဲ့ မိန်းကလေး တစ်ယောက်နဲ့ ပေးစားဖို့ ငါစီစဉ်ထားတယ်၊ ဒီအခြေအနေမှာ ငါစီစဉ်ထားတာတွေကို ဘာတစ်ခုမှ အပျက်မခံနိုင်ဘူး၊ အဲဒီတော့ မင်းနှမ မေ့မရကို မင်းရအောင်ထိန်းပါ၊ ငါသားကို ငါထိန်းမယ်"

"ကြီး..ကြီးကြီးပြောတာ ဟုတ်...ဟုတ်လား မေ့မရ"

ကိုကိုကြီးအသံက ထစ်ထစ်ငေါ့ငေါ့ ထွက်လာသည်။ မေ့မရ ခေါင်းမမော့နိုင်တော့ပါ။ မိမိကိုယ်တိုင် ခေါ်ထားခင် ရှေ့မှာ ဘယ်လိုဖြေရမှန်းမသိတော့။ မေ့မရမှာ အပြစ်ရှိနေပြီ။

"မေးနေတာ မကြားဘူးလား"

"ကြား...ကြားပါတယ်"

"ကြားရင် ဖြေလေ၊ နင်...နင်"

ကိုကိုကြီး ရှေ့တိုးလာသည်။ နောက်ကို ဘယ်လိုမှ မေ့မရ ဆုတ်မရတော့။ နောက်မှာ ပိတောက်ပင်ကြီးက ပိတ်ခံနေပြီမဟုတ် လား။

"ဖြန်း"

"အို"

မထင်မှတ်ဘဲ ရိုက်လိုက်သောကြောင့် ထူခနဲ ပူသွားသော ပါးပြင်တစ်ဖက်ကို လက်ဖြင့်ဖိကာ မေ့မရ အံ့ကြိတ်ရင်း မျက်လုံးကို





မှိတ်ထားလိုက်သည်။

ညီမလေးကို ဘယ်တုန်းကမှ လက်ဖျားနဲ့တောင် မတို့ဖူး သော သော်ဇင်၊ အခုတော့ ရက်ရက်စက်စက် ပါးရိုက်၍ ဆုံးမ ခဲ့သည်။

"အဲဒါမှတ်ပြီလား မေ့မရ၊ နင် နောက်ကို အဲဒါတွေနဲ့ တော်ပတ်သက်သက် လုပ်ဦးမလား၊ နင့်မှာ ချစ်စရာ ကြိုက်စရာ ဒီလောက်တောင် ရှားနေပြီလား၊ ပြောစမ်း..ငါ့ကိုပြောစမ်း"

ပြန်မဖြေဖြစ်။

"ဖြန်း"

"အား"

"သမီး"

မျက်လုံးထဲ မိုက်ခနဲဖြစ်သွားစဉ် ဖေဖေ့အသံကို မေ့မရ ကြားလိုက်ရသည်။ မျက်လုံးကို အားယူဖွင့်ကြည့်လိုက်တော့ ကိုလေး သော်မော်ကိုတွဲရင်း မိမိတို့ရှိရာဘက်သို့ ကြိုးစားလျှောက် လာသော ဖေဖေ။

"သားကြီးရယ် ဒီလောက်ရိုက်ရရင် ကျေနပ်ပါတော့ ကွာ၊ သမီး..လာ..ဖေဖေ့ဆီကိုလာ"

"မသွားနဲ့"

ကိုကိုကြီးအသံက ဟိန်းထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟင်း…ဟင်း…သူ့မှာအပြစ်ရှိလို့ ဆုံးမတာ
ဦးအောင်ဇော်ရယ်''

''ဟင်…သိ…သိတာ''

ကြားလိုက်ရသောအသံကြောင့် ဦးအောင်ဇော် တစ်ကိုယ်လုံး စကြာဝဠာအပြင်ဘက်သို့ လွင့်ထွက်သွားမတတ် ခံစားလိုက်ရသည်။

''ဟုတ်ပါတယ် ဦးအောင်ဇော်၊ ကျွန်မ မသိတာပါ''

''မင်း…မင်း…ဘယ်လိုလုပ်''

''ကျွန်မ ဒီခြံပိုင်ရှင် ဒေါ်ထားခင်လေ''

''ဒေါ်ထားခင်''

''ဟုတ်တယ်လေ၊ တစ်ခါတုန်းက ရှင်တို့ပိုင်တဲ့ ယော
သဇင်မြိုင်ခြံကြီးကို မရမက ကြိုက်ဈေးပေးပြီး ဝယ်လိုက်တာလေ''

''ဟင်''

ထပ်ဆင့် အံ့ဩရပြန်ပြီ။ သဇင်မြိုင်ခြံကြီးကို ဝယ်လိုက်တာတဲ့။ လူကို မမြင်ဖူးသော်လည်း ဒေါ်ထားခင် ဝယ်လိုက်တ
ဆိုတာတော့ သိထားခဲ့သည်။ မိမိက အိပ်ရာထဲမှာ အမြဲလဲနေ
သူဆိုတော့ ဒေါ်ထားခင်သည် သီတာဖြစ်နေမှန်း မသိခဲ့ပါချေ

''သီတာရယ် ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ်တို့ အ
ကျုပ်တို့''



ဦးအောင်ဇော် အသံက ထစ်ငေါ့တုန်ရီစွာ ထွက်ကျလာသည်။ သည်စကားတွေနှုတ်မှ ထောင်ပြီး တစ်ခွန်းမှ ဝင်မပြောနိုင်သူတွေက မေ့မရတို့ မောင်နှမသုံးယောက်ပါ။

''ဘာဖြစ်လဲ ဦးအောင်ဇော်၊ အခု ကျုပ်တို့ ဘာဖြစ်နေပြီလဲ၊ သူများပိုင်တဲ့ခြံ သူများပိုင်တဲ့အိမ်မှာ ကပ်နေရတဲ့ဘဝကို ရောက်နေပြီလို့ ရှင်ပြောချင်တာလား၊ ဟင်း…ဟင်း…အဲဒါ သံသရာလည်တာပေါ့ ဦးအောင်ဇော်ရယ်၊ သံသရာလည်တာပေါ့''

မှုးမိုက်လဲကျမတတ် ဖြစ်သွားသော ကိုယ်ကို သားငယ်ပခုံးကိုဖမ်းဆုပ်ရင်း ကြိုးစားထိန်းလိုက်ရသည်။ သံသရာလည်တာတဲ့။

ဘုရား….ဘုရား

ဦးအောင်ဇော် နှုတ်ခမ်းတွေ တဆတ်ဆတ်လှုပ်လာသည်၊ အသားတွေ ပူခြစ်တောက်လောင်လာသည်။

''ကျုပ်…ကျုပ်…မသိတာကို တောင်းပန်နေပါတယ်၊ ကျုပ်ကို ခွင့်လွှတ်ပါ၊ ကျုပ်တို့ အရင်လို''

''တော်စမ်းပါရှင်၊ ဟောဒီကမ္ဘာပေါ်မှာ နေနဲ့လ ပြောင်းပြန်ဖြစ်သွားဦးမယ်ဆိုတောင် ကျွန်မဘဝကို တစ်စစီ တစ်မွှင်စီဖြစ်အောင် ထုထောင်းနှိပ်စက်ခဲ့တဲ့ ရှင်တို့မိသားစုကို ကျွန်မ ဘယ်လိုမေ့ပစ်ရမလဲ ဦးအောင်ဇော်၊ ပြောစမ်းပါရှင်''

www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်"

ဦးအောင်ဇော် နှုတ်မှ ဆက်လိုက်ရမည့် စကားတွေအားလုံး လည်ချောင်းထဲမှာတင် နစ်ဝင်ကြေပျက်သွားသည်။

"အခု ရှင့်သမီးနဲ့ ကျွန်မသားနဲ့ ချစ်ကြိုက်နေပြီ ဦးအောင်ဇော်"

"ဟင်"

သည်စကားက ဦးအောင်ဇော်၏ နှလုံးသားကို တစ်စီ ဖြစ်အောင် ဖဲ့ခြွေယူလိုက်သော စကားတစ်ခွန်းပါလား။

"အရိပ်နေနေ အခက်ချိုးချိုး၊ သားရေပေါ်အိပ် သားရေ နားစားချင်တဲ့ ရှင်တို့မိသားစု ကျွန်မခြံထဲမှာ ဘယ်လိုမှဆက်ပြီး မထားနိုင်တော့ဘူး၊ ရှင်တို့အားလုံး တစ်ပတ်အတွင်း ပြောင်းဖို့ အဆင်သင့်လုပ်ပါ၊ ရှင်တို့မျက်နှာတွေကို ကျွန်မ မကြည့်ချင်တော့ ဘူး"

ပြောပြီး ချာခနဲ လှည့်ထွက်သွား၏။

အရုပ်ကြိုးပြတ်သလို ခံစားကျန်ရစ်ခဲ့ရသူက ဦးအောင်ဇော်။

သီတာရယ် မင်းနဲ့ကျူပ်ဘဝ ဒီတစ်သက် ပြန်တွေ့ရလိမ့် မယ်လို့ ကျူပ် ဘယ်တုန်းကမှ မတွေးမိခဲ့ရပါလားကွာ။ ကျူပ်လေ ကျူပ်... ရင်ထဲနင့်တက်လာသည်။ မျက်လုံးကို စုံမှိတ်ပစ်လိုက်

[redacted]



၏။ သီတာရယ် ကျူပ်ကို ခွင့်လွှတ်ပါ။ ကျူပ် မင်းကိုတောင်းပန် ပါတယ်။ မေ့မရကတော့ ကိုယ်လေး သိမ့်သိမ့်တုန်အောင် ငိုရှိုက် နေမိပြီ။

□ □ □

[redacted]

www.burmeseclassic.com

## အခန်း [၂၄]

''ဘာ. ဘာပြောတယ်၊ ဒီလို လူယုတ်မာအသိုင်းအဝိုင်းက မွေးဖွားဆင်းသက်လာတဲ့ သွေးကို မင်းက မမုန်းရက်ဘူးဟုတ်လား၊ ပြောလိုက်စမ်းပါ မင်း ငါ့ကို ပြန်ပြောလိုက်စမ်းပါ''

ယခုအချိန်ထိ ထက်ဝဏ္ဏ မလှုပ်မိသေးပါ။ မိခင်ဖြစ်သူ ဒေါ်ထားခင်ရှေ့မှာ ခေါင်းငုံ့ရင်း ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေမိ၏။

''ဒီမှာ သား၊ မင်းကို မေမေပြောမယ်၊ မေမေ့စကားကို ဆုံးအောင်နားထောင်ပြီးမှ မင်းကြိုက်သလိုမေး''

ဒေါ်ထားခင် အသံထဲမှာ နာကြည်းကြေကွဲသံတွေ ပါနေသည်။ အသက်ရှူသံကပင် မမှန်ချင်။ မျက်လုံးတွေထဲမှာ မီးတောက်မီးလျှံတွေ တောက်လောင်ကျွမ်းမြိုက်နေပြီလား ထင်ရ၏။

''ဟိုတစ်နေ့က မေမေ့လက်စွပ်ကို ခိုးတယ်လို့ မေမေ



ပြောခဲ့တယ်မဟုတ်လား၊ အဲဒါ မေမေ မတရားပြောတယ်ဆိုတာ ...ည်း မင်းဟာမင်း စုံစမ်းလို့ သိခဲ့ပြီးပြီ၊ မေမေ့မှာ အကြောင်း ...တာပေါ့ သားရယ်၊ အကြောင်းရှိလို့ ဒီစကားကို မေမေပြောခဲ့ ...တာပေါ့''

ဘာတစ်ခုမှကို ဝဏ္ဏ နားမလည်ပါ။ ဝဏ္ဏ သိတာက ...ခင်ဖြစ်သူ ဒေါ်ထားခင် ချစ်သော မရကို မမှန်မကန်လုပ်ကြံ ...စွပ်စွဲခဲ့သည်ကိုသာ သိထားသည်။ အခုတော့ မေမေ့မှာ အကြောင်း ...လို့ ဒီစကားတွေကို ပြောခဲ့ရတာပါတဲ့။ ဝဏ္ဏတစ်ယောက် ဘာကို ...ယ်လိုနားလည်ရမှန်းမသိတော့။ ဆက်လာမည့် မေမေ့စကားကို ...ာ နားစွင့်ထားလိုက်မိသည်။

''ဒီမှာ သား၊ ဟောဒီ ကမ္ဘာလောကကြီးထဲမှာ ငွေမရှိ၊ ...ညာမရှိလို့ ဒုက္ခပင်လယ်ဝေပြီး လူချမ်းသာ အသိုင်းအဝိုင်း ...စ်ခုထဲမှာ ဘဝပျက်ခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ကို သား ...င်ဖူးရဲ့လား၊ သား မမြင်ဖူးရင် ကြည့်လိုက်၊ အဲဒီမိန်းကလေးဟာ ...မေမေပဲ''

''ဗျာ''

ဝဏ္ဏ ရင်ထဲ နင့်ခနဲခံစားလိုက်ရသည်။ မေမေဟာ ...ချမ်းသာအသိုင်းအဝိုင်းတစ်ခုထဲမှာ ဘဝပျက်ခဲ့ဖူးတဲ့ မိန်းကလေး ...။ မေမေ့မျက်နှာကို အံ့အားတသင့် လှမ်းကြည့်နေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား မေမေရာ၊ သားတော့ ဘာမှနားမလည် တော့ဘူး"

"သားကတော့ ဘယ်နားလည်ပါ့မလဲ၊ ဒီလောကကြီး တစ်ခုလုံးမှာ ဒါတွေကိုနားလည်နိုင်တာ မေမေနဲ့ မေ့ဖေရတို့အဘ ဦးအောင်ဇော်ပဲ ရှိတော့တယ် သား"

မေမေက ခန်းဆီးလိုက်ကာမှ ထွင်းဖောက်မြင်နေရသော သစ်ပင်အုပ်များဆီသို့လှမ်းကြည့်ရင်း စကားကို တစ်ခွန်းချင်း ပြော သည်။ နားထောင်ရင်း ရင်တွေ တလှပ်လှပ်တုန်လာခဲ့ရသူ ထက်ဝဠာ။ မေမေ့ဘဝ အတိတ်ကြောင်းက ဘယ်တော့မှ ဟောင်းနွမ်းဆွေးမြည့်မသွားနိုင်သော အတိတ်ဇာတ်ကြောင်းတစ် ပါလား။

"အဲဒီတုန်းက မေမေ့အသက်ဟာ ဆယ့်ခြောက်နှစ် ရှိသေးတယ် သား၊ မေမေနဲ့ သားဘဘကြီးတို့ နှစ်ယောက်တည်း မြို့ကိုတက်လာပြီး ခြံကြီးတစ်ခြံရဲ့ သူဌေးလင်မယားနှစ်ယောက် ဆီမှာ အိမ်ဖော် မာလီ အလုပ်ကို ဝင်လုပ်ခဲ့ရတယ်။ အဲဒီခြံကတော့ အခု မေမေဝယ်ထားတဲ့ မေမေတို့ အခုနေနေတဲ့ သဇင်မြိုင်ခြံ သား"

"ဗျာ"

◻ ◻ ◻

"ဟဲ့...သီတာ"

"ရှင်..လာပါပြီ မေမေကြီး"

"အဲဒါ လက်ကမြင်းဦး"

"ခွပ်"

"အား..နာလိုက်တာ"

သီတာမှာ မထင်မှတ်ဘဲ ထိပ်ကို ခွပ်ခနဲ အခေါက်ခံ လိုက်ရသဖြင့် ခေါင်းထဲ ပွခနဲဖြစ်သွားပြီး မျက်ရည်များပင် ချက်ချင်း စီးကျလာသည်။

"တိုက်ဘေးက အုတ်နံရံမှာ ဘာတွေလျှောက်ရေးထား တာလဲ၊ ဒါ ညည်း လက်မြင်းစရာ နေရာလား၊ အခုချက်ချင်း သွားဖျက်စမ်း"

"ဟုတ်...ဟုတ်ကဲ့ မေမေကြီး"

အပြေးလေး ထွက်လာရသည်။

"ဟဲ့...သီတာ ဘယ်လိုဖြစ်လာတာလဲ၊ မျက်ရည်တွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း ရွဲလို့ပါလား"

မိမိတို့နှင့်ဘဝတူ အလုပ်သမား ဒေါ်လေးကြိုင်၏ အမေးစကားကိုပင် သီတာ မဖြေနိုင်တော့ပါ။ သီတာက စာအရမ်းတတ်ချင်တာ၊ ရေးတတ် ဖတ်တတ်ရုံလောက်တော့ တတ်ပေမယ့် စာကို အမြဲတမ်း ရေးချင်ဖတ်ချင်နေခဲ့တာ။ စာရေးစရာ စက္ကူမရှိတော့ တိုက်သားနံရံမှာ စာရေးစာဖတ် လေ့ကျင့်ခဲ့ရသော သူမ။ အခု သူမ ရေးထားတဲ့ စာတွေကို ဖျက်ရတော့မယ်တဲ့။ သူမ ရေးနေကျ တိုက်ဘေးကိုရောက်သည်နှင့် ရေးထားခဲ့သော စာတန်းတွေကို မျက်ရည်များကြား နောက်ဆုံးအကြိမ်ဖတ်မိသည်။

"ကျွန်မနာမည်မှာ မသီတာ ဖြစ်ပါသည်။ ကျွန်မအဖေ၏ နာမည်မှာ ဦးကျော်သိန်း ဖြစ်ပါသည်။ ကျွန်မတွင် အမေ မရှိတော့ပါ။ ကျွန်မနှင့်ဖေဖေသည် သဇင်မြိုင်ခြံကြီးတွင် အလုပ်လုပ်နေကြပါသည်။"

"ဟဲ့...မိသီတာ ခုထိမဖျက်သေးဘူးလား၊ အောင်မယ်.. ညည်းက ငါပြောတာနဲ့ အရည်က ထွက်သေးတယ်ပေါ့လေ၊ ဖျက်.. အခုရအောင်ပြန်ဖျက်၊ ဟင်း...ငါ ထပ်ရိုက်ရရင် သေတော့မှာပဲ"

မျက်ရည်များကို ပွတ်သပ်ဖယ်ရှားလိုက်ရင်း တိုက်နံရံပေါ်က စာတွေကို ကြောက်ကြောက်လန့်လန့်နှင့် သီတာ ဖျက်



လိုက်ရသည်။

"ညည်း နောက်တစ်ခါ ထပ်ရေးရင်တော့ သေပြီသာမှတ်၊ ဟင်း"

ဒေါ်သဇင်တစ်ယောက် စိတ်အတိုကြီး တိုနေမိသည်။ ရေးစရာရှားလို့ တိုက်နံရံပေါ်မှာ စာလာရေးရသတဲ့။ မတော် ဧည့်သည်တွေ ဘာတွေလာလို့ မြင်သွားရင် အခက်။ တော်တော် အလိုက်ကန်းဆိုးမသိတဲ့ ဟာမလေး။ သနားလို့ခေါ်ထားပါတယ်။ နေတာထိုင်တာကအစ တစ်စက်မှကြည့်လို့မရ။

"ဟင်း"

ပင့်သက်ကို ဟင်းခနဲချပြီး တိုက်ပေါ်ပြန်တက်လာခဲ့သည်။

"သားရေ...ကိုဇော်"

"ဗျာ...မေမေ"

"လာစမ်း ဒီနားကို"

ဒေါ်သဇင်က တစ်ဦးတည်းသော သားဖြစ်သူ အောင်ဇော်ကို အနားသို့ လှမ်းခေါ်လိုက်သည်။

"မင်းနော် ဟိုကောင်မလေး သီတာနဲ့ သိပ်ရောရော နှောနှော မနေနဲ့၊ ဟင်း...ငါ မကြိုက်ဘူး"

သားအသက်က ဘာပဲပြောပြော လူပျိုပေါက်အရွယ်တောင် ဖြစ်နေပြီ။ သိပ်စိတ်ချလက်ချ လွှတ်ထားလို့မဖြစ်တော့။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဟို မိသီတာကလည်း အပျိုပေါက်။

"သား ဘယ်လိုနေလို့လဲ မေမေရာ"

"ဟော့..မင်းကို အနေအထိုင်ဆင်ခြင်ဖို့ပဲ မေမေပြောနေတာ၊ သီတာနဲ့ ရောနှောနေဟာ သိပ်မကြိုက်ဘူး၊ အိမ်ဖော်ဟာ အိမ်ဖော်လိုပဲ နေပါစေ၊ အိမ်ဦးခန်း မတက်စေနဲ့"

အောင်ဇော် ငြိမ်သွားသည်။ ဘယ်လိုဖြစ်မှန်းတော့မသိ။ ဒီခြံထဲမှာ သက်တူရွယ်တူဆိုလို့ သီတာတစ်ယောက်သာ ရှိတာမဟုတ်လား။ အောင်ဇော် သူ့ကို ခင်မိပါသည်။ သို့သော် အနိုင်ကျင့်လို့ရလို့ ခင်တာပဲဖြစ်မည်ထင်သည်။

သီတာအတွက်ကတော့ ဒီအားလုံးကို မျက်နှာချိုသွေးနေရသည်လေ။ သဇင်မြိုင်မိသားစုအပေါ် ဘယ်သူ့ကိုမှ ကလန်ကဆန် မလုပ်ရဲပါ။ သီတာ အကြောက်ဆုံးကတော့ ကိုဇော့်ကိုပါ။

"သီတာ"

"ဟင်...ကိုဇော်"

"နင် သစ်ပင်တက်ရဲလား"

"မတက်ရဲပါဘူး ကိုဇော်ရယ်"

"အောင်မယ်...လုပ်မနေနဲ့၊ နင် တက်ရဲရမယ်၊ ငါ့နောက်လိုက်ခဲ့"

သီတာမှာ သွေးလန့်အောင် ကြောက်ရသူမို့ ကိုဇော့်





နောက်က ငြိမ်ကုပ်ပြီး လိုက်ခဲ့ရသည်။

"တွေ့လား သီတာ၊ အဲဒီသစ်ပင်ပေါ်မှာ စွန်တစ်ကောင်တင်နေတယ်၊ အဲဒါ ငါ့ကိုတက်ယူပေး"

"ဟင်...အမြင့်ကြီး"

"ဘာမြင့်ရမှာလဲဟ၊ ဒီလောက် နိမ့်နိမ့်လေးဟာကို"

"သီတာ...သီတာ မတက်ရဲဘူး ကိုဇော်"

"အောင်မာ...နင်က ငါခိုင်းတာကို မလုပ်ချင်တဲ့သဘောလား၊ ငါ့ကိုအာခံတာလား"

"သီတာ ကြောက်..ကြောက်လို့ပါ ကိုဇော်ရယ်"

"မလိုချင်ဘူး၊ ငါ တက်ဆိုရင် တက်ပဲ"

"ဘယ်လိုတက်ရမှာလဲ"

"တက်ချင်သလိုတက်၊ ငါလိုချင်တဲ့ စွန်ရရင် တော်ပြီ"

သီတာ နောက်ထပ် အတွန့်မတက်ရဲတော့ပါ။ သစ်ပင်နားကို ကပ်သွားပြီး အပေါ်ကို မရဲတရဲ မော့ကြည့်လိုက်သည်။ သိပ်အမြင့်ကြီးမဟုတ်သော်လည်း သီတာ ကြောက်နေမိသည်။

"တက်တော့လေဟာ၊ ဘာရပ်ကြည့်နေတာလဲ"

"ဟုတ်..ဟုတ်ကဲ့ပါ ကိုဇော်"

ဆုံးဖြတ်ချက်ကိုချပြီး သစ်ပင်ပေါ်ကို သီတာ စတက်သည်။ တော်ပါသေးရဲ့..တော်ပါသေးရဲ့။ သစ်ကိုင်းတွေများပြီး



www.burmeseclassic.com

www.burmeseclassic.com



တက်ရတာမခက်လို့။ လက်ကို အခိုင်အမြဲဆုံးထား၍ သစ်ကိုင်းတစ်ခုမှတစ်ခုသို့ သီတာ ရအောင်ကူးသွားသည်။ သည်မှာတင် သီတာ ထင်မှတ်မထားသော အလုပ်တစ်ခုကို လုပ်လိုက်သူက ကိုဖော်ပါ။ ခဲတစ်လုံးကိုကောက်ပြီး သစ်ပင်ပေါ်ကို ခပ်ပြင်းပြင်း လှမ်းပစ်လိုက်သည်။

"ဟင်"

"ဝူ"

"ဝူ..ဝူ"

"ဟယ်...ပျားတွေ၊ ပျားတွေ"

ခဲလုံးထိမှန်၊ ိုက်သဖြင့် သစ်ပင်ပေါ်မှာရှိနေသော ပျားအုံကြီးဆီမှာ ပျားကောင်များ တဝီဝီပြေးထွက်လာပြီး သီတာကို တရစပ် ပြေးတုပ်တော့သည်။

"အမယ်လေး...သေပါပြီ"

ကိုဖော်ကတော့ တဟားဟားအော်ရယ်ရင်း သစ်ပင်အောက်က ပြေးထွက်သွားသည်။ တစ်ကိုယ်လုံး ဖူးရောင်နေအောင် အတုပ်ခံလိုက်ရသူက သီတာ။ သည်အဖြစ်ကိုတော့ သီတာ့ တစ်သက် ဘယ်တော့မှမေ့နိုင်လိမ့်မည် မဟုတ်တော့။

ဆင်းရဲတော့ နိမ့်သည်။ ပညာမတတ်တော့ အထင်သေးခံရသည်။ တစ်ခြံလုံးမှာ သီတာ့အတွက်ကောင်းတာ ဘာတစ်ခုမှ





မရှိ။ ထစ်ခနဲဆို သီတာ အထုအထောင်းခံနေရပြီ။ ထစ်ခနဲဆို သီတာ ငိုနေပြီ။ ဘယ်ကိစ္စဖြစ်ဖြစ် သီတာသာ အပြစ်ပုံချခံရသည်။ သီတာမကောင်းလို့၊ သီတာ အလိုက်ကန်းဆိုးမသိလို့၊ အောက်တန်းစားတွေ တောကပ္ပာတွေ စသည့် အိမ်ကြီးရှင်များ နှုတ်မှ နိစ္စဓူဝ ထွက်ပေါ်လာနေသည့် စကားတွေကို အကြိတ်ရင်း သီတာတို့ သားအမနှစ်ယောက် ကွယ်ရာမှာ ကျိတ်၍မျက်ရည်ကျခဲ့ရသည်။ ဒီလိုနဲ့ သီတာတစ်ယောက် အပျိုကြီးဖားဖား ဖြစ်လာချိန်။ အလှသွေးကြွလို့ ဒေါင်းပျိုမလေးတစ်ကောင်လို အရောင်အသွေးစုံစွာ လှပလာချိန်။

တစ်နေ့....

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၅]

"ဟင့်အင်း…ဟင့်အင်း၊ သီတာ့ကိုလွှတ်ပါ ကိုဇော်ရယ်၊ သီတာ ကြောက်တယ်၊ သီတာ ကြောက်လို့ပါ"

"ချစ်လို့ပါ သီတာရယ်"

"အို"

ရင်မှာ ရှိသမျှ အင်အားတို့ ကုန်ခန်းရပြီ။ အရက်မူးနေသော ကိုဇော်က သီတာ့ကို လွှတ်မပေး။

"လွှတ်…လွှတ်"

"သီတာကလည်းကွာ"

"အို…ဖယ်ပါ"

သီတာ ရုန်းထွက်ကြည့်သည်။ မရ။ သန်မာသော လက်ချောင်းများက သီတာ့တစ်ကိုယ်လုံးကို တင်းကျပ်စွာ ပွေ့ဖက်ချည်နှောင်ထားသည်။ ဖေဖေ့ကို တာဝန်တစ်ခုပေး၍ အပြင်ရောက်

[redacted]



အောင် ပထုတ်လိုက်ပြီး မိမိကို ကားဂိုဒေါင်ထဲရောက်အောင် ကားနှင့်သုတ်ခိုင်းထားသည်။ ကားဂိုဒေါင်က သူများတွေ အလွယ်တကူ မတွေ့နိုင်သော အသံမကြားရသော နေရာလေ။ အခုတော့ ယုတ်မာသော ကိုဇော်၏ ရမ္မက်မီးဝေနေသော ရင်ခွင်ထဲမှာ သီတာ ရောက်ခဲ့ရပြီ။

"သီတာရယ် စိတ်မဆိုးပါနဲ့၊ သီတာကို တကယ် လက်ထပ်မှာပါ"

"ဟင့်…ဟင့်"

ငိုရုံကလွဲလို့ ဘာတစ်ခုမှ သီတာ မတတ်နိုင်တော့ပါဘူး။ ထိုညက လျှပ်မိုးကြိုးတွေ ပြိုးပြိုးပြက်ခဲ့သည်။ မိုးသက်မုန်တိုင်းတွေ ရိုင်းပျစွာ တိုက်ခတ်ခဲ့သည်။ အိမ်ဖော်မလေး သီတာ ဘဝ ပျက်ခဲ့ရတဲ့နေ့။

□ □ □

[redacted]

www.burmeseclassic.com

"ဘာ…ဘာပြောတယ် ကျော်သိန်း၊ သိတ္တာ့မှာ ကိုယ်
ရှိနေပြီ ဟုတ်လား"

"ဟုတ်…ဟုတ်ကဲ့"

"အဲဒါကြောင့် အစကတည်းက ငါပြောတာပေါ့၊ နေ
ထိုင်တာ ဆက်ဆံကော့လတ်ကော့နဲ့လို့ တစ်နေ့ ဒီလိုဖြစ်မယ်ဆို
ငါ ကြိုသိထားပြီးသား၊ ပြောစမ်း ကျော်သိန်း၊ နင့်သမီးနဲ့ ဖြစ်
ကောင်က ဟို ဆိုက်ကားဂိတ်ကကောင်တွေ မဟုတ်လား"

"ဗျာ"

ဒေါ်သဇင့်စကားကြောင့် ရင်တွေ သိမ့်ခနဲတုန်သွားအော
ခံစားလိုက်ရသူက သိတ္တာ့ဖခင် ခြံစောင့်အလုပ်သမား
ဦးကျော်သိန်း။

"ဟို‥ဟို"

"ဟင်း…ဟင်း၊ အခု နင်လာတာ ဘာပြောချင်





လာတာလဲ ကျော်သိန်း၊ အဲဒီကောင်ကိုခေါ်ပြီး တစ်ခါတည်း ပေးစားချင်လို့လား၊ ပြောစမ်းပါဟဲ့"

"မဟုတ်…မဟုတ်ပါဘူး မမကြီး"

"အမယ်လေး…ကျော်သိန်းရယ်၊ ဒီအခြေအနေရောက် နေမှတော့ နင်က ဘာလုပ်ချင်သေးလို့လဲ၊ နင့်သမီး ဆတ်ဆတ် ဆော့ဆော့ လုပ်လို့ရလာတဲ့ ကိုယ်ဝန်ကို နင်က ဖျက်ချချင်သေး လို့လားဟင်၊ ခက်တယ်‥ခက်တယ်၊ ဆိုက်ကားသမားနဲ့မှ ဖြစ်ရ တယ်လို့ကွယ်"

"ဟို…မမကြီး၊ ဟို‥သမီး‥သမီးနဲ့ဖြစ်တာ ဆိုက်ကား သမား မဟုတ်ပါဘူး"

"ဆိုက်ကားသမားမဟုတ်ရင် ဘယ်က အရက်သမား လဲဟဲ့"

"ဟို…မမကြီး‥မမကြီးသား ကိုဇော်နဲ့"

"ဘာ"

ဒေါ်သဇင်တစ်ယောက် ချက်ချင်း အသက်ရှူရပ်သွား မတတ် ခံစားလိုက်ရသည်။ မျက်နှာတစ်ခုလုံးနီရဲ၍ အသားတွေ ပါ တဆတ်ဆတ် တုန်ခဲ့ရပြီ။

"ငါ့သားနဲ့…ငါ့သားနဲ့ ဟုတ်လား ကျော်သိန်း၊ အို… မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မလိမ်ပါဘူး မမကြီး၊ ကျွန်တော့်သမီးလေး ကို ကျွန်တော် သေသေချာချာမေးပြီးပါပြီ မမကြီးရယ်"

"တော်စမ်း၊ တိတ်စမ်း၊ ဒီစကားကို ဒီမှာပဲ ရပ်"

"ကျွန်တော်...ကျွန်တော်"

ဦးကျော်သိန်းတစ်ယောက် စကားကို ရှေ့ဆက်ပြောနိုင်သော အင်အား မရှိတော့ပါ။ သမီးလေးက ရှုံးခဲ့ရပြီပဲ။ သမီးလေး အရှက်မဲ့ခဲ့ရပြီပဲ။

"ဒီမှာ ကျော်သိန်း၊ နင့်သမီး ရုပ်ပျက်ရုပ်ပျက်ကို ငါ့သားက စိတ်ကူးထဲတောင် ထည့်မှာမဟုတ်ဘူး၊ နင်တို့ သွေးကြီးသွေးတန်းနဲ့ ငါ့သားကို အပိုင်ကြံချင်နေလို့လား ဟင်၊ ပြောစမ်းပါဟဲ့"

ဦးကျော်သိန်းတစ်ယောက် ယောက်ျားကြီးတန်မဲ့ မျက်ရည်ဝဲခဲ့ရပါပြီ။

"မမကြီးရယ်..ကျွန်တော့်..ကျွန်တော့်သမီးလေး မတော်တဲ့နဲ့ ပြောရဲမှာမဟုတ်ပါဘူးဗျာ၊ မမကြီးသာမကယ်ရင် ကျွန်တော့်သမီးလေး..ကျွန်တော့်သမီးလေး"

"ငါ့နယ်နော်...ခက်လိုက်တာ"

ဒေါ်သဇင်ထံမှ စိတ်ပျက်ညည်းညူသံ ထွက်လာသည်

"နေဦး၊ ငါ့သားကို ငါခေါ်မေးမယ်၊ မဟုတ်ရင်...



သား"

ကိုဇော် ခေါင်းမခါလေတော့မှ ဒေါ်သဇင်တစ်ယောက် သွေးပျက်ရတော့သည်။

"ဟင်"

နေရာမှာပင် ခွေခနဲ ပုံလျက်သား လဲကျသွားရသူက ဒေါ်သဇင်ပါ။ ဒေါ်သဇင် ရင်ကွဲခဲ့ရပြီ။

"ညည်းကို အခုကတည်းက ကြိုပြီးပြောထားမယ်နော်၊ ...ထဲကို လူစိမ်းတွေ ဧည့်သည်တွေလာရင် ညည်း အိမ်ထဲက ...ထွက်ပါနဲ့၊ ညည်းနဲ့ ငါ့သားနဲ့ ဖြစ်ခဲ့ကြတဲ့ ကိစ္စကို ဘယ်သူ... အသိမခံနိုင်ဘူး၊ ညည်းဟာညည်း နေတတ်သလိုနေ၊ ညည်း ...ထဲက ကလေးကို ငါ အကုန်အကျခံပြီး မွေးပေးမယ်၊ ကြားလား ...သိတာ"

"ကြား...ကြားပါတယ် မေမေကြီး"

"အေး...ညည်းကို သိတဲ့လူတစ်ယောက်က ညည်း ယောက်ျားဘယ်မှာလဲလို့မေးရင် ထောင်ကျနေတယ်လို့ပြော၊ တခြား ဘာဘာညာညာတွေ လျှောက်ပြောရင်တော့ ငါနဲ့အတွေ့ပဲ၊ ရော့.. ဒါ ညည်းသုံးဖို့"

ငွေတစ်ထပ် သီတာ့လက်ထဲ ရောက်လာသည်။ သည်ငွေတွေကို ပြန်ပေးလိုက်ချင်သော်လည်း အအော်အငေါက်ခံရမှာစိုး၍

www.burmeseclassic.com

www.burmeseclassic.com



ပြန်မပေးရဲခဲ့။ ထင်သည့်အတိုင်း ဈေးထဲက ဈေးသည်တွေက သီတာ့ကို မေးလာသည်။

''ဟဲ့…မသီတာ၊ နင့်ဗိုက်ကြီးက တစ်နေ့ထက်တစ်နေ့ ပူပူလာပြီ၊ နင့်ယောကျ်ားလည်း တစ်ခါမှ မတွေ့ဖူးပါလား''

''အို''

သီတာ ရှက်လိုက်သည့်ဖြစ်ခြင်း။

''ဟို..ဟို..သီတာယောကျ်ားက ထောင်ချနေတယ် အစ်မကြီး''

''ဟယ်''

အားလုံးက သီတာ့ကို ကရုဏာသက်ကြသည်။

''ဖြစ်မှဖြစ်ရလေ မိသီတာရယ်၊ ညည်းအစား ငါရင်မောလိုက်တာ၊ ဟင်း''

''ကျွန်မ..ကျွန်မ ခြေထောက်တွေ ရောင်နေလားမသိဘူးနော် အစ်မကြီး''

''အေး…ရောင်နေတယ်၊ ကိုယ့်ဗိုက်ကိုလည်း ဂရုစိုက်ပါဦး မိသီတာရယ်၊ ဒီလောက် နေ့စေ့လစေ့ကြီးနဲ့တောင်မှ အိမ်မှာ မနားရအောင် သူတို့က ခိုင်းနေကြတာပဲလား၊ တော်တော်လူစိတ်မရှိတဲ့ဟာတွေ''

''ဟိုလေ ခြံထဲမှာ အားလုံး ဘယ်သူမှမအားကြလို့ သီတာ



…ယ်ရတာပါ၊ အား..ကျွတ်..ကျွတ်''

ဗိုက်ထဲက ကလေးအနေအထား မမှန်၍ သီတာ …သတ်ညည်းလိုက်မိသည်။ ဗိုက်ကြီးနဲ့ အလုပ်သိပ်လုပ်ရင် …လေး အောက်ဆိုက်တတ်တယ်တဲ့။ သီတာ့မှာတော့ ကလေး …က်ဆိုက်ရုံမကလို့ ပြုတ်ထွက်ကျတောင် နားချိန်မရှိပါ။

''ခက်ပါတယ် သီတာရယ်၊ ဒေါ်သဇင်ဆိုတဲ့ သူဌေးမ …းကလည်း ကိုယ်ချင်းစာစိတ် နည်းနည်းမှမရှိဘူး၊ ညည်း …ကျ်ားအကြောင်းကိုလည်း တစ်ဈေးလုံး လိုက်ပြောနေတယ် …''

''ဟင်…ဟုတ်လား''

''ညည်းယောကျ်ားက ကလေကချေထဲကတဲ့၊ ခွေမရှိ …မရှိ တစ်ကောင်ကြွက်၊ ဆိုးလိုက်တာလည်း တာတေကို …န်ရောတဲ့''

''အို''

သီတာ မျက်ရည်ကျခဲ့ရပြီ။

''မငိုပါနဲ့ သီတာရယ်၊ ညည်းဘဝကို တို့ ကိုယ်ချင်းစာ …တယ်။ နေ့စေ့ လစေ့ကြီးနဲ့ငိုရင် ညည်း ဗိုက်ထဲကကလေးပါ …ငိုနေလိမ့်မယ်၊ တော်ကြာ ကလေး အသက်ရှူရပ်သွားမှဖြင့် … တိတ်ပါ''

www.burmeseclassic.com

www.burmeseclassic.com



သီတာ အံကြိတ်ဖြေခဲ့ရသည်။ သီတာ အားတင်းခံခဲ့ရသည်။ သူမဘဝကို စာနာညှာတာစိတ်ဖြင့် ကူညီမယ့်သူကို မတွေ့ခဲ့ရပါ။

□ □ □

"ဘာရယ်…ကိုဇော်၊ ကိုဇော့်ကို မေမေကြီးက လက်ထပ်ပေးတော့မယ် ဟုတ်လား"

ကိုယ့်နားကိုပင် ကိုယ်မယုံတော့။ ကိုဇော်သည် ခေါင်းကြီးငုံ့လျက် တိတ်ဆိတ်ငြိမ်သက်နေသည်။

"ဒါ…ဒါဆို သီတာက‥သီတာက"

မျက်ရည်စက်တို့ ဗိုးဗိုးပေါက်ပေါက် ကျလာရသည်။ နှလုံးသားထဲက နာကြည်းမှုတို့ ပေါက်ကွဲခဲ့ရပါပြီ။

"ရှင် လူယုတ်မာ၊ ရှင့်ကိုမုန်းတယ်၊ မုန်းတယ်၊ အဟင့်‥အဟင့်"

"သီတာရယ် ကိုဇော်လည်း ဘာမှမတတ်နိုင်ဘူး၊ ကိုဇော့်ကို ခွင့်လွှတ်ပါနော် သီတာ"

"ဖြန်း"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သီတာ့လက်က ကြောင်ကြည့်နေသော ကိုဇော်ပါးပြင်ပေါ်ကို နောက်တစ်ချက် ထပ်ကျသွားသည်။

"ဖြန်း"

"ရိုက်ပါ သီတာရယ် ရိုက်ပါ၊ သီတာ မကျေနပ်လို့ သတ်မယ်ဆိုရင်တောင် ကိုဇော် ခံရပါတယ်ကွာ"

ရိုက်ပြီးသည်နှင့် မျက်နှာကို လက်ဝါးအပ်ကာ အင့်ခနဲ ရှိုက်ငိုချလိုက်မိတော့သည်။

"တိတ်ပါ သီတာရယ်၊ သီတာ့အတွက်လေ ကိုဇော် အားလုံးကို စီစဉ်ထားပါတယ်၊ ကိုဇော် ပေးတဲ့ငွေကို သီတာ လက်ခံပါနော်"

"ယူလိုက်လေ မိသီတာ"

"ဟင်...မေမေ"

ဒေါ်သဇင်၊ အလွန်ယုတ်မာပြီး အတ္တကြီး တစ်ကိုယ်ကောင်းဆန်တဲ့ ဒေါ်သဇင်။

"ဘာလဲ မိသီတာရဲ့၊ ငါ့သားပေးတဲ့ ငွေနှစ်သိန်းက နည်းလို့လား၊ သား မင်းလည်ပင်းက ကြိုးနဲ့ စိန်လက်စွပ်ကို ဖြုတ်ပေးလိုက်စမ်း"

သားလုပ်သူက မဆိုင်းမတွ ချွတ်ပေးသည်။

"ယူလိုက်နော် သီတာ၊ ဒီလောက်ဆို ကိုဇော်တို့စေတနာ





ကို သီတာ သဘောပေါက်သင့်ပါတယ်ကွာ"

"ထားခဲ့တော့ သား၊ မင်္ဂလာဖိတ်စာတွေဝေဖို့ လုပ်ရဦးမယ်၊ သူ့ကို ချော့နေဖို့ အချိန်မရှိဘူး"

ထွက်သွားသော ခြေသံတို့ကိုပင် သီတာတစ်ယောက် ကြားနိုင်စွမ်း မရှိတော့ပါ။ မိမိ ငိုရှိုက်နေသလို မိမိဝမ်းထဲက ရင်သွေးငယ်လေးပါ ငိုရှိုက်နေပြီလား။ လောကကြီးရယ်...သီတာ့ကို ဒီလောက်ဒဏ်ခတ် အပြစ်ပေးရရင် ကျေနပ်ပါတော့။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၆]

"အိမ်ထဲမှာပဲနေပါ သမီးရယ်၊ ခြံထဲမှာ ဧည့်သည်တွေနဲ့ ပြည့်နေတယ်၊ သမီး ထွက်ကြည့်ရင် သူတို့မင်္ဂလာပွဲကို ပျက်အောင် ဖျက်တယ်ဆိုပြီး ဖေဖေတို့ကို လူတွေကြားထဲမှာ အပြစ်တင် အရှက်ခွဲနေပါဦးမယ်ကွယ်"

"မင်္ဂလာပွဲက အရမ်းစည်လားဟင် ဖေဖေ"

"ပိုက်ဆံချမ်းသာတဲ့လူတွေရဲ့ မင်္ဂလာပွဲပဲ သမီးရယ်၊ စည်တာပေါ့"

"မီးရောင်စုံတွေလည်း တစ်ခြံလုံး ထွန်းထားတယ်နော်"

"ထွန်းထားတာပေါ့ သမီးရယ်"

"အား"

"ဟင်...သမီး ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ"

[redacted]



"နာတယ်...နာတယ်"

ဦးကျော်သိန်းတစ်ယောက် မျက်လုံးပြူးရပြီ။ ခေါ်နိုင်းလိုက်သော လက်သည်ကြီး ခေါ်မြရင် မရောက်ခင် သမီးလေး တစ်ခုခုဖြစ်နေမှဖြင့်။

"ခဏလေး...ခဏလေး အောင့်ထားပါဦး သမီးရယ်၊ သမီးနားမှာ ဖေဖေ တစ်ယောက်လုံးရှိတယ် သိလား၊ သမီး ဘာမှ အားမငယ်နဲ့"

ဆုပ်ကိုင်လိုက်သော ဖေဖေ့လက်တွေ ပူခြစ်နေမှန်း သိတာ သတိထားလိုက်မိသည်။ ထိုအချိန်တွင် မီးလုံးတွေ ရောင်စုံဆေအောင် ထွန်းထားသော သခင်မြိုင်ခြံကျယ်ကြီးရှေ့မှာတော့...

"ကွန်ဂရက်ကျူးလေးရှင်းပဲ ကိုအောင်ဇော်"

"စုံတွဲက အရမ်းလိုက်တာပဲနော်"

"လှလိုက်တာဟယ်"

"သုံးဆောင်ကြပါနော်"

"ထပ်ထည့်ဦးလေ အန်တီ"

"တော်ပါပြီကွယ်၊ မင်းတို့စုံတွဲကိုမြင်လိုက်တာနဲ့ အန်တီတို့ ဗိုက်ပြည့်သွားပြီ သိလား"

"ဟင်း...ဟင်း"

"နေခြည်တို့ကတော့ [illegible] ရုပ်ချော သူဌေးသားနဲ့မှ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဖွးစာဆုံရတယ်နော်၊ ကံကောင်းလိုက်တာကွယ်"

"ကျေးဇူးပဲ အန်တီ"

ချီးကျူးဂုဏ်ပြုသံတွေ

အားကျဝေဖန်သံတွေ..

တစ်ခြံလုံးမှာ ဆူညံနေပါသည်။ ခြံရှေ့မှာ ထိုအသံတွေ ညံနေသလောက် ခြံအနောက်ဘက် အမှောင်ထုအောက်က အစေခံ တန်းလျားလေးထဲမှာတော့

"ညှစ်ထား သီတာ၊ အားကုန်ညှစ်"

"အင်း...အင်း...အီး"

"ဟုတ်ပြီ...ဟုတ်ပြီ"

"အူဝဲ...အူဝဲ"

"ဟယ်...မွေးပြီ မွေးပြီ၊ ယောကျာ်းလေးတော့၊ ဖြူဖြူ ထွားထွားကြီး"

သားလေးတဲ့။

သားတဲ့။

သီတာ့မျက်ဝန်းထဲက မျက်ရည်တွေ ဓာချွေးတွေနှင့် အပြိုင် ရောထွေးကျလာသည်။ သားရယ်...ဟောဒီကမ္ဘာပေါ်မှာ သားဖေဖေ ရှိပါသေးတယ်။ ဒါ..ဒါပေမဲ့ သားဖေဖေကို သား တစ်သက် ဘယ်တော့မှ ရှာရတော့မှာမဟုတ်ပါဘူးကွယ်။





သ..းဖေဖေကလေ...

သားဖေဖေက..

□ □ □



www.burmeseclassic.com

www.burmeseclassic.com

သီတာ့မှာ လတ်လတ်ဆတ်ဆတ် မီးဖွားလာခဲ့သော သွေးနုသားနုဗို့ တစ်ကိုယ်လုံး တုန်ခါမောနေရှာပါသည်။ ညတွင်း ချင်းပင် သည်ခြံကြီးထဲက ထွက်ပြေးခဲ့သည်။

"သမီးမောရင် ခဏထိုင်ပါလား၊ သမီး ဟိုရှေ့မှာ ခုံတန်း လေးတစ်ခုရှိတယ်"

"မောလိုက်တာ ဖေဖေရယ်၊ ဖေဖေပြောတဲ့ ဆရာတော် ကြီးကျောင်းက ခုထိ မရောက်သေးဘူးလားဟင်"

"ရောက်ခါနီးပါပြီ သမီးရယ်"

ခုံတန်းလေးမှာ ခဏထိုင်ပြီး ဆရာတော်ကြီးရှိရာကျောင်း သို့ ရောက်ခဲ့ကြသည်။ သီတာတို့အဖြစ်အပျက်ကို ဆရာတော်ကြီး သိအောင် လျှောက်ပြီးသောအခါ ဆရာတော်ကြီးက ကရုဏာသက် စွာဖြင့် ပင့်သက်ကို 'ဟင်း' ခနဲ ချတော်မူသည်။

"ဟင်း…ပြဿနာတွေက တကယ့်ကို ရှုပ်ထွေးနေ ပါလား ဒကာကြီး ကျော်သိန်းရယ်၊ ဒကာကြီးတို့ပြောတဲ့ စကား





တွေကို နားထောင်ရတာ ကျုပ်ဖြင့် ရင်လေးမိပါတယ်၊ ကဲ… အခုတော့ ဘာမှမပူနဲ့တော့၊ ကျုပ် ဒကာကြီးတို့ သားအဖနှစ်ယောက် ကို စောင့်ရှောက်မယ်၊ အိမ်း…ဒါပေမဲ့ ဒကာမလေးတော့ မိန်းမသားလည်းဖြစ်၊ သွေးနုသားနုနဲ့ဆိုတော့ ကျုပ်ကျောင်းမှာနေ ဖို့တော့ ဖြစ်မယ်မထင်ဘူး၊ ဘုန်းကြီးတပည့် ဒကာမအိမ်တစ်အိမ် မှာ သွားနေရပေလိမ့်မယ်"

"တင်ပါ့ ဘုရား"

"အင်း…လူတွေက အကုသိုလ်ကံထိုက်မယ့် အလုပ် တွေကိုမှ ရွေးလုပ်နေကြပါလားနော်၊ ငရဲဆိုတာကိုမှ နားလည် သဘောပေါက်ကြရဲ့လားတောင် မသိတော့ဘူး၊ သြော်…ဒုက္ခ ဒုက္ခ ဒုက္ခ"

ဒီလိုနဲ့ပဲ ဆရာတော်ကြီး အစီအမံဖြင့် ကျောချစရာနေရာ လေးတစ်နေရာကို သီတာတို့ ရခဲ့ကြသည်။ ဘဝကိုရင်ဆိုင် လောကဓံကို အံကြိတ်ခံရင်း အိမ်ဖော်မလေး သီတာတစ်ယောက် အခုတော့ ပဲပြုတ်သည်ဖြစ်ခဲ့ရပြီ။ သိပ်မကြာလိုက်ပါ။ ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာဆိုသော စကားအတိုင်း ဆိုက်ကားတစ်စီး ဖြင့် သားလေးကိုပွေ့ချီရင်း သီတာရှိရာကို ကလေးနို့လိုက်တိုက် သော ဖေဖေ။ ဖေဖေစီးလာသော ဆိုက်ကားနှင့် ကုန်တင်ကားကြီး တစ်စီး တိုက်မိကာ သားလေးရော ဖေဖေပါ မရှူမလှ အသက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးခဲ့ရသည်။ ထိုကိစ္စဖြစ်နေစဉ်အတွင်း ဖေဖေ အတိုက်ခံလိုက်ရသော ကုန်တင်ကားပိုင်ရှင် ကိုသန့်စင်နဲ့ သီတာ ဆုံစည်းခဲ့ရသည်။

"မင်းဘဝကို ကိုယ် ကိုယ်ချင်းစာမိပါတယ် မသီတာ။ ကိုယ့်ဒရိုင်ဘာ မဆင်ခြင်မှုကြောင့် မင်းတွယ်တာတဲ့ ဖခင်နဲ့ မင်းသိပ်ချစ်တဲ့ ရင်သွေးလေးတို့ ဆုံးခဲ့ရတာ ပိုင်ရှင်တစ်ယောက်အနေနဲ့ မင်းဘဝကို ကိုယ် ကယ်တင်ဖို့ လိုလိမ့်မယ်လို့ ထင်ပါတယ်။ မသီတာ ကိုယ့်ကိုယုံကြည်တယ်ဆိုလို့ရှိရင် မသီတာကို ကိုယ် လက်ထပ်ပါရစေလား"

"အို"

သီတာ ဘဝပြောင်းခဲ့ပြီ။ သစ္စာရှိ ရည်မွန်ရိုးသားသော ကိုသန့်စင်ရဲ့ ရင်ခွင်ထဲမှာ သီတာ့ဘဝ တင့်တယ်ခဲ့ရပြီ။

အခုတော့

ရိုက်ပုတ်လိုက်သော လောကဓံလှိုင်းတံပိုးများကြောင့် လူသားအားလုံးကို အစဉ်ထာဝရ မျက်လုံးစိမ်းတို့ဖြင့် ကြည့်တတ်လာသည့် ဒေါ်ထားခင် ဖြစ်ခဲ့ရလေပြီ။

ဒေါ်ထားခင် တဲ့။

သဖင်မြိုင်ခြံရဲ့ အရှင်သခင်မကြီး ဒေါ်ထားခင်။

"အခုတော့ သူတို့ဝဋ်တွေ သူတို့ကို ပြန်လည်နေကြပြီလေ သား၊ ဝဋ်ဆိုတာ သံသရာမဆိုင်းဘူး၊ နောင်ဘဝထိအောင်



ခောင့်ဘူး၊ ဒီတော့ မေ့မရဆိုတဲ့ လူယုတ်မာသမီးကို သား ဆက်အသွယ်ဖြတ်ပါ"

"ဗျာ"

မရမှာ အပြစ်ရှိတာမှမဟုတ်တာပဲ မေမေရာဟု ပြော က်ချင်သော်လည်း ထိုစကားတို့က ဝဋ္ဌာ နှုတ်က ထွက်ကျမလာ ာပါ။ ချစ်ရသူ မေ့မရအတွက် ဝဋ္ဌာ ရင်ပူခဲ့ရပြီ။

"သွေးဆိုတာ ဘယ်တော့မှ ဖျောက်ဖျက်ပစ်လို့မရနိုင် ဘူး သားရယ်၊ ဒီသွေးဆိုး သွေးပုပ်မျိုးနဲ့ မရောယှက်ချင်စမ်း ပါနဲ့၊ သား ဘယ်မိန်းကလေးမျိုးကို လိုချင်လဲ၊ မေမေ့မှာရှိသမျှ ည်းစိမ်တွေနဲ့ ပုံအောပြီး သားအတွက် မေမေ ရအောင်တောင်း ပေးမယ်၊ မေ့မရကို သားဘဝထဲက မောင်းထုတ်လိုက်တော့၊ မေ့မရကို သား မေ့လိုက်တော့"

ထက်ဝဋ္ဌာ ကျောက်ရုပ်ဖြစ်နေရသည်။ ခေါင်းမခါမိသော်လည်း ခေါင်းမညိတ်ခဲ့ပါ။ ဝဋ္ဌာ့ရင်ထဲမှာ နင့်နေအောင် ခံစားနေသည်။ မေ့မရကို မိမိ ဘယ်လိုမှ မမုန်းနိုင်ပါ။ မမေ့ရက်ပါ။ မေ့မရကို မြတ်နိုးစွာချစ်ခဲ့ရသော ဝဋ္ဌာ။ အခုတော့ ကလေးရယ်၊ အတိတ်က ကံကြမ္မာရိုင်းတွေကြောင့် မင်းကို ကိုကို မမေ့ပါရစေ နော်။

ကိုကို မင်းကို သိပ်ချစ်ပါတယ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၅]

''နှင် အဲဒီကောင်ကို မေ့ပစ်လိုက်တော့ မေ့မရ၊ မေ့ မှ ဒီတစ်သက် မဟုတ်ဘူး၊ ဆယ်သက် မေ့ပစ်လိုက်၊ သူက ရင် ဘယ်သူ့ကိုယူမလဲ၊ ငါကိုယ်တိုင် လိုက်ရှာပေးမယ်၊ ငါ့မျက် အပူခံပြီး အောင်သွယ်ပေးမယ်ဟာ ရှင်းရော''

သော်ဇင် စိတ်မကောင်းပါ။ သော်ဇင့်ရင်ထဲမှာ ဘယ် မှ ဖြေလို့မရပါ။ ကမ္ဘာကြီးတစ်ခုလုံးမှာ ဒီညီမလေးတစ်ယော ကိုသာ အရိပ်တကြည့်ကြည့် ကြည့်၍ ချစ်ခဲ့ရတာမဟုတ်လား သော်မော်လည်း ဆိုင်မထွက်တာကြာပြီ။ မထွက်ဆို ထွက် စိတ်ကလည်း နည်းနည်းမှကို မရှိ။ ညီအစ်ကိုတွေ စိတ်လေး ကြသည်။ ညီမလေး မေ့မရအတွက် ရှက်စိတ်၊ ဝမ်းနည်းစိ ခံပြင်းစိတ်များကြောင့် ဗျာများနေကြသည်။

ခက်နေတာက မေ့မရ။ မနက်ကပဲ ကျောင်းအသွား ဝဥ္စာနဲ့ တွေ့ပြီးပြီ။ ဝဥ္စာနဲ့ စကားတွေ အားရအောင် ပြောခဲ့ပြီးပြ

[redacted]



''ကိုကို့ကို ဘယ်လိုလုပ်ပြီး မရက မုန်းလို့ရမလဲ ကိုကို သူတို့ လူကြီးချင်းဖြစ်ကြတဲ့ကိစ္စတွေက မရတို့နဲ့ ဘာဆိုင်တာ တ်လို့''

''အင်းနော်''

''မရ ကိုကို့ကို ဘယ်တော့မှမမုန်းဘူး သိလား၊ မေ့လည်း မေ့ရက်ဘူး''

''ကိုကိုလည်း မရလိုပါပဲကွာ''

ကိုကို့လက်လေးတွေ အေးနေသည်။ ကိုကို့မျက်နှာကို ကြည့်နေရတာကိုပဲ မေ့မရ ရင်ထဲမှာ ချမ်းမြေ့နေရပါပြီ ကိုကိုရယ်။

''မရ''

''ဟင်''

''ကိုကို့ကို သိပ်ချစ်လားဟင်''

''ဟာ...ဘယ်လိုမေးလိုက်တာလဲ ကိုကိုရာ၊ ကိုကို့ကို က အရမ်းချစ်တာပေါ့၊ ကိုကို့နဲ့ဝေးရမှာစိုးလို့ ကိုကို့နဲ့မခွဲနိုင်လို့ ၊ တစ်ညလုံးမအိပ်ဘဲ ထိုင်ငိုထားတာ ကြည့်ပါလား၊ မရ က်လုံးတွေ နီရဲနေတာ''

''မရရယ်''

ကိုကို့အသံလေးက တိုးလျှစွာ မေ့မရ နာမည်လေးကို ါရင်း မေ့မရလက်လေးကို ကိုကို တအားဆုပ်ကိုင်ထားသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကျန်လက်တစ်ဖက်က မေ့မရပခုံးကို ခပ်တင်းတင်း ပွေ့ဖက်ထား သည်။

ရင်ခုန်နေရသူက မေ့မရ။

''ချစ်တယ် မရရယ်၊ ကိုကိုလည်းလေ ဟိုတစ်နေ့က ဖြစ်ခဲ့တာတွေနဲ့ပတ်သက်ပြီး ရင်ထဲနင့်နေအောင် ခံစားရတယ်၊ မ အပေါ်မှာ အထင်လွဲမိတာလည်း စိတ်မကောင်းဘူး၊ ကိုကို တောင် ပန်ပါတယ်နော်၊ မရ ကိုကို့ကို ခွင့်လွှတ်ပါနော်····

မရရယ် ကိုကိုကတော့လေ မရကို ပြန်တောင်မလွှတ်ချင် တော့ဘူး သိလား၊ ဘယ်သူမှ ရှာမတွေ့နိုင်တဲ့နေရာကို ကိုကို မရ ထွက်သွားရင်ကောင်းမယ်နော်၊ မရ သတ္တိရှိလားဟင်၊ ကိုကို ခေါ်တဲ့နောက်ကို မရ လိုက်ရဲလား''

''ကိုကိုရယ်''

အခုမှပင် ကိုကို့ရင်ခွင်ထဲမှာ မေ့မရတစ်ယောက် ဝင် လိုက်မိတော့သည်။ ကိုကြီးနဲ့ ကိုလတ်တို့က မေ့မရကို နှာ ဖျောင်းဖျနေပြီ။ မေ့မရ ဘယ်လိုလုပ်ရမလဲ ကိုကိုရယ်။ မေ့ လေ ကိုကိုသာခေါ်ရင် ဘယ်ကိုပဲဖြစ်ဖြစ် လိုက်ရဲပါတယ်ကို ရယ်။ မေ့မရ သတ္တိရှိနေပါပြီ ကိုကို။

○ ○ ○

''ဟဲ့ကောင်မလေး မေ့မရ၊ ထတော့လေ၊ ဒီလောက် တောင် အိပ်ပုပ်ကြီးရလား၊ ဘယ်နှစ်နာရီ ထိုးနေပြီလဲ''

မေ့မရ ခြင်ထောင်နားမှာ ရစ်သီရစ်သီလုပ်ရင်း သော်မော် နှိုးနေသည်။ ခြင်ထောင်ကိုဖွင့်လှန်၍ တစ်ခါမှ မနှိုးခဲ့ဖူးပါ။

''မေ့မရ ထတော့လေ၊ နင် ကျောင်းမသွားဘူးလား၊ ခြောက်နာရီတောင် ခွဲနေပြီဟ''

နှိုးမရသဖြင့် သော်မော်တစ်ယောက် စိတ်ပျက်လက်ပျက် နဲ့ ပြန်ထွက်လာပြီး မျက်နှာသစ် သွားတိုက် လုပ်နေလိုက်သည်။ သည်နေ့တော့ ဆိုင်ပြန်ထွက်မှဖြစ်မည်။ သည်အတိုင်း ကြာကြာ ပိတ်ထားလို့ကတော့ ရှိတာလေးထိုင်စားတာနဲ့ ပြောင်ပေလိမ့်မည်။ ကိုကြီး ဝပ်ရှော့အလုပ်ကလည်း အခုတလော သိပ်အဆင်မပြေ ချင်။ သည်ကြားထဲ အိမ်လိုက်ရှာနေရတာက ကိုကိုကြီးအတွက် အလုပ်တစ်ခု။ ဒေါ်ထားခင်က တစ်ပတ်အတွင်း ခြံထဲကပြောင်းဖို့ ပြောထားခဲ့ပြီမဟုတ်လား။ စိတ်ညစ်တယ်။ ဒီအကြောင်းတွေ

www.burmeseclassic.com



ခေါင်းထဲဝင်လာတိုင်း သော်မော် ဘာလုပ်ရမှန်းပင် မသိတော့။ တွေးလည်း မတွေးချင်။ ဆွေးလည်း မဆွေးချင်တော့ပါ။ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲလို့သာ သော်မော် သဘောထား လိုက်သည်။ ကံစီမံရာပေါ့။

''ဟေ့ကောင် သော်မော်၊ မင်းနှမကို နှိုးဦးလေကွာ၊ တော်ကြာ အတန်းချိန်မမီဘဲ ဖြစ်နေလိမ့်မယ်''

''နှိုးပြီးပြီ ကိုကြီး၊ ကိုကြီးညီမက ညက အိပ်မှအိပ်ရဲ့ လားမသိဘူး၊ အခုထိ နှိုးလို့မရသေးဘူး''

''ကောင်းကွာ''

သော်ဇင့် ရင်ထဲမှာလည်း မကောင်းပါ။ ညီမလေး ခံစား နေရတာကို သော်ဇင် သဘောပေါက်နားလည်ပါသည်။

''အေးလေ..သူ့အိပ်ချင်လည်း အိပ်ပါစေတော့၊ နိုးမနေ နဲ့တော့''

''ကိုကြီး ညီမလေးဖိနပ်ကို ပြန်ချုပ်ပေးမလို့ဆို၊ ပြတ်ခါ နီးနေပြီ''

သော်မော် ပြောမှ သော်ဇင် သတိရသည်။ ဟုတ်သားပဲ။ ညီမလေးစီးနေတဲ့ဖိနပ်က ပြတ်ခါနီးနေပြီပဲ။

''အေးကွာ၊ သူ့ မနိုးခင် ချုပ်ထားလိုက်မှ၊ ပေးစမ်း သူ့ဖိနပ်''



သော်မော် အိမ်ပေါ်တက်ပြီး မေ့မရ ဖိနပ်ကိုရှာသည်။ မတွေ့။

''ဒီကောင်မလေး ဘယ်မှာများသွားထားသလဲ မသိဘူး

ကြမ်းပြင်အောက်မှာရော အိမ်ပေါ်မှာပါ တက်ရှာသည်။ ဘယ်မှာမှမတွေ့။

''ဟေ့ကောင် သော်မော်၊ ယူခဲ့လေကွာ''

''မတွေ့ဘူး ,ကိုကိုကြီး''

''ဟာ...အိမ်ပေါ်ချွတ်ထားတာ ဘယ်ရောက်သွားလို့လဲ ကွ''

''ကျွန်တော်လည်းမသိဘူး ကိုကြီး၊ ညက အိပ်မလို့ လုပ်တုန်းတောင် ဒီဖိနပ်ကို တွေ့လိုက်ပါသေးတယ်''

''ဟေ့ကောင် သော်မော်၊ မင်းညီမကို ခြင်ထောင်သွား ဖွင့်ကြည့်စမ်း''

သော်မော် ခြင်ထောင်ဖွင့်ကြည့်လိုက်သောအခါ

''ဟိုက်''

မျက်လုံးပြူးသွားသည်။ ခြင်ထောင်ထဲမှာ မေ့မရ မရှိ တော့ပါလား။

''မရှိတော့ဘူး ကိုကြီး၊ မေ့မရ မရှိတော့ဘူး''

''ဟေ''

www.burmeseclassic.com

www.burmeseclassic.com



သော်ဇင့်နှုတ်က 'ဟော' တစ်လုံးသာ ထွက်လိုက်နိုင်သည်။

မေ့မရ မရှိတော့ဘူးတဲ့။

"ဟာ…ကိုကြီး ဒီမှာ စာတစ်စောင်"

သော်ဇင် ဆွဲယူ၍ဖတ်လိုက်သည်။ စာက မေ့မရ လက်ရေးနဲ့ ရေးထားတဲ့ စာ။ မေ့မရ အိပ်သော ခေါင်းအုံးလေး ပေါ်မှာ တင်ထားခဲ့ခြင်းဖြစ်သည်။

*မေမေနဲ့ ကိုကိုကြီး ကိုကိုလေးတို့ရှင်*

*မေ့မရချစ်တဲ့ ကိုကို့နောက်ကို မေ့မရ လိုက်သွားပါပြီ။*

*ညီမလေးကိုလိုက်ရှာပါနော်တော့။*

*မေ့မရ*

"ဟာ"

အသံက မကျယ်နိုင်သော ခပ်တိုးတိုးအသံမျိုးနဲ့ပါ။ ညီအစ်ကိုနှစ်ယောက် နှုတ်မှ ပြိုင်တူလို ထွက်လာသည့်အသံ။

"တောက်"

သော်ဇင် တက်ခေါက်လိုက်မိသည်။ မိုက်လိုက်တဲ့ ညီမလေး။ သည်လို သွေးမျိုးထဲကိုမှ နင်က သိပ်သွေးစပ်ချင်နေတာပါလား။

□ □ □

## အခန်း [၂၈]

"ဘာပြောတယ်ကွယ့်၊ မင်းတို့နှမကို မင်းတို့လက်ထဲ အခုချက်ချင်း ပြန်အပ်ရမယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒါ ခင်ဗျားယုတ်မာပြီး သက်သက်မဲ့ ကျုပ်တို့ကို အရှက်ခွဲဖို့လုပ်တာ"

သော်ဇင် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ပါ။ နှုတ်က ပြောချင်တာတွေ အကုန်တန်းထွက်ကုန်သည်။

"ဟော့…ဟော့..မင်း စကားပြောတာ ယဉ်ယဉ်ကျေးကျေး ပြောစမ်း၊ ငါ့ကိုများ ပမာမခန့်နဲ့၊ ငါတို့စိတ်ဓာတ်က မင်းတို့ ထင်သလို ဒီလောက်တောင် အောက်တန်းမကျသေးပါဘူး"

"မလိုချင်ဘူးဗျာ၊ ခင်ဗျား အပိုတွေဘာမှပြောမနေနဲ့၊ ကျုပ်ညီမကို ခင်ဗျားကိုယ်တိုင် အခုလိုက်ရှာပေး၊ ခင်ဗျားသားနဲ့လည်း ကျုပ်ညီမကို မပေးစားနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေးတော်"

မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကိုယ့်ရင်ဘတ်ကိုယ် ဒေါ်ထားခင် ပြန်ရိုက်ရင်း

"မင်းကလား ငါ့သားနဲ့ မပေးစားနိုင်ဘူးပြောတာ၊ ဒီမှာ ငါ့သားက ငါကိုယ်ကိုင် ရွှေပေါ်မြတင်ထားပြီး ဝူဏ်နဲ့ ဒြပ်နဲ့ ထားလာခဲ့တဲ့ သားပါ၊ မင်းနှမထက်သာတာတွေ ငါ့သားနားမှာ ခါချလို့တောင်မကုန်ဘူး၊ ရာရာစစ သူတို့ကများ ပြောရတယ် ရှိသေး"

"ဒီမှာ ဒေါ်ထားခင်၊ ကျုပ်တို့ကလည်း ကျုပ်တို့ညီမကို ရွှေလိုဥပြီး စိန်လိုစီ ချစ်ထားတာပါဗျ။ ကျုပ်ညီမရုပ်ရည်နဲ့ ဘွဲ့တစ်ဘွဲ့ မဟုတ်ဘူး၊ ဆယ်ဘွဲ့လောက်ယူထားတဲ့လူတောင် ခုချက်ချင်း ကောက်ယူပြလို့ရတယ် ဟင်း"

"ငါ့နှယ်နော် ဘယ်လိုအရိုင်းအစိုင်းတွေနဲ့မှ လာဆုံနေရတယ်မသိဘူး၊ ဒီမှာသော်ဇင် ဒီမှာ"

"ပြော"

"မင်းတို့မကျေနပ်ရင် တိုင်ချင်ရာတိုင် ဒါပဲ၊ ငါ့သားက လူပျို၊ မင်းနှမကလည်း အပျို"

သော်ဇင်မှာ ပြောမယ့်သာ ပြောနေရသော်လည်း ရှက်လည်းရှက် ဝမ်းလည်းနည်းနေမိသည်။ မေ့မရ မကောင်းလို့။ မေ့မရ

[redacted]



မိုက်လို့ မိမိတို့အပြောခံနေရတာ။ သော်ဇင့်ရင်တွေ တဒိန်းဒိန်းခုန်နေသည်။ ဒူးတွေ လက်တွေ တဆတ်ဆတ်တုန်နေသည်။

"အိုဗျာ - ဒါတွေအားလုံး ခင်ဗျားမှာတာဝန်ရှိတယ်၊ ခင်ဗျားကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကုန်တာ၊ အားလုံး ခင်ဗျား တရားခံ၊ ခင်ဗျားရှင်းပေး၊ ကျုပ်ညီမကိုတော့ ခင်ဗျားသားနဲ့ ဘယ်လိုမှ လွှတ်မထားနိုင်ဘူး"

"ငါကလည်း ငါ့သားကို မင်းညီမနဲ့ သဘောတူကြည်ဖြူနေလိမ့်မယ်လို့များ မင်းက ထင်နေလို့လား၊ ဝေးသေးတယ်၊ ဆယ်သက် စိတ်မကူးဘူး၊ ခွဲမယ်၊ ခွဲကို ခွဲပစ်ရမယ်၊ မင်းတို့ဟာ မင်းတို့ ဗိုက်တစ်လုံးနဲ့ပဲကျန်ကျန်"

"ခင်ဗျားကြီး မမိုက်ရိုင်းနဲ့နော်"

"ရိုင်းတယ်ဟေ့ ရိုင်းတယ်၊ ရိုင်းတော့ မင်းက ဘာလုပ်ချင်လဲ ပြောလေ"

သော်ဇင် မျက်ရည်တွေ ပေါက်ပေါက်ကျလာသည်။ စကားကို ဆက်၍မပြောနိုင်တော့ပါ။ ရင်နင့်အောင် ခံစားနေရပြီ။ သော်ဇင် အံကိုတင်းတင်းကြိတ်၍ မျက်လုံးအစုံကို တအားဖိကပ်ပိတ်ထားသည်။ သူ ဘာမှမကြားချင်တော့ပါ။ သူ ဘာကိုမှ မမြင်ချင်တော့ပါ။ မိမိအချစ်ဆုံး ညီမလေးကြောင့် မိမိတို့အတွက် ပိုလို့ မျက်နှာငယ်ခဲ့ရပြီမဟုတ်လား။ မိုက်လိုက်တဲ့ ညီမလေး။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သော်ဇင် အနားက ချာခနဲ လှည့်ထွက်လာခဲ့သည်။ ခါးကြီးထောက်လျက် နေရာမှာတင် မလှုပ်မယှက် ကျန်နေခဲ့သူက ဒေါ်ထားခင်။

□ □ □



"မသီတာ…မသီတာ"

"သြော်…ဦးအောင်ဇော်ကိုး"

ဦးအောင်ဇော်မှာ အိပ်ရာထဲမှ တစ်ယောက်တည်း ထလာပြီး ဒေါ်ထားခင်ရှိရာ ဧည့်ခန်းထဲသို့ မျက်လုံးမှိတ် ဖွတ်ဝင်လာခဲ့ခြင်းဖြစ်သည်။ တစ်ယောက်တည်း လာခဲ့ရသည်မို့ ဦးအောင်ဇော် တစ်ယောက် အတော်ပင် မောနေရှာသည်။

"ကျုပ်…ကျုပ်ကိုထိုင်ခွင့်ပြုပါ မသီတာ"

"ထိုင်ပါ ဦးအောင်ဇော်၊ ထိုင်ပါ၊ ကျွန်မတို့က အဆင့်အတန်း ခွဲခြားပြီး မဆက်ဆံတတ်ပါဘူးရှင် အဟင်း‥ဟ"

ဦးအောင်ဇော်တစ်ယောက် ကြားလိုက်ရသော စကားသံကြောင့် ရင်ထဲမှာ ကတုန်ကရီ ဖြစ်သွားရှာသည်။ မျက်နှာပါ အိုနွမ်းသွား၏။ မိမိလာခဲ့ရသောကိစ္စကို မည်သို့ပြောရမှန်းပင် ဦးအောင်ဇော် မစဉ်းစားတတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



''မသီတာရယ် ဒီအချိန်ဟာ မသီတာ ကျုပ်ကိုအနိုင်ရတဲ့အချိန်ပါ၊ ကျုပ် မသီတာကို အရှုံးပေးနေပြီပဲဗျာ''

''ဟင်း…ဟင်း၊ ဒီလိုကျတော့လည်း ရှင်ဟာ တော်တော်ကို သနားစရာကောင်းတဲ့ လူတစ်ယောက်ပါလား၊ ရှင့်မှာ အရှက်မရှိဘူးလား ဦးအောင်ဇော်''

''ဗျာ''

''ကျွန်မလို အစေခံ အိမ်ဖော်တစ်ယောက်ကို အောက်ကျနောက်ကျခံပြီး လာစကားပြောနေတာ ရှင့်မှာ အရှက်မရှိဘူးလားလို့ မေးနေတာပါရှင့်၊ ရှင့်ကိုယ်ရှင် သူဌေးမကြီး ဒေါ်သဇင်မြိုင်ရဲ့ တစ်ဦးတည်းသောသားဆိုတာ ရှင် မေ့သွားပြီလား''

''ဒါ…ဒါကတော့ဗျာ''

တစ်ကိုယ်လုံး တုန်ခါနေရသူက ဦးအောင်ဇော်။ ဦးအောင်ဇော် တစ်ယောက် နှလုံးခုန်သံ မြန်လာသလို မျက်လုံးတွေပါ မှုန်မှိုင်းကုန်ပြီထင်ရသည်။ အတိတ်က တင်ရှိခဲ့သော အကြွေး။ ထိုအကြွေးကို မိမိဆပ်ရတော့မည်။ မသီတာဆီမှ ချောက်ချောက်ချားချား ရယ်လိုက်သံက ဦးအောင်ဇော် နှလုံးသားကို ဆုပ်ကိုင်ခြေမွပစ်လိုက်သည်။

''လောကကြီးက တယ်လည်း ရယ်စရာကောင်းတာပဲနော် ဦးအောင်ဇော်၊ ရှင်နဲ့ ကျွန်မ ဒီတစ်သက် ပြန်ဆုံမှာမဟုတ်





ဘူးလို့တောင် ကျွန်မက ထင်ထားတာ၊ ဟင်း…ဟင်း…ခုတော့လည်း ဆုံတွေ့နေရပါလား ဦးအောင်ဇော်ရယ်''

''ကျုပ်….ကျုပ်''

''အို…ဒီလောက်လည်း ကြောက်နေစရာမလိုပါဘူး ဦးအောင်ဇော်ရဲ့၊ ကျွန်မ ရှင့်ကို မောင်းမထုတ်ပါဘူး၊ ထိုင်ပါ စိတ်အေးအေးထားပြီး ထိုင်ပါ''

ထိုင်တော့မလို ထတော့မလိုဖြစ်နေသော ဦးအောင်ဇော်ကိုကြည့်ပြီး ဒေါ်ထားခင်တစ်ယောက် အကျေနပ်ကြီး ကျေနပ်မိနေသည်။ စိတ်ထဲမှာ ကျိတ်၍ပျော်ရွှင်နေမိသည်။

''ကျုပ်ကို မသီတာ ဘယ်တော့မှ ခွင့်မလွှတ်ချင်နေပါ။ သံသရာအဆက်ဆက် ကျုပ်ကို လက်စားချေချင် ချေပါ၊ ကျုပ်သမီးလေး ကျုပ်သမီးလေး မေ့မရကိုတော့''

''ဒီကိစ္စအတွက်တော့ ကျွန်မ အများကြီးဝမ်းနည်းပါတယ် ဦးအောင်ဇော်၊ အဲဒီကိစ္စအတွက် လာတာဆိုရင်တော့ ကျွန်မတိုက်ထဲက ရှင် အခုထွက်သွားပါ''

''ကျုပ်ပြောပါရစေဦး မသီတာရယ်''

''ကျွန်မ ဘာကိုမှ နားမထောင်ချင်တော့ဘူး ဦးအောင်ဇော်''

ဒေါ်ထားခင်အသံက တင်းမာပြတ်သားလွန်းလှချေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်ကိစ္စအတွက် ဆုံးဖြတ်ချက်ကို အခိုင်အမာ ချထားပြီးသည့်ပုံ။

"သမီးလေးမှာ ဘာအပြစ်မှမရှိပါဘူး မသိတာရယ်၊ သူတို့ လူငယ်ချင်းဖြစ်ကြတဲ့ကိစ္စတွေအတွက် သူတို့ကို မသိတာဘက်က ခွင့်လွှတ်ဖို့ ကျုပ် တောင်းပန်…"

"တော်စမ်းပါရှင်"

"ကျွန်မသားနဲ့ ရှင့်သမီးကို ဒီတစ်သက်မပြောနဲ့၊ နောက်ထပ် ဆယ်သက် ကျွန်မ သဘောမတူနိုင်ဘူး ဦးအောင်ဇော်၊ အခု သူတို့ဘယ်မှာရှိတယ်ဆိုတာ ကျွန်မသိတယ်၊ ခွဲမယ်…ခွဲမယ်၊ ခွဲကို ခွဲရမယ်ရှင့်"

"မလုပ်ပါနဲ့ မသီတာရယ်၊ ကျုပ်သမီးဘက်ကလည်း ထည့်ပြီးစဉ်းစား"

"ဩော်…ရှင် တော်တော်အပြောကောင်းလှချည်လား ရှင့်သမီးဘက်က ကျွန်မက စဉ်းစားပေးရဦးမယ် ဟုတ်လားရှင့်"

"ဟို…ဟို"

"ဒီမှာ ဦးအောင်ဇော်၊ ကျွန်မသားကလေ တွေ့ကရာ မိန်းကလေးတွေနဲ့ တွဲချင်တိုင်းတွဲပြီး ရှုပ်ချင်တိုင်း ရှုပ်နေတဲ့ အကောင်ရှင့်၊ သိရဲ့လား၊ သူ့မှာ လူတစ်ဖက်သားကို ညှာတာထောက်ထားတတ်တဲ့ အသည်းနှလုံးမရှိဘူး"

ဦး:မိုး:၀၁၄ပ



"ဘုရား…ဘုရား"

"ကျွန်မပြောတာ ရှင် မယုံမရှိနဲ့၊ အခုလည်း သူ ရှုပ်နေတာတွေ ခြေငြိမ်သွားအောင် ကျွန်မသဘောတူ စိတ်တိုင်းကျ ရွေးချယ်ထားတဲ့ မိန်းကလေးတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်ထားပြီးသား၊ အဲဒီကြားထဲက ရှင့်သမီးကို အပျော်ရှုပ်တာ"

"ဒါဆို သမီးလေး…သမီးလေး"

တကယ်တော့…

သားလုပ်သူသည် မိမိပြောသလို မဟုတ်ပါ။ ဦးအောင်ဇော်၏ နှလုံးသားတစ်ခုလုံးကို လောင်မြိုက်ကွဲကြေသွားအောင် တမင်ပြောလိုက်ခြင်းသာဖြစ်သည်။ ဦးအောင်ဇော်ကတော့ မသိရှာပါ။ သမီးလေး ဆိုးသွမ်း ရှုပ်ပွေသော သူတစ်ဦး ရင်ခွင်ထဲ ရောက်သွားပြီဆိုသော အသိက ရပ်တည်နိုင်ခြင်းကင်းအောင် ခြောက်လှန့်စ ပြုလာခဲ့ပြီ။ ချွေးသီးချွေးပေါက်ထို့ နဖူးပြင်ပေါ်မှ မြတ်လွင့်ကြွေကျလာသည်။ ရင်ထဲမှာ ပူခြစ်တောက်လောင်လာသည်။ သမီးလေးရယ်…သမီးလေး ကံက ဆိုးလှချည်လားကွယ်။

"ဒါဆို…ဒါဆို ကျုပ်သမီးလေး ဒုက္ခရောက်ရတော့မှာပေါ့၊ သမီး"

ဦးအောင်ဇော်ထံမှ ချုံးပွဲချ ရှိုက်ကြီးတငင် ငိုချလိုက်သံက သစင်မြိုင်၏ ညှော်ခန်းထဲမှ ထွက်ပေါ်လာသည်။

ဦး:မိုး:၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားကြီးတစ်ယောက် လုပ်နေပြီး မျက်ရည်ကျ
နေတာကတော့ မကောင်းပါဘူး ဦးအောင်ဇော်၊ ရှင့်မျက်ရည်တွေ
ကို ရှင်သုတ်လိုက်ပါ၊ ရှင် မငိုပါနဲ့"

ဒေါ်ထားခင် အသံက အေးစက်တည်ငြိမ်လွန်းနေသည်။

"ကျုပ်သမီးလေး ဘယ်မှာရှိတယ်ဆိုတာသိရင် ကျုပ်ကို
ပြောပါ၊ ပြောပါ မသီတာ၊ ကျုပ်သမီးလေးနဲ့ ကျုပ် တွေ့ပါရစေ"

"ဦးအောင်ဇော်ရယ် ရှင်တောင် ရှင့်သမီးအတွက်
ဒီလောက်ခံစားနေရရင် ကျွန်မတုန်းက ကျွန်မဖေဖေ ဘယ်လောက်
ခံစားနေရမယ်ဆိုတာ ရှင် စဉ်းစားကြည့်စမ်း"

"ကျုပ်"

ဦးအောင်ဇော် နှုတ်က စကားသံ ထွက်မလာတော့ပဲ
ခေါင်းငိုက်စိုက် ကျခဲ့ရပြီ။

"အခုတော့ တစ်ခါတုန်းက ကျွန်မတို့ခံစားခဲ့ရသည့်
ရှင်တို့ ပြန်ခံစားရတော့မယ်လေ၊ ဖအေမရှိဘဲ ဗိုက်တစ်လုံး
လွယ်ခဲ့ရတဲ့ သီတာ၊ ရောင်စုံမီးလုံးတွေထွန်းပြီး စံအိမ်ကို မီး
မှုန်းလို့ ရှင်တို့မိသားစုတွေ လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပနေ
အချိန်မှာ သဇင်မြိုင်ခြံကြီးရဲ့ နောက်ဖေး အစေခံအလုပ်သမား
တန်းလျားမှာ ဖအေခေါ်ခွင့်မရှိတဲ့ သားတစ်ယောက်ကို မွေးခဲ့ရ
သီတာ၊ အဲဒီ သီတာဘက်ကနေ ရှင် ဝင်ခံစားကြည့်လိုက်စမ်း





ဦးအောင်ဇော်ရဲ့"

ဒေါ်ထားခင် အသံထဲမှာ နာကြည်းသံက သိသိသာသာ
လှိုင်လာပါသည်။ နှုတ်ခမ်းအစုံကို ပြတ်ထွက်လုမတတ်
ဒေါ်ထားခင် ကိုက်ထားသည်။

"ဟောဒီကမ္ဘာကြီးထဲမှာ အရာရာအားလုံးဟာ ပြောင်း
လဲချင် ပြောင်းလွဲသွားမယ်၊ ကျွန်မရင်ထဲမှာ အနှစ်နှစ်အလလ
သနေ့တည်ခဲ့ရတဲ့ အမုန်းတွေ၊ နာကြည်းချက်တွေကတော့ ကမ္ဘာ
ကြီးမှာ ကျွန်မ အသက်ရှင်နေသရွေ့ ရှိနေဦးမယ် ဦးအောင်ဇော်"

ပြောပြီး အံဆွဲတစ်ခုထဲမှ အထုပ်တစ်ထုပ်ကို ဒေါ်ထားခင်
ဆွဲထုတ်ယူလိုက်သည်။ ပြီးတော့ ငိုင်တွေနေသော ဦးအောင်ဇော်
ရှေ့မှာ ပုံချပေးလိုက်၏။

"ရော့ ဦးအောင်ဇော်၊ အဲဒါ ရှင်တို့ ကျွန်မကို နစ်နာ
ကြေးပေးခဲ့တဲ့ ငွေနှစ်သိန်း၊ ဆွဲကြိုးတစ်ကုံးနဲ့ စိန်လက်စွပ်တစ်ကွင်း
လေ၊ ကျွန်မ တစ်သက်လုံး သိမ်းလာခဲ့တာ၊ သေသေချာချာ
ရှင်ကြည့်လိုက်ပါ ဦးအောင်ဇော်၊ ရှင်တို့ငွေတွေ တစ်ပြားတစ်ချပ်မှ
လျော့ခဲ့ပါဘူးရှင်၊ အဲဒါ ရှင့်သမီးအတွက် နစ်နာကြေးအဖြစ်
ကျွန်မ ပြန်ပေးတယ်၊ ယူလေ၊ ယူလိုက်ပါ ဦးအောင်ဇော်ရဲ့"

"ကျုပ်...ကျုပ်"

လက်ချောင်းလေးတွေ တဆတ်ဆတ်တုန်နေပြီး နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



သားတွေ့ တဆတ်ဆတ်တုန်နေရသူက ဦးအောင်ဇော်။

ထိုအချိန်မှာပင် ဒေါ်ထားခင် ချာခနဲ လှည့်ထွက်ခဲ့သည်။ အရာအားလုံးအတွက် သူမ ကျေနပ်ခဲ့ရပြီပဲ။ သူမ မျှော်လင့်စောင့်စားခဲ့သော အချိန်အခါသို့ ရောက်ခဲ့ရပြီပဲ။

□ □ □

## အခန်း [၂၉]

တကယ်တော့ . . .

မေ့မရသည့် ချစ်သောကိုကိုနဲ့ အိမ်လေးတစ်လုံးထဲမှာ အတူတူရှိနေပါသေးသည်။ မေ့မရ အလှ၊ မေ့မရ ဘဝသည် ယခုအချိန်ထိ ပျက်ယွင်းသွားခြင်း မရှိသေးပါ။ လူငယ်တွေ ခြေလှမ်းကို ကြိုတင်သိတဲ့ ဒေါ်ထားခင် ဝဠာနဲ့မရကို အချိန်မီ ဟန့်တားနိုင်အောင် တစ်မြို့လုံးပတ်၍ရှာခဲ့သည်။ ဝဠာနဲ့မရကို ဘယ်ကိုမှ မပြေးနိုင်ခင် သူတို့နှစ်ယောက်ကို ဒေါ်ထားခင် မိခဲ့သည်။ ထက်ဝဠာက မေ့မရလက်ကိုဆွဲပြီး တည်းခိုနေသော ခြံဝင်းအပြင်ဘက်သို့ ထွက်တော့မယ်အလုပ်

"ဟော . . နှစ်ယောက်စလုံး ရပ်နေစမ်း"

"ဟင် . . . မေမေ"

www.burmeseclassic.com

www.burmeseclassic.com



မေ့မရမှာ ကြောက်လွန်းသဖြင့် အသားတွေ တဆတ်ဆတ် တုန်နေသည်။ ဒေါ်ထားခင်ကို မထင်မှတ်ဘဲ တွေ့လိုက်ရသဖြင့် အသက်ရှူရပ်သွားမတတ် ခံစားလိုက်ရ၏။

"ဒါက ဘယ်သွားကြမလို့လဲ"

နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြရုံကလွဲလို့ ဘာမှမဖြေတတ်ကြတော့ပါ။ ဦးစွာ အသိဝင် လာသူက ဝဠ္ဍာ။

"သား မေ့မရကို ခေါ်လာခဲ့ပြီ မေမေ"

"……."

ဒေါ်ထားခင်၏ မျက်မှောင်နှစ်ခုက အထက်သို့ သိသိ သာသာ ကျုံ့တက်သွားသည်။

"သားတို့နှစ်ယောက်ကို မခွဲပါနဲ့ မေမေ၊ မေ့မရမှာ ဘာ အပြစ်မှမရှိပါဘူး"

"တိတ်စမ်း ဝဠ္ဍာ"

ဒေါ်ထားခင် အသံက ကျယ်လောင်စွာ ဟိန်းထွက်လာ သည်။

"မင်း သူနဲ့ ဘယ်တော့မှ လက်မထပ်ရဘူး၊ မယူရဘူး၊ ငါ ပြောနေတယ်၊ မင်းတွဲထားတဲ့ လက်တွေကို ဖြုတ်ပစ်လိုက်





စမ်း၊ ခြံထဲပြန်ဝင်"

"သား"

ဝဠ္ဍာ စကားမဆက်နိုင်ပါ။ မေ့မရကတော့ ရှိုက်ငိုနေ ပြီ။

"လာ…မေ့မရ၊ ညည်း ငါနဲ့လိုက်ခဲ့"

"တက်စမ်း"

မေ့မရလက်မောင်းကို ခပ်ကြမ်းကြမ်းဆွဲပြီး ကားပေါ် တက်ခိုင်းသည်။

"မင်းမလိုက်နဲ့ ဝဠ္ဍာ၊ အေး…ဒါပေမဲ့ ဒီအချိန်ကစပြီး ဒီခြံထဲကလည်း မင်း မထွက်နဲ့တော့၊ မင်းသူငယ်ချင်းအိမ်မှာပဲ မင်းနေခဲ့ပါ"

အမိန့်ဆန်စွာပြော၍ ကားကို မောင်းထွက်သွားသည်။ ခြံဝမှာ ဝဠ္ဍာ ကျန်ခဲ့ရသည်။ ကားပေါ်မှာ မေ့မရနဲ့ ဒေါ်ထားခင် နှစ်ယောက်တည်း။ မေ့မရ ငိုလို့မဆုံးတော့ပါ။ ငိုရလွန်းသဖြင့် မျက်နှာတစ်ခုလုံး နီရဲနေသည်။ တစ်နေရာရောက်တော့ လမ်းသွယ် လေးတစ်ခုထဲသို့ ကားကိုချိုး၍ ဒေါ်ထားခင် မောင်းဝင်ခဲ့သည်။ ဆောက်ပြီးစ တိုက်သစ်လေးတစ်လုံးရှေ့မှာ ကားကိုထိုးရပ်ရင်း

"ဆင်းစမ်း မေ့မရ"



www.burmeseclassic.com

www.burmeseclassic.com



မေ့မရ ဆင်းရသည်။ ခတ်ထားသော တိုက်ခန်းသော့ကို ဒေါ်ထားခင်က ဆွဲဖွင့်သည်။

''ဝင်လေ''

မေ့မရ ဘာကိုမှ နားမလည်နိုင်တော့ပါ။ သူမ အားကိုးထားခဲ့သော ကိုကိုသည် သူမနှင့်ဝေး၍ ကျန်ရစ်ခဲ့ပြီ။

''ထိုင်''

အသစ်ကျပ်ချွတ် ဆိုဖာကြီးတွေပေါ်မှာ မေ့မရကို ထိုင်ခိုင်းသည်။

''ဒီမှာ''

''ရှင်''

အခုမှ ရှင်တစ်လုံးသာ ထူးနိုင်သေးသည်။

''နင့်ဘဝကို နင်သိရဲ့လား မေ့မရ၊ နင့်ကိုယ်နင် သေသေချာချာ ပြန်စဉ်းစားကြည့်စမ်း''

''အို''

သည်စကားတစ်ခွန်းတည်းနဲ့ပင် မေ့မရ ရှိုက်ငိုခဲ့ရပြန်ပြီ။

''နင်ဟာ သူများပိုင်တဲ့ အစေခံတန်းလျားမှာ မှီနိုပြီး ကပ်နေရတဲ့ မိန်းကလေး''

ဒေါ်ထားခင်၏လက်ညှိုးက မေ့မရ မျက်နှာကို တည့်တည့်ထိုး၍ ပြောနေသည်။



''နင်နဲ့ ငါ့သားနဲ့ တူသလား တန်သလား မေ့မရရယ်၊ နင်နဲ့ တူတဲ့တန်တဲ့ကောင်ကို နင် ရှာမယူနိုင်တော့ဘူးလားဟင်၊ နင့်ကိုယူမယ့်ယောကျ်ား ဒီလောက်တောင် ရှားပါးနေရပြီလား''

ဒေါ်ထားခင် စကားတွေက ရင့်သီးမောက်မာလွန်းလှသည်။ စကားလုံးတိုင်းက မေ့မရ နှလုံးသားတွေကို တစ်စစီ ဖွဲ့ခြွေနေသည်။

''ဒီအခန်းကို ညည်း သေသေချာချာ ကြည့်လိုက်စမ်းပါ မေ့မရ၊ ဒါ ငါ့သား ဝဏ္ဏနဲ့ ငါ့ချွေးမလောင်း နှင်းဝတ်ရည်တို့အတွက် လက်ဖွဲ့ဖို့ ကြိုတင်ပြီး ငါဆောက်ထားတဲ့ တိုက်''

မေ့မရ မော့မကြည့်မိပါ။ ကိုယ်ကလေး သိမ့်သိမ့်တုန်နေအောင် ရှိုက်ငိုရင်း မျက်နှာကို လက်ဝါးဖြင့်အုပ်ထားသည်။

''ဒီမှာရှိတဲ့ အသုံးအဆောင်ပစ္စည်းမှန်သမျှကလည်း ငါ့ချွေးမ နှင်းဝတ်ရည်သုံးဖို့၊ အဲဒီထဲမှာ ညည်းနဲ့တန်တဲ့ပစ္စည်း တစ်ခုမှမပါဘူး''

မေ့မရ မျက်နှာကို ဆတ်ခနဲ မော့လိုက်သည်။

''မနှိမ့်ပါနဲ့ ကြီးကြီးရယ်၊ မရကို ကြီးကြီး နှိမ်စရာ ဘာအကြောင်းမှမရှိဘူး''

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဆတ်ခနဲမော့လိုက်စဉ် မျက်လုံးအိမ်မှာ တွဲခိုနေသော မျက်ရည်တစ်ပေါက်က ဖြာခနဲ လွင့်ထွက်သွားသည်။ သည်မျက်ရည်က မေ့မရရဲ့ နောက်ဆုံးမျက်ရည်။

"ဒီမှာ ကြီးကြီး"

မေ့မရ မျက်နှာကို ဒေါ်ထားခင် ကြောင်ကြည့်နေသည်။

"ကြီးကြီးကိုယ် ကြီးကြီး ငါ ချမ်းသာတယ်ဆိုပြီး ဆင်းရဲတဲ့လူတွေကို နှိမ်လို့ အထင်သေးလို့ရမယ် ထင်နေလို့လား။ ကိုကို့ကို ချစ်တာလည်း ကြီးကြီးဆီကရမယ့် အမွေတွေကိုမက်လို့ ချစ်တာ မဟုတ်ဘူး၊ ကြီးကြီးလုပ်ရဲရင် ကိုကို့ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ကြီးကြီးအိမ်ပေါ်က အခုဆင်းခိုင်းလိုက်လေ၊ မေ့မရ လုပ်ကျွေးပြီး ကိုကို့ကိုချစ်မယ်၊ မေ့မရ ရှာထားတဲ့ထမင်းလုပ်ကို မေ့မရလက်နဲ့ ကိုကို့ကိုခွံ့ကျွေးပြီး မြတ်နိုးမယ်၊ ချမ်းသာလို့ ဘွဲ့တွေ ဝုဏ်တွေရှိလို့ အထင်ကြီးပြီး ချစ်မိတဲ့ အသည်းနှလုံးမျိုး မေ့မရမှာ ရှိရင် မေ့မရ ပါးကို ဖြန်းခနဲနေအောင် ရိုက်ပစ်လိုက်မယ်"

"ဖြန်း"

ပြောပြောဆိုဆိုနဲ့ ကိုယ့်ပါးကိုဖြန်းခနဲနေအောင် တအား ရိုက်ချပစ်လိုက်သည်။ မေ့မရ၏ လျှင်မြန်သောလှုပ်ရှားမှုကိုကြည့်ပြီး မျက်လုံးဝိုင်းသွားရသူက ဒေါ်ထားခင်။ အသက်ရှူဖို့ပင် သူမ





မေ့နေမိခဲ့ပြီ။ မာနကြီးလိုက်တဲ့ ကောင်မလေးပါလား။ မှန်တယ်ထင်ရင် နောက်မဆုတ်တမ်း ဆက်လုပ်မည့် မိန်းကလေးပဲ။

"မေ့မရ ကိုကို့ကိုချစ်ခဲ့တာ ဖြူစင်တဲ့အချစ်၊ အရိုးသားဆုံးအချစ်နဲ့ ချစ်ခဲ့တာပါ ကြီးကြီး၊ အဲဒီအချစ်ကို ကြီးကြီး လက်မခံနိုင်ဘူးဆိုရင် မေ့မရကိုမုန်းဖို့ ကိုကို့ကို ပြောပေးပါ၊ ပြောလို့မှ ကိုကိုက မမုန်းရင် မေ့မရကလည်း ဆက်ချစ်နေမှာပဲ၊ ကြီးကြီး ဘယ်တော့မှတားလို့ရမယ်မထင်နဲ့၊ ကြီးကြီးသဘောမတူရင် လောကကြီးထဲမှာ ကြီးကြီး မရှိတော့တဲ့နေ့ကျမှ ကိုကို့ကို မေ့မရ လက်ထပ်ယူမယ်"

"အို"

ချစ်တဲ့သူတစ်ယောက်နှုတ်မှ ပွင့်ထွက်လာတဲ့ သစ္စာစကားသံတွေ၊ ငယ်ရွယ်သူတစ်ယောက်ရင်မှ ဖြစ်ထွန်းလာသည့် နှလုံးသား တိုင်တည်သံတွေ။ ဒေါ်ထားခင် ကြောင်၍ သူမမျက်နှာလေးကို ငေးကြည့်နေမိသည်။ သူမ နှုတ်ခမ်းလေးတွေက တဆတ်ဆတ်တုန်ခါလို့ နေပါသည်။ ပြောစရာစကားတွေ ရင်ထဲမှာ ပြည့်ကျပ်နေသော်လည်း ဘာဆက်ပြောရမှန်း မေ့မရ မတွေးတတ်တော့ပါ။

"ကဲ...မေ့မရကို ဘာပြောစရာရှိသေးလဲ ကြီးကြီး ပြော



www.burmeseclassic.com

www.burmeseclassic.com



စရာမရှိရင် မေ့မရ ပြန်မယ်''

မေ့မရ ထရပ်လိုက်၏။ ဒေါ်ထားခင် မျက်နှာကို အကြာကြီး စိုက်ကြည့်နေလိုက်မိသည်။ နောက် ထိုနေရာလေးကနေ ခြံပြင်ရောက်အောင် မေ့မရ ပြေးထွက်ခဲ့တော့သည်။ မေ့မရ ဘာဆက်လုပ်ရတော့မလဲဟင်။ မေ့မရကို ပြောပါဦး ကိုကိုရယ်။

□ □ □

## အခန်း [၃၀]

''ကဲ . . . အခုတော့ ညည်းပဲ အသည်းကွဲရပြီမဟုတ်လား''

အံကိုတင်းတင်းကြိတ်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့်ကြားက သော်ဇင် မျက်ရည်ကျနေသည်။ အခုတော့ သော်ဇင်တို့မိသားစုလေး အိမ်ထဲကအိမ်ပြင် မထွက်ရဲအောင်ကို အရှက်ရခဲ့ပြီ။

ခြံထဲမှာ မင်္ဂလာဆောင်ခံပွဲတဲ့။

ဒေါ်ထားခင်ရဲ့ တစ်သွေးတစ်သံ တစ်မိန့်နဲ့ ခြံထဲမှာ ခမ်းခမ်းနားနား ကျင်းပတော့မည့် မေ့မရအချစ်ဆုံး ကိုကိုရဲ့ မင်္ဂလာဆောင်ခံပွဲ။

''ငါရှက်တယ် မေ့မရရယ်၊ ငါ အတန်တန်တားနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြားထဲကမှ နှင်က မိုက်ဖြစ်အောင် မိုက်သေးတယ်နော်၊ တောက်''

သော်ဇင် တက်ခေါက်မိသည်။ အားလုံး မျက်ရည်ကျရုံ ကလွဲလို့ ဘာမှမတတ်နိုင်ကြတော့။ မေ့မရ မျက်လုံးလေးတွေက နီရဲမို့အစ်နေပါသည်။

''မေ့မရရေ''

''မေ့မရ''

''ဟဲ့…ဒီတစ်အိမ်လုံး တိတ်ဆိတ်နေပါလား၊ ဟို အကြီး နှစ်ကောင်ရော မရှိကြဘူးလား''

ဒေါ်ထားခင်အသံ အိမ်လေးရှေ့ကနေ လာခေါ်နေခြင်း ဖြစ်သည်။

''တော်တော်ခက်ကြတဲ့ဟာတွေပဲနော်၊ သူများတွေက ညှို့ခံပွဲအတွက် ပြင်ကြဆင်ကြနဲ့ အလုပ်များနေတဲ့အချိန်မှာ သူတို့က ဘယ်သွားပြီး သဝေထိုးနေကြလဲမသိဘူး''

သော်ဇင့်ရင်ထဲမှာ ဘယ်လိုမှ အောင့်အည်းမထားနိုင်တော့ပါ။ ဆတ်ခနဲထပြီး အိမ်ရှေ့ကို ထွက်လိုက်သည်။

''ကျွန်တော်တို့မိသားစုကို ဒီလောက်ဒုက္ခပေးရရင် ကျေနပ်ပါတော့ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ အားလုံးလည်း အရှမ်းခံစားနေရပြီ''

''ဩော်..ဩော်..မင်းတို့က အရှမ်းခံစားနေရပြီ

[redacted]



ဟုတ်လား သော်ဇင်၊ ကျွတ်..ကျွတ်..ဖြစ်မှဖြစ်ရလေကွယ်၊ ဟင်း…ဟင်း''

''ခံစားရတာပေါ့ဗျ''

''ဒါကတော့ အစကတည်းက ငါပြောထားတဲ့စကားကို မှ မင်းတို့က နားမထောင်ကြတာကိုးကွယ်၊ ငါလည်း ဘယ်တတ်နိုင်ပါ့မလဲ''

အောင်နိုင်သူတစ်ယောက်ရဲ့ အပြုံးမျိုးဖြင့် ဒေါ်ထားခင် ပြုံးနေလေသည်။ တကယ်လည်း သူမ အနိုင်ရခဲ့ပြီပဲ။ တစ်ခါ တုန်းက သည်အိမ် သည်ခြံထဲမှာ သီတာဆိုတဲ့ မိန်းကလေး တစ်ယောက် ရှိက်ငိုခဲ့ရစဉ်က သည်ခြံရှေ့ ပန်းဥယျာဉ်ကြီးထဲမှာ ခြိမ့်ခြိမ့်သည်း မင်္ဂလာပွဲကြီးကို ကျင်းပပြုလုပ်ခဲ့ကြသည်မဟုတ် လား။ အခုတော့ သံသရာကလည်ခဲ့ပြီ။

''ကဲပါ…ကဲပါ၊ အပိုတွေ လျှောက်ပြောမနေကြပါနဲ့ တော့၊ အလုပ်လုပ်ဖို့ ကြွခဲ့ကြပါဦး၊ ခြံထဲမှာ ရောင်စုံမီးလုံးတွေ ထွန်းရဦးမယ်၊ အမှိုက်သရိုက်တွေ လှည်းရကျင်းရဦးမယ်၊ အားလုံး ငါ့ချွေးမ စိတ်တိုင်းကျလုပ်ပေးရမယ်ဟဲ့ သိရဲ့လား''

''တောက်''

တက်ကို ကျိတ်ခေါက်မိရသူက သော်ဇင်။ ဒေါ်ထားခင် ကတော့ သူပြောချင်တာတွေပြောပြီး ချာခနဲ လှည့်ထွက်သွားပြီ။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကြုံကဲပါ…သားကြီးရယ် ဘာမှပြာမနေပါနဲ့တော့၊ ဒေါသ တွေ၊ မခံချင်စရာကောင်းတာတွေကိုလည်း တွေးမနေနဲ့တော့ အကောင်းဆုံးက ဒီခြံထဲကနေ ဘယ်ကိုပြောင်းရပြောင်းရ မေမေ တို့ ပြောင်းတာ အကောင်းဆုံးပဲ''

ဦးအောင်ဇော် မျက်နှာပေါ်မှ ကြေကွဲဆွေးမြည့်မှုတွေက ထင်ဟပ်နေသည်။ ဒေါ်ထားခင်ရဲ့ လက်စားချေတုံ့ပြန်မှုတွေက ထိရောက်ခဲ့ပြီ။ ကိုယ်လေး တသိမ့်သိမ့်ခါအောင် ရှိုက်ငိုနေရသူက မေ့မရ။ ကိုကို့ကိုမှ မကျေမနပ်ဖြစ်နေသည်။ ဟိုတစ်နေ့ကတည်းက သူမဆီကို ကိုကို ရောက်မလာတော့ဘူးမဟုတ်လား။ မေ့မရ ခံစားနေရပြီ။ ကိုကိုရယ် ရက်စက်လိုက်တာ။ မေ့မရကိုမေ့ပြီး တခြားတစ်ယောက်နဲ့ လက်ထပ်တော့မှာပေါ့နော်။

''မရ''

''မေ့မရ''

''ဟင်''

နောက်ဖေးပေါက်ကနေ မထင်မှတ်ဘဲ ရောက်လာသူက ကိုကို။

''မရ''

''ကိုကို…ကိုကို မရဆီကို လာသေးတယ်နော်၊ ပြန်ပါ တော့ ကိုကိုရယ်၊ မရကို ကိုကို မချစ်ပါနဲ့တော့''



မေ့မရ ရှိုက်သံလေး ထွက်လာသည်။

''ကိုကို ပြန်ဖို့လာတာမဟုတ်ဘူး မရ၊ မရကို လာခေါ် တာ၊ ကိုကို ဘယ်လိုမှ မရကိုမခွဲနိုင်တော့ဘူး''

''တယ်လို…မရကို လာခေါ်တာ''

မေ့မရ ကိုယ့်နားကိုပင် မယုံ။ မရကိုလာခေါ်တာတဲ့။

''ဒါပေါ့၊ ကိုကိုချစ်တဲ့ မေ့မရကို လာခေါ်တာပေါ့''

''ကိုကိုရယ်…အခြေအနေတွေအားလုံးက မေ့မရတို့ ဘက်မှာ မရှိတော့ပါဘူး ကိုကို၊ ကိုကိုတို့မိသားစုကို မေ့မရတို့ မိသားစုက အရှုံးပေးလိုက်ပါပြီ ကိုကိုရယ်''

''ညီမလေးရေ…ညီမလေး''

''ဟော…မရကို ကိုကြီးခေါ်နေပြီ ကိုကို၊ မရ သွားတော့ မယ်''

မေ့မရလက်ကို ကိုကိုက လှမ်းဆွဲထားလိုက်သည်။ ပြီးတော့ ရင်ခွင်ထဲ ဆွဲသွင်းထား၏။

''မသွားပါနဲ့တော့ မရရယ်၊ ကိုကိုခေါ်တဲ့နောက်ကို မရ လိုက်ခဲ့ပါတော့နော်''

မေ့မရ ဘယ်လိုမှ ရုန်းလို့မရတော့ပါ။ ကိုကိုရယ်… ကိုကို့ကို မေ့မရ ဘယ်လိုပြောရတော့မှာလဲဟင်။ ဒီတစ်ခါ ပြန်ပြီး ခွဲရရင်တော့။

www.burmeseclassic.com

www.burmeseclassic.com



မေ့မရလေ…

မေ့မရတစ်ယောက် ကြောက်လွန်း၍ အသာတွေဖ
တဆတ်ဆတ်တုန်နေပါသည်။ နှုတ်ခမ်းလေးတွေက အားမဲ့ ဖြူရော
နေသည်။ မျက်ဝန်းလေးတွေက မှုန်မှိုင်းရီဝေနေသည်။ မခွဲနိုင်ပါ
ကိုကို့ကို မေ့မရ ဘယ်လိုမှမခွဲနိုင်တော့ပါ။ မေ့မရ ချစ်ခဲ့တ
အချစ်က တစ်သက်မှာတစ်ခါ၊ တစ်ခါမှာ တစ်ယောက် ချစ်ခဲ့
တဲ့ အချစ်မျိုးနဲ့မဟုတ်လား။ သူငယ်ချင်းတစ်ယောက်ရဲ့ အခန်းကျဉ်း
လေးထဲမှာ ကိုကိုနဲ့မေ့မရ နှစ်ယောက်တည်း။

"မရ…သိပ်ကြောက်နေပြီလားဟင်"

ကိုကိုက မေ့မရမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြ
မေးနေသည်။ ကိုကို့မျက်နှာကိုလည်း မေ့မရ မကြည့်ရဲပါ။ ကိုက
အနမ်းတွေကြောင့် မေ့မရ မျက်နှာ[illegible]ခုလုံး ထူအမ်းနေပြ
ပြီးတော့ ကိုကို့ပုံစံက အရမ်းပျော်နေတဲ့ပုံစံလေး။

"ကြောက်တာပေါ့ ကိုကိုရဲ့၊ ကိုကို့ကို သိပ်ချစ်လွန်း
သာ မရ လိုက်ခဲ့ရတာ"

ကိုကို့ရင်ခွင်ထဲမှာ ခေါင်းလေးတိုးဝင်ပြီး မေ့မရ ငိုလို
မိသည်။

"ဟောဗျာ…ဘယ်လိုဖြစ်လို့ ငိုရပြန်တာလဲ ချာတိ
ရဲ့၊ ကြည့်…နှပ်တွေလည်း ထွက်ကုန်ပြီ၊ ဟား…ဟား"



မေ့မရ နှာခေါင်းချွန်ချွန်လေးမှာ ငိုထားရလွန်းသဖြင့်
ရဲတွတ်နေလေသည်။ ဝဠာကတော့ တဟားဟားအော်ရယ်ရင်း
သဘောတွေကျနေသည်။

"မနောက်နဲ့ ကိုကို၊ မရ တကယ်ငိုချင်နေတာသိလား၊
ဒါပဲ၊ ဒီအခန်းထဲကနေ မရ ဘယ်ကိုမှမထွက်တော့ဘူး"

"ကောင်းတာပေါ့ မရ"

ကိုကို့ပြောပုံကြောင့် မေ့မရ အရမ်း ရှက်သွားရသည်မို့

"ဘာကောင်းတာလဲ၊ မရ ရှက်လို့ အပြင်မထွက်တော့
ဘူး ပြောတာ၊ ကိုကိုအပြင်ထွက်နေ၊ မေ့မရဘာသာ မေ့မရ ဒီအခန်း
ထဲမှာ တစ်ယောက်တည်းနေမယ်"

"ထမင်းရော ထွက်မစားတော့ဘူးလား"

"မစားဘူး"

"ဟား…ဟား…ဖြစ်မှဖြစ်ရလေ မရရယ်၊ ကိုကို အပြင်
ထွက်ပြီး ထိုင်နေရမှာလား၊ တော်ကြာ မေမေတို့လိုက်လာလို့
ကိုကို့ကိုတွေ့သွားပြီး ပြန်ခေါ်သွားတော့ ဘယ်လိုလုပ်မလဲ"

"ဟင်"

ကိုကိုပြောမှ မေ့မရရင်ထဲ ထိတ်သွားသည်။ တကယ်
သည်း ကိုကို့ကို ပြန်ခေါ်သွားကြမှာ။ မေ့မရ စိတ်ညစ်ညစ်နဲ့
ာစ်နေကုန် ထိုင်သာငိုပစ်ချင်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ပြောလေ၊ ကိုကို အပြင်ထွက်နေရမှာလားလို့"

"မထွက်နဲ့"

"ဟောဗျာ…စောစောကပဲ ကိုကို အပြင်မှာထွက်နေဆို"

"အခု မထွက်နဲ့တော့၊ စောစောကပြောတာကို မရ ပြန်ရုပ်သိမ်းပစ်လိုက်ပြီ"

"အမျိုးမျိုးပါလား ချာတိတ်ရယ်၊ ကိုကို စိတ်ညစ်လိုက်တာ"

"ကိုကို"

"……"

ဝဠာ ကြားပေမယ့် ပြန်မထူးမိ။ မသိချင်ဟန်ဆောင်ပြီး ဒီအတိုင်း မဲတုန်မလှုပ် ဆက်ထိုင်နေမိသည်။

"ကိုကို"

မေ့မရ တအားစွတ်အော်တော့မှ မေ့မရဘက်ကို မျက်နှာလေး လှည့်လာသည်။

"ပြောလေ မရ၊ ကိုကို နားထောင်နေတာပဲဥစ္စာ၊ ပြော.. ပြော"

"ကိုကိုစိတ်ညစ်ရင် မရ ပြန်တော့မယ်"

"ဟင်…ဘာဖြစ်လို့လဲ မရရဲ့"

"မရက မိန်းကလေးပါ ကိုကို၊ ကိုကို မရကို လက်ထပ်



ယူရမှာ ကြောက်နေရင်လည်း မယူနဲ့တော့၊ ကိုကို့ကို ဘယ်သူက မှ အတင်းအကျပ် မယူခိုင်းဘူး၊ ကိုကို လက်ထပ်မှ မေ့မရ ယောကျ်ားရမှာမဟုတ်ဘူး"

"မာနကလည်း ကြီးလိုက်တာ"

ကိုကို ပြုံးမိသွားသည်။ အဲဒီမာနလေးကိုပဲ ဝဠာ ချစ်လာခဲ့ရတာမဟုတ်လား။ မေ့မရက နှုတ်ခမ်းဖူးဖူးလေးတွေကို တင်းနေအောင် စူထားသည်။ ဝဠာ့မျက်နှာကိုလည်း မကြည့်တော့။

"ကိုကို့ကို သိပ်ချစ်တယ်ဆို"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ မရ၊ သိပ်ကိုဆိုင်တာပေါ့၊ တကယ်ချစ်ရင် တကယ်လက်ထပ်ရဲတဲ့ သတ္တိဆိုတာ ချစ်သူတိုင်းမှာရှိရမယ်၊ အဆင့်အတန်းမတူလို့ လမ်းခွဲရတာတွေ၊ အခြေအနေမပေးတော့လို့ မုန်းလိုက်ပါ၊ မေ့လိုက်ပါဆိုတာတွေဟာ သတ္တိနည်းတဲ့ ချစ်သူတွေ၊ သူရဲဘောကြောင်တဲ့လူတွေရဲ့ လုပ်ရပ်ပဲ"

"ဟာ…ဟ"

မေ့မရ အရှုံးကို သဘောကျသွားသည်။ ဒီလိုကျတော့လည်း ကိုကို ကဗျာဆန်သားပဲ။ ကိုကို့ရယ်..ဒီစကားတွေက မေ့မရ ပြောရမယ့် စကားတွေပါ။

"ဒီမှာ ကိုကို၊ လောကကြီးမှာလေ ချစ်ရဲ့သားနဲ့ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကို လက်မထပ်ရဲတဲ့သူတွေဆိုရင် မရ မုန်းတယ်၊ ဘာလဲ‥ဆင်းရဲမှာ ကြောက်နေကြလား၊ ကြောက်ရင် စောစောကတည်းက မချစ်နဲ့၊ ချစ်ပြီးရင်လည်း လက်ထပ်ယူနိုင်အောင် သတ္တိမွေး၊ အဲဒီလို ချစ်သူမျိုးကိုမှ မေ့မရတို့က လေးစားတာ”

“ဒါဆို မရက ကိုကို့ကို လေးစားတယ်ပေါ့”

ဝဋ္ဌာက ရင်လေးကော့၍ မေးသည်။

“ကိုကိုရယ်…ကိုကို မေ့မရအတွက် အားလုံးကို ရင်ဆိုင်တော့မယ်ဆိုတာ မေ့မရသိပါတယ်၊ ကိုကို့ကိုလည်း မေ့မရ လေးစားပါတယ်၊ ကဲ…ကိုကို စကားပြောရင် ကောင်းကောင်းပြော၊ မရကို အကြာကြီးစိုက်ကြည့်နေရင် မရမနေတတ်ဘူး”

“ဟား…ဟား”

ကိုကို့ရယ်သံပင် မဆုံးလိုက်ပါ။ အိမ်ရှေ့ခန်းဆီက အသံတွေ ကြားလိုက်ရပြီ။

“ဝဋ္ဌာရေ”

“သား”

“ဟင်”

ဒေါ်ထားခင်ရဲ့ အသံပါလား။

“ဟော…မေမေ လိုက်လာပြီ မရ”

“ကိုကို…ကိုကို ထွက်မတွေ့နဲ့လေ”

[redacted]

BURMESE CLASSIC .com



မေ့မရမျက်နှာမှာ သွေးမရှိတော့ပါ။ စိုးရိမ်ထိတ်လန့်စွာဖြင့် ကိုကို့လက်လေးကို လွှတ်ထွက်သွားမှာစိုးသည့်နှယ် အတင်းဆုပ်ကိုင်ထားတော့သည်။

“မကြောက်ပါနဲ့ မရရယ်၊ ထွက်တွေ့ပြီးရင် မေမေ လက်ထပ်ပေးမယ့်သူကို သား မယူနိုင်တော့ဘူးဆိုတာ အပြတ်ပြောလိုက်တော့မယ်”

“ဝဋ္ဌာရေ…မင်းတို့နှစ်ယောက်စလုံး အထဲမှာရှိတာ မေမေ သိတယ်နော်၊ ဘာလဲ မေမေ ဝင်လာခဲ့ရမှာလား”

“အို”

အခန်းတံခါးဝအထိ ဒေါ်ထားခင် ရောက်လာသည်။ မေ့မရ ဘာလုပ်လို့ လုပ်ကိုင်ရမှန်း မသိတော့ပါ။ မျက်နှာလေးကို လက်ဝါးလေးဖြင့်အုပ်ရင်း အင့်ခနဲ ငိုချလိုက်မိတော့သည်။

“ကဲ…မင်းတို့နှစ်ယောက်စလုံး ထွက်ခဲ့ကြပါလို့ မေမေ ပြောနေတယ်နော်”

အခန်းဝမှာ ဒေါ်ထားခင် ရပ်နေဆဲ။

“လာပါ မရရယ်၊ ထွက်တွေ့လိုက်ကြရအောင်ပါ၊ မေမေ မေးရင် ကိုကို့ကိုသိပ်ချစ်လို့၊ မခွဲနိုင်တော့လို့၊ ကိုကို့နောက်ကို လိုက်ခဲ့တာပါလို့ ပြောနော်”

“မရ…မရ မထွက်ရဲဘူး ကိုကို”

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟော့…ထွက်ခဲ့ကြလေ"

မေမရတို့ ဘယ်လိုမှ ပုန်းနေလို့မရတော့ပါ။ မရတို့ မထွက်ရင်လည်း ဒေါ်ထားခင်က အခန်းထဲဝင်လာတော့မှာ သေချာနေပြီ။ မရ ထွက်လိုက်ရသည်။

"ကဲ…လိုက်ခဲ့ကြ"

တစ်ခွန်းတည်းပြောပြီး ရှေ့ကနေ ဆတ်ခနဲ လှည့်ဆင်းသွားကာ ခြံဝမှာရပ်ထားသော ကားပေါ်သို့ ရောက်နှင့်နေပြီဖြစ်သည်။ ကိုကိုကတော့ ဘာမှမဖြစ်သလို ဘယ်လိုမှမခံစားရသလို မေမရလက်လေးကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး လျှောက်လာသည်။ ရင်ခုန်စွာ ကြောက်လန့်နေရသူက မေမရ။

"ဝဠာ"

"ဗျာ…မေမေ"

"ဗိုလ်ချုပ်ဈေးကိုမောင်းစမ်း"

ကားပေါ်တက်တော့ ဗိုလ်ချုပ်ဈေးကို မောင်းခိုင်းသည်။ တစ်လမ်းလုံးလည်း မေမရကို စကားတစ်လုံးမှ ဒေါ်ထားခင် မပြော။ ငြိမ်ငြိမ်သက်သက် ပါလာသည်။ ဗိုလ်ချုပ်ဈေးရောက်တော့ ဗိုလ်ချုပ်ဈေးဘေးက FMI စင်တာရှေ့တွင် ကားပါကင်ထိုးခိုင်းသည်။

"ဆင်းလေ မေမရ"





ကြီးကြီးခင်က မရကို ဆင်းခိုင်းနေပြီ။

"ဟုတ်"

မေမရ တုန်တုန်ရီရီနဲ့ပဲ ကားလေးပေါ်က ဆင်းလိုက်ရသည်။

"လာ"

သည်တစ်ခါ မေမရရဲ့ လက်လေးတစ်ဖက်ကို လှမ်းဆွဲလိုက်သူက ကိုကို မဟုတ်တော့။ မရကိုအမုန်းကြီး မုန်းခဲ့သော ဒေါ်ထားခင်။

"ဟင်း…လူက ချောရဲ့သားနဲ့ ဆံပင်တွေက ဖရိုဖရဲဖြစ်နေတာကိုက မလှတာ"

"ရှင်"

မေမရ ဘာကိုမှ နားမလည်နိုင်တော့ပါ။ ကိုကိုက ပြုံးပြီး မေမရမျက်နှာလေးကို လှမ်းကြည့်နေသည်။

"ညည်းက အချစ်ကိုတန်ဖိုးထားတတ်ပြီး တစ်ယောက်ဆိုတစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲ ချစ်တတ်တဲ့ မိန်းကလေးဆို"

"ဟုတ်…ဟုတ်ကဲ့"

"အဲဒါကိုပဲ ငါက သဘောကျတာ"

"ရှင်"

မေမရ အံ့ဩနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…ညည်းက အံ့သြနေလို့လား၊ မအံ့သြပါနဲ့အေ၊ ငါကလည်း အချစ်ကို တန်ဖိုးထား လေးစားတယ်၊ ငါ့သားနဲ့ အိမ်ထောင်ပြုမယ့်သူကလည်း ငါ့သားကို ချစ်ခင်မြတ်နိုးရမယ်၊ ငွေတွေ ဂုဏ်တွေမက်လို့ ယူတဲ့သူမျိုး မဖြစ်စေရဘူး၊ ဒါကြောင့်မို့ ဝဋ္ဌာနဲ့ ညည်းကို လက်ထပ်ပေးဖို့ ဆုံးဖြတ်ပြီး ခြံထဲမှာ လိုအပ်တာတွေ ပြင်ဆင်နေတာ"

"ရှင်"

မေ့မရတစ်ယောက် တရှင်ရှင်နဲ့သာပြောပြီး ဘာပြန်ပြောရမှန်းမသိတော့။ အသက်ရှူတွေတောင် မှားသွားရသည်။ မေ့မရနဲ့ ကိုကို့ကို လက်ထပ်ပေးဖို့ ခြံထဲမှာ ပြင်ဆင်နေတာတဲ့။

"ညည်း ငါ့ကို ယောက္ခမတစ်ယောက်အဖြစ်နဲ့ တစ်သက်လုံး အသိအမှတ်ပြုနိုင်ရဲ့လား မေ့မရ"

"ဟုတ်…ဟုတ်ကဲ့ ကြီးကြီး၊ မရ…မရ"

"ဟင်း…ဟင်း ငါကတော့ ညည်းတို့မိသားစုအားလုံးကို ခွင့်လွှတ်နားလည်နိုင်ပါတယ်အေ"

မေ့မရ အရမ်းကို ပျော်ရွှင်ကြည်နူးသွားရသည်။ အရာအားလုံးကို သဘောထားကြီးစွာ နားလည်ခွင့်လွှတ်ပေးနိုင်သော ကြီးကြီးခင်ကိုလည်း ကျေးဇူး အထူးပင်တင်မိသည်။ ကြီးကြီး တစ်ချိန်က အမုန်းရန်ငြိုးတွေကို ခွင့်မလွှတ်နိုင်သေးရင် မေ့မရတို့





မင်္ဂလာပွဲက ဘယ်လိုမှဖြစ်မလာနိုင်ပါ။

"ကဲ…ညည်းကို မင်္ဂလာပွဲအတွက် အလှပြင်ပေးထားဖို့ ဒေါ်လာတာ၊ မေ့မရဝတ်မယ့် ဝတ်စုံအတွက်တော့ ငါ အကုန်စီစဉ်ထားပြီးပြီ၊ ညည်းအမေနဲ့ ညည်းအစ်ကိုတွေဝတ်ဖို့ အဝတ်အစားတွေဝယ်၊ ပြီးရင် အပေါ်ထပ်က Beauty Saloon မှာ အလှသွားပြင်ခဲ့"

"ကြီးကြီး…ဒါတွေ ဒါတွေက…"

"ဟုတ်ပါတယ်၊ ငါ့အတ္တတွေနဲ့ အမုန်းတရားတွေကို ခြေဖျက်လိုက်ပါပြီ၊ အတိတ်က ငါ ခံစားခဲ့ရသလိုမျိုး မည်သူ့ တစ်ဦးတစ်ယောက်ကိုမှ ခံစားလှိုစိတ် ငါ့မှာမရှိတော့ပါဘူး၊ မေမေလေ အရာရာကို ခွင့်လွှတ်နားလည်ပြီး သားနဲ့သမီး စိတ်ချမ်းသာဖို့အတွက် လက်ထပ်ပေးစားဖို့ မေမေ ခြံထဲမှာ မင်္ဂလာအခမ်းအနားကို ပြင်ဆင်ခဲ့တာပေါ့"

ဒေါ်ထားခင် စကားဆုံးတာနဲ့ မေ့မရက ဝဋ္ဌာကို လှမ်းကြည့်လိုက်တော့ သူ ဘာမှမသိသလိုပုံစံမျိုးနဲ့ ပခုံးနှစ်ဖက်ကို တွန့်ပြသည်။

"ဘာလဲ…သမီးက မယုံလို့လား"

"ဟို…ဟို…မရ ဘယ်လိုပြောရမလဲ မသိတော့ဘူး၊ မရ အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်"

www.burmeseclassic.com



"မဟုတ်ပါဘူး မရရယ်"

"ပျော်လိုက်တာ ကိုကိုရယ်၊ အဲဒါဆို မရတို့ မဝေးရတော့ဘူးပေါ့၊ မရတို့ မခွဲတော့ဘူးပေါ့နော်"

ပျော်ရွှင်စွာရယ်မောနေတဲ့ ချစ်သူလေးကိုကြည့်ပြီး ဝဋ္ဋာ တွေးနေမိတာကတော့

အချစ်မှာ မျက်စိမရှိသလို၊ ချစ်ကြတဲ့သူတွေမှာပဲ အပြစ်မရှိလို့ပါ။

သင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com